www.burmeseclassic.com

သာမေဂျာ

သန်းခေါင်ယ်ညည်းသံ

BURMESE
CLASSIC
.com

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးတစ်အိမ်လုံး ကြောက်စရာကောင်းလောက်အောင် ငြိမ်သက်တိတ်ဆိတ်ခြင်းမျိုး မရှိလျှင် သူမ ယခုလောက် အနေရ အထိုင်ရခက်မည်မဟုတ်။

ကျယ်ပြန့်သော အိပ်ခန်းကြီးပေါ်၌ တစ်ယောက်တည်း မလှုပ်မယှက်လဲနေသော်လည်း သူမ အိပ်မပျော်နိုင်။ အိမ်၏တိတ်ဆိတ်ငြိမ်သက်မှုက သူမအား ဖိစီးခြုပ်ကိုင်ထားသည့်နှယ်ရှိ၏။

နောက်ဆုံး၌ သူမဘာယ်လိုမှ မနေနိုင်တော့။ အိပ်ရာမှ ကမန်းကတန်းထကာ အနွေးထည်တစ်ထည်ဆွဲဝတ်၍ အိပ်ခန်းထဲမှ ထွက်လိုက်လေတော့သည်။

တစ်အိမ်လုံး အပ်ကျသံမကြားရလောက်အောင် ဆိတ်ငြိမ်နေ

www.burmeseclassic.com

www.burmeseclassic.com

၏။ အိပ်ခန်းကျယ်ကြီးထဲမှာ သူမ တစ်ယောက်တည်း။ ဘာပဲဖြစ်ဖြစ် အားတော့ငယ်မိသည်။ စိတ်လည်းချောက်ချားမိသည်။ စိတ်ကိုတင်းပြီး အိမ်ပြင်သို့ သူမ ထွက်လိုက်သည်။

နေဝင်ဖျိုးဖျအချိန်မို့ အပြင်တွင် အလင်းရောင်အနည်းငယ်လက်ကျန်ရှိသေးသည်။

အလင်းဖျော့ကောင်းကင်အောက်မှ နေဝင်ရီတရော မှုန်ပျပျအချိန်တွင် တောင်တန်းထက်မှ ထီးထီးကြီး တည်ရှိနေသော ရေနံချေးဝဝအိမ်အိုမည်းမည်းကြီးကို ကြည့်ရသည်မှာ တောင်ကုန်းထိပ်တွင် ဘီလူးကြီးတစ်ကောင် ငုတ်တုတ်ကြီးထိုင်နေသလို ထိတ်လန့်ချောက်ချားစရာကောင်းလှလေ၏။

ကြီးမားကျယ်ဝန်းသော ဤခြံဝင်းကြီး၌ အလုပ်လုပ်သော ယောကျ်ားကြီးသုံးယောက်မျှရှိသော်လည်း သူမ၏အိမ်အနီးတွင် လူတစ်ယောက်မျှ မရှိပါ။

အိမ်ထဲတွင် တစ်ယောက်တည်း မနေချင်လို့သာ ထွ[illegible]ဘခဲ့ရတာ ဘယ်ကိုသွားရမည်မှန်း သူမ,မသိပါ။

အပြင်တွင် ရာသီဥတုက သိပ်[illegible]ဝိုးရွားလွန်းနေ၏။ အအေးဓာတ်က လွန်ကဲလှသည်။

သူမလက်ကလေးနှစ်ဖက် တင်းတင်းပိုက်ကာ အိမ်နောက်ဖေးဘက်မှပတ်၍ ခြံဝင်း၏ရှေ့မျက်နှာစာပိုင်း ကွင်းပြင်ကြီးများဆီသို့ လျှောက်လာခဲ့လိုက်သည်။

ထိုနေရာကို ဘာလို့များခြေလှမ်းတွေ ဦးတည်ခဲ့မိမှန်းမသိပါ။ ရောက်ရာပေါက်ရာ ထွက်လာမိခဲ့ခြင်းသာဖြစ်၏။

အေးစက်စူးရှသောလေက သူမမျက်နှာကို ခပ်ကြမ်းကြမ်းပွတ်တိုက်သွား၏။ အသည်းထဲထိအောင် အေးစက်လှိုက်ဖိုသွားသည်။

အိမ်ကိုမမြင်နိုင်လောက်သည့် အကွာသို့ ရောက်သည်အထိ သူမလျှောက်လာခဲ့သည်။

အနီးအနားတွင် အိမ်နီးချင်း တစ်အိမ်တစ်လေများ ရှိနေမလား။ နေရောင်ခြည်သည် ဖျိုးဖျိုးဖျဖျသာ ကျန်တော့သည်။ ခဏနေအမှောင်အတိဖြစ်တော့မည်။

ခြံဝန်းကြီးသည် မဆုံးတမ်းရှည်လျားလှသည်။ ဒီခြံ၏ အနီးအနားမှာ အိမ်နီးချင်း တစ်အိမ်တစ်လေတောင် ဘာလို့မရှိရတာလဲ။

သီးသန့်ကမ္ဘာတစ်ခုကို သူမရောက်နေသလို ခံစားရသည်။ သူမ၏စိတ်ဓာတ်ကျဆင်းမှုက ရင်ဝကို ဓါးမြှောင်ချွန်နှင့် အခွဲခံရသလို။ တော်ပြီ ပြန်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ပြန်မယ်လို့ စိတ်ပိုင်းဖြတ်ကာ ခြေထောက်တွေက သူမစိတ်အတိုင်း မလိုက်နာကြ။ ရှေ့ကိုဆက်တိုးမြဲ ဆက်လှမ်းမြဲ။

ဘာကြောင့်မှန်းမသိ။ သူမစိတ်ထဲမှာ ထူးခြားမှုတစ်ခုကို မြင်တွေ့ရလိမ့်မည်ဟု ခံစားနေရသည်။

ဘာကိုလဲ... ဘယ်မှာလဲ။

မသိ.. မသိပါ။ ဒါပေမယ့် မကြာမီမှာ တွေ့ရတော့မည်ဟု အလိုလိုသိနေသည်။ စိတ်အာရုံသည် တစ်စုံတစ်ရာ၏ ညှို့ငင်ဆွဲခေါ်ရာသို့ လိုက်ပါလာမိမှန်း သိရှိခံစားနေရသည်။

BURMESE CLASSIC .com

အလင်းရောင်သည် လုံးဝမှိန်ဖျော့ပျောက်ကွယ်သွားပြီ ဖြစ်၏။ နောက်ကြောင်း ပြန်လှည့်ဖို့ကို သူမ သတိမရသေး။ ရှေ့မှာ ဘာတွေ့ရမလဲဟူသည့် သိချင်စိတ်ကသာ ကြီးစိုးနေတော့၏။

ရုတ်တရက် ကိုင်းမြက်ပင်ရှည်ရှည်ကြီးများကြားမှ တစ်စွန်းတစ်စ ထိုးထွက်နေသော အရာတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်။

သူမကြက်သီးမွေးညင်း ဖြန်းခနဲထသွား၏။

သူမ ကြောက်လာသည်။

အဲဒါ... ဘာလဲ..။ အခု မြင်နေရတာ ဘာလဲ၊ ရှေ့ကို တစ်လှမ်းချင်းတိုး၍ စူးစိုက်ကြည့်မိသည်။

ကြက်သီးထသဖြင့် မွေးညင်းကလေးများထောင်၍ အဖုကလေးများ ဖြစ်လာသည်ကို လက်ဖြင့်ပွတ်သပ်ပစ်၍လည်း မရ။

မကြောက်ပါဘူးဟု အားတင်း၍လည်း မရဘဲ ဖြစ်လာ၏။

သူမကျောရိုးထဲက စိမ့်၍ကြောက်လာခြင်းဖြစ်သည်။ ကြောက်စိတ်က တစ်ဝက်၊ စူးစမ်းချင်စိတ်က တစ်ဝက်ဖြင့် သူမရှေ့ကို တိုးမြဲ၊ ခြေလှမ်းတွေ တဖြည်းဖြည်း နှေးလာ၏။ တစ်လှမ်းချင်းတရွေ့ရွေ့။

အာခေါင်တွေ ခြောက်ကပ်လာသည်။

မြင်နေရသည့်အရာနှင့် တဖြည်းဖြည်းနီးလာ၏။ ကြောက်စိတ်သည် သည်းသည်းထန်ထန်။

ကြောက်စရာ မဟုတ်ဘူး။ ဘာမှ မဟုတ်ဘူး။ မကြောက်နဲ့ဟု ကိုယ့်ကိုယ်ကို အားပေးရင်း ကိုင်းမြက်ရှည်ကြီးကို ဆတ်ခနဲ ဆွဲယူဖယ်ကြည့်လိုက်စဉ်မှာတော့

"ဟာ"

အုတ်ဂူတစ်လုံးဖြစ်နေ၏။

အိုး...တစ်လုံးထဲမှ မဟုတ်တာ... အများကြီးပဲ... ဘုရားရေ ဒါ သချိုင်းတစ်ခုများလား။

www.burmeseclassic.com

www.burmeseclassic.com

အုတ်ဂူပေါင်း ၁၂ လုံးလောက်ရှိမည်။ ဒါကို မင်း၏မိသားစုမျိုးနွယ်မြှုပ်နှံရာ ကိုယ်ပိုင်သချိုင်းဖြစ်မည်ဟု ယူဆရသည်။

အုတ်ဂူတစ်ခုပေါ်မှ စာတန်းကို ဖတ်ကြည့်မိသည်။

ဦးဘုန်းခေါင်

၈၁ နှစ်

၁၉၅၄ ခုနှစ်တွင် ကွယ်လွန်သည်။

ကိုမင်း၏ အဘိုးအုတ်ဂူ ဖြစ်လိမ့်မည်။

သူမအုတ်ဂူတစ်လုံးချင်းစီကို လျှောက်ကြည့်နေလိုက်သည်။

ဒေါ်မြရင်

၇၅ နှစ်

၁၉၆၀ ခုနှစ်တွင် ကွယ်လွန်သည်

ဦးဘုန်းထင်ကျော်

အသက် ၄၅ နှစ်

၁၉၉၅ တွင် ကွယ်လွန်

ဒါကတော့ ကိုမင်း ဖေဖေ အုတ်ဂူဖြစ်မည်။ သချိုင်းမြေကွက်၏ တောင်ဘက်အခြားအုတ်ဂူများနှင့် အဝေးဆုံးဖြစ်သော နေရာတစ်ခုတွင် အုတ်ဂူတစ်ခု တစ်သီးတစ်ခြား ရှိနေသည်။

ထိုအုတ်ဂူဆီသို့ သူမလျှောက်လာခဲ့သည်။

အခြားအုတ်ဂူများမှာ ဟောင်းနွမ်းဆွေးမြည့်မှေးမှိန်နေသော်လည်း ဤအုတ်ဂူကား မကြာသေးမီကပင် ဆေးရောင်ပြန်သုတ်ထားပုံရ၏။ ဆွတ်ဆွတ်ဖြူနေသော အုတ်ဂူထက်တွင် ရေးထိုးထားသည့် ကမ္ဘည်းစာက

ဒေါ်ခင်မျိုးမြတ်

အသက် ၃၅ နှစ်

၁၉၉၀ တွင် ကွယ်လွန်။

ကိုမင်း၏မိခင်အုတ်ဂူပင် ဖြစ်၏။ ကိုမင်းသည် မိခင်ကို ချစ်လွန်းသူဖြစ်ရာ အုတ်ဂူကို အထူးဂရုစိုက် ပြုပြင်မွမ်းမံပေးလေ့ရှိသလား။

ရုတ်တရက် သူမစိုးရိမ်သွားသည်။

ကိုမင်း၏မိခင်နှင့် ဖခင်တို့အား ဘေးချင်းယှဉ်လျက် မြှုပ်နှံသင်္ကြံဟ်ခြင်း မပြုခဲ့ကြပေ။ ဘာကြောင့်ပါလိမ့်။

အမှောင်ထုသည် တစစ သိပ်သည်းလာ၏။

သူမပြန်မှဖြစ်တော့မည်။ လှည့်ထွက်မည်အပြု အုတ်ဂူဘေးက တစ်စုံတစ်ခုကို အမှတ်မထင် မြင်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

သေချာကြည့်မိတော့ ပုဝါစလေးတစ်ထည်။

သူမကောက်ယူကြည့်လိုက်မိသည်။ ဘုရားရေ ဒါ သူမ မြင်ဖူးနေသည်ပဲ။ ပန်းချီကားထဲက ကိုမင်းမေမေ လက်ထဲမှာ တွေ့ခဲ့ရသည့် ပုဝါစလေးပဲ။ ဒီပုဝါစက ဘယ်လိုဖြစ်လို့ ဒီရောက်နေပါလိမ့်။ ပုဝါစလေး ဒီရောက်နေတာ သိပ်တောင် ကြာသေးပုံမရ။ ပုဝါစလေးမှာ ဖုန်မှုန့်ကင်းစင်နေ၏။ ဖြူစင်သစ်လွင်နေဆဲ ရှိသေးသည်။

ဒါကို ဘယ်သူက ဒီမှာလာထားတာပါလိမ့်။

အို··· ဘုရား ဘုရား။

အတွေးတစ်ခုသည် သူ့ရင်ထဲ ကျောထဲထိ စိမ့်လာစေ၏။

ဟင့်အင်း မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ပါဘူး။

တစ္ဆေဆိုတာ ရှိမှမရှိဘဲနဲ့။

မိမိဘာသာမိမိ အားပေးလိုက်ရသော်လည်း ကြက်သီးများ ထလာကာ မွေးညင်းကလေးများ ထောင်လာ၏။

ခေါင်းနပန်းများပင် ကြီးလာ၏။ ချာခနဲ ကျောခိုင်းလှည့် ထွက်ခဲ့လိုက်သည်။ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်သည်။ ကြောက်စိတ်ကြောင့် လူက တုန်တုန်ရင်ရင်ဖြစ်နေ၏။

လေပြင်းတစ်ချက် ဝေ့ခနဲတိုက်လိုက်၍ သူမကျောထဲထိ စိမ့် သွား၏။ ထိုအခိုက် ချတ်ခနဲ အသံတစ်သံကြားလိုက်ရ၍ သူမ ခြေလှမ်းတုန့်ခနဲ ဖြစ်သွား၏။

နောက်သို့ မဝံ့မရဲ လှည့်ကြည့်မိလိုက်သည်။

"ဟင်"

သချိုင်းထဲ ရိပ်ခနဲ ဖြတ်သန်းသွားသော သဏ္ဍာန်တစ်ခု။

ရုတ်တရက်လန့်ပြီး မအော်မိစေရန် သူမ စိတ်ထိန်းလိုက်ရသည်။ အားကုန်သုံး၍ အိမ်ဘက်ဆီသို့ သုတ်ခြေတင် သူမ ပြေးလာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မန္တလေးမြို့တော်မှ ကြိုဆိုပါ၏ဟူသော ဆိုင်းဘုတ်ကို မြင်လိုက်ရသည်နှင့် မှေစိတ်ထဲ အမျိုးအမည်မသိသော ဝေဒနာတစ်ခု ဖြစ်ထွန်းသွားသည်။

"ကျွန်မလေ အခုအသက်အရွယ်ရောက်တဲ့အထိ ရန်ကုန် ကနေ ဘယ်ကိုမှမသွားဖူးဘူး။ ဒါ ကျွန်မရဲ့ ပထမဆုံး ခရီးအတွေ့အကြုံပဲ သိလား ကိုမင်း"

မေက ရယ်သမ်းသွေးပြီး ပြောမိသည်။

သမီးကြီး ခရမ်းကို သူမက လက်ဆွဲထားသည်။ သမီးငယ် မိုးပြာအား ကိုမင်းက ချီထား၏။ ခရမ်းက လေယာဉ်ပျံဆီသို့ လှည်

ကြည့်ပြီး-

"လေယာဉ်ထပ်စီးချင်သေးတယ် မေမေ"

"ကဲ... ကိုမင်းရေ ရှင့်သမီးတွေတော့ မလွယ်တော့ဘူး၊ ခရီးသွားချင်တဲ့ အကျင့်တစ်ခု ရသွားပြီလေ"

မေက ကိုမင်းအား လှမ်းနောက်လိုက်သည်။ ကိုမင်းက သူမစကားကို မကြား။

"ဦးမှုန်ကို ပြောထားရက်နဲ့ ရဲရင့်ကို လာမကြိုခိုင်းဘူး၊ ဒီကောင် ဂိတ်ဝမှာ လာစောင့်နေရမှာ ဘယ်ရောက်နေပါလိမ့်"

"ရဲရင့်ဆိုတာ ဘယ်သူလဲ"

"ခြံလုပ်သားတစ်ဦးပါ။ သူသိပ်ပြီး ဉာဏ်မကောင်းပေမယ့် မြင်းထိန်းတော်တယ်။ ကားမောင်းလည်း ကျွမ်းကျင်တယ်၊ ကိုယ့်ကား ကို လေဆိပ်မှာ မထားရစ်ခဲ့ချင်ရင် သူ့ကိုပဲ လိုက်ပို့ခိုင်းရတယ်၊ ဟောဟိုမှာ တွေ့ပြီ"

အသက်နှစ်ဆယ်ခန့်ရှိ ကိုယ်လုံးသွယ်သွယ်နှင့် လူငယ် တစ်ဦး သူမတို့ထံ သုတ်သုတ်ပြေးလာနေသည်ကို တွေ့လိုက်ရသည်။

"ကျွန်တော် နောက်ကျသွားတာ ခွင့်လွှတ်ပါ၊ လမ်းမှာ ကားဘီးပေါက်နေလို့"

www.burmeseclassic.com

www.burmeseclassic.com

"ကားဘယ်မှာ ရပ်ထားသလဲ၊ ငါမိန်းမနဲ့ ကလေးတွေကို ခေါ်သွားနှင့်မယ်၊ မင်းက တို့ရဲ့အိတ်တွေကို သွားယူလာခဲ့"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် နောက်ကျသွားတာကို ခွင့်လွှတ်ပါနော်"

ရဲရင့်သည် မျက်နှာအတော် ပျက်နေရှာသည်။

"ကဲ... ရပါတယ်ကွယ် တို့လေယာဉ်က ခုနကမှ ဆိုက်တာပါ။ မင်းသိပ် မနောက်ကျသေးပါဘူး"

မေက ဝင်ပြောလိုက်သည်။ ကိုမင်းက မေကို ဖျတ်ခနဲလှည့်ကြည့်ပြီး

"မေ.. ရှေ့ကသွားနှင့်"

ကိုမင်းက တုံးတိတိပြောပြီး သွားနှင့်ရန် လက်ပြလိုက်သည်။ ကိုမင်း စိတ်တိုနေကြောင်း သူမရိပ်မိသည်။

ရဲရင့်အား တရင်းတနှီး ဆက်ဆံမိလိုက်ခြင်းဟာ သူမရဲ့အမှားလား၊ ကိုမင်းက ရဲရင့်ကို ဆူပူကြိမ်းမောင်းနေတာ တွေ့ရသည်။ သူမခေါင်းကိုသာ အသာရမ်းမိတော့သည်။

ခဏကြာတွင် ကိုမင်း သူမတို့နားရောက်လာပြီး

"မေ... ဟိုကားပေါ်တက်နှင့်နော်"

အကောင်းစား မာစီဒီးကားကြီးကို လက်ညှိုးထိုးပြပြီး သူမတို့အား ကားပေါ်လိုက်တင်ပေးသည်။ သူမနှင့် သမီးငယ်မိုးပြာကို နောက်ခန်းတွင် ထိုင်စေပြီး သမီးကြီး ခရမ်းကို ရှေ့ခန်းမှာထိုင်ရန် ထိုင်ခုံပေါ်တင်ပေးပြီးနောက် ရဲရင့်နှင့်အတူ အဝတ်အစားအိတ်များ ထုတ်ယူရန် ပြန်ပြေးသွားသည်။

မိနစ်အနည်းငယ်အကြာတွင် သူတို့၏ကားသည် ပြင်ဦးလွင်မြို့လေးဆီသို့ ဦးတည်လျက် လမ်းပေါ်တွင် တရိပ်ရိပ်ပြေးလွှားလျက် ရှိနေတော့သည်။

"ကိုယ့်ရဲ့ခြံကို သုံးနာရီလောက်မောင်းရတယ်။ ကိုယ့်ကို မှီပြီး ခဏမှေးနေပါလား မေ"

ကိုမင်းက သူမအားပြောသည်။ ကိုမင်းသည် ယခုမှ စိတ်လက်တို့ပါးသွားဟန်ရှိသည်။ စောစောက ခေါသစိတ်လည်း မရှိတော့ပေ။

သူက သမီးငယ်မိုးပြာကို သူ့ပေါင်ပေါ်ခွဲတင်ထားလိုက်သည်။ မိုးပြာလေးသည် ကျွန်ုပ်နှစ်သိမ့်စွာ သူ့ရင်ခွင်ထဲ မှေးမှိန်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

လေဆိပ်မှစထွက်ကတည်းက သူမသည် တရပ်တကျေးသို့ ရောက်လာသူတစ်ဦးပမာ စိတ်ထဲက ခံစားနေရသည်။ သူမစဉ်းစားဖို့ အချိန်လိုသည်။

ပြောင်းလဲလာသော မြင်ကွင်း၊ ပတ်ဝန်းကျင်အခြေအနေ တို့နှင့် လိုက်လျောညီထွေဖြစ်အောင် ကြည့်မြင်တတ်ဖို့လိုမည်။ နေတတ်ဖို့လိုမည်။

ကိုမင်း၏ပုခုံးပေါ် မှေး၍တင်ထားရင်း ခပ်တိုးတိုးလေးပြော လိုက်၏။

"ကျွန်မ သိပ်ပင်ပန်းနေပြီ ကိုမင်းရယ်"

သူမ လောလောဆယ် စကားမပြောချင်တော့ပါ။

ကိုမင်းကို မှီထားရတာ ဘယ်လောက်အရသာရှိလဲ။ ကြည့်စမ်း နောက်ကို ဘယ်တော့မှ ကပျာကယာ ပြေးလွှားနေစရာ လိုတော့မည်မဟုတ်တော့ပါ။

ဒီယောက်ျားရဲ့ရင်ခွင်မှာ သူမဘဝလေး တစ်သက်လုံး နစ်မြှုပ်ပစ်ရတော့မှာ... သူမကို သိပ်ချစ်တဲ့ ကိုမင်းရင်ခွင်ဟာ အေးချမ်းမှု နယ်နမိတ် လုံခြုံနွေးထွေးပြီး ပျော်ရွှင်မှုအတိပြီးတဲ့ မေတ္တာ အရိပ်ကလေးဖြစ်စေမှာ သိပ်ကိုသေချာပါရဲ့။

သူမ ယုံကြည်ပါတယ်လေ။

ကိုမင်းသည် သူမအား ငုံ့ကြည့်နေကြောင်း သူမသိသည်။

"အိပ်ပျော်နေပြီလား မေ"

ကိုမင်းကမေးသော်လည်း သူမက ပြန်မဖြေ။ သူက သူမ၏ ဆံပင်ကို လက်နှင့်ဖွဖွလေး သပ်ပေးသည်။ လက်ချောင်းများဖြင့် နားထင်ကို နှိပ်ပေးသည်။ မိုးပြာလေးက အသက်ကို မှန်မှန်ရှုရင်း နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

ရှေ့ခန်းတွင် ခရမ်းတစ်ယောက် ရဲရင့်နှင့်စကားပြောသံ မကြားရတော့။ သူမလည်း အိပ်ငိုက်နေလောက်ပြီ ထင်ပါရဲ့။

မေ အသက်ကို မှန်မှန်ရှုနေသည်။ မျက်လုံးများက မှိတ်ထား ဆဲ

အနာဂတ်အတွက် စီမံကိန်းချဖို့ အချိန်တန်ပြီဟု တွေးမိ သည်။ သူမစွန့်ခွာထားရစ်ခဲ့သော ဘဝကို လုံးဝဥပေက္ခာပြုပြီး သူမ အား စောင့်ကြိုနေသော ဘဝအသစ်ကို ရင်ဆိုင်ရတော့မည်။

အင်း... ပြန်စဉ်းစားကြည့်မယ်ဆိုရင်... ကိုမင်းနဲ့မတွေ့ခင် သူမဘဝလေးဟာ ဘယ်လောက်တောင် ပင်ပန်းခါးသီးခဲ့ရလဲ။ ဒါတွေ ဟာ ဖြိုးဝေလျှံဆိုသည့် ယောက်ျားတစ်ယောက်ကြောင့်ဆိုလျှင် မမှား။

www.burmeseclassic.com

www.burmeseclassic.com

ဝေလျှံ ... ဝေလျှံ

သူမကို ကောင်းကင်ကိုမျှော်ကြည့်ခိုင်းပြီး ချောက်ကမ္ဘား ထဲ တွန်းချခဲ့သူတစ်ယောက်ပါပဲလား။

ဝေလျှံသည် ကလေးနှစ်ယောက်၏ ဖခင်အစစ် မပီသလို သူမအတွက်လည်း ခင်ပွန်းသည် အစစ်အမှန် မဖြစ်လာခဲ့။ လင်ယောက်ျားကောင်း မပီသခဲ့ပေ။

ဝေလျှံနှင့်စတွေ့တုန်းက သူက ရုပ်ရှင်တွေ ဗွီဒီယိုကားတွေ ထဲမှာ မထင်မရှားပါရတဲ့ ဇာတ်ရံမင်းသားတစ်ယောက်ပေါ့။ သူမက တော့ ကုမ္ပဏီသေးသေးလေးတစ်ခုမှာ Cashier အဖြစ် တာဝန်ယူရတဲ့ ဝန်ထမ်းမလေး။

သူမတို့နှစ်ယောက် တွေ့ဖြစ်ခဲ့ကြသည်မှာလည်း သိပ်တော့ ဆန်းလှသည်မဟုတ်ပါ။ ကုမ္ပဏီကို ရုံးသွားရုံးပြန်လုပ်ရင်းက ဝေလျှံ က သူမကိုတွေ့ခဲ့တာ။ ချစ်ခွင့်ပန်ခဲ့တာပါ။ သူမကလည်း ရုပ်ချော၊

အပြောကောင်းလှတဲ့ ဝေလျှံကို ချစ်မိသွားခဲ့တယ်လေ။

နောက်တော့ သူမတို့ လက်ထပ်ဖြစ်ခဲ့ကြပါတယ်။ အဲဒီတုန်း က သူမကို အဘွားကဆူလိုက်တာ။

"နင် သိပ်ကို မှားတယ်တဲ့"

ဟုတ်ပါတယ်၊ အဘွားပြောတာ မှန်ခဲ့သားပဲ။ သူမ သိပ်ကို မှားခဲ့တာပါ။ ဝေလျှံဟာ သဘောကောင်းတဲ့သူ တစ်ယောက်ဖြစ်ပေ မယ့် အိမ်ထောင်ရေးတာဝန်ကို ထမ်းချင်တဲ့သူ မဟုတ်မှန်း သူမ နောက်ကျမှ နောင်တတွေနဲ့အတူ သိခဲ့ရသည်။

နှစ်နှစ်အတွင်းမှာ သမီးလေးနှစ်ယောက်မွေးဖို့ သူ ကြိုတင် မတွက်ထားခဲ့ဘူးနဲ့တူပါရဲ့ သမီးငယ်လေး မိုးပြာကိုလည်းမွေးပြီးရော သူအိမ်ပေါ်က ဆင်းသွားတော့တာပါပဲ။

နောက်တော့ သူမတို့ ကွာရှင်းလိုက်ကြတယ်။ အဲဒီတုန်းက သမီးနှစ်ယောက်နဲ့ သူမမှာ ဘယ်လောက်ဗျာများခဲ့ရလဲ။ မနက်ဆို ကလေးနှစ်ယောက်ကို အဘွားလက်ထဲမှာအပ်ပြီးတော့ သူမ ရုံးကို ပြေး။

အဘွားရှိတုန်းကတော့ အဲသလောက် ကသီလင်တ သိပ် မနိုင်ခဲ့။ ဟော ... အဘွားလည်းဆုံးရော ... သူမဘဝဟာ ချောက်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘားထဲ ခုန်ဆင်းလိုက်ရသလိုပါပဲ။

အဘွားက သူမ ငယ်ငယ်လေးထဲက မွေးစားခဲ့တာ။ သူမမှာ အဘွားသည် တစ်ဦးတည်းသော ဆွေးမျိုးသားချင်းဖြစ်သည်။

အားကိုးတွယ်တာရဆုံး လူသားတစ်ဦး သူမဘဝထဲ မမျှော်လင့်ဘဲ ဗြုန်းဆို ထွက်သွားခဲ့တာ သူမဘယ်လောက်များ ပူဆွေးဝမ်းနည်းခဲ့ရလဲ။ အားငယ်ခြောက်ခြားခဲ့ရလဲ။ ခုနေပြန်တွေးရင်တောင်မှ အဲဒီအဖြစ်အပျက်တွေဟာ သူမရင်ကို စူးခနဲ နင့်ခနဲ နာကျင်စေသည်။

"အဘွားရေ.... အဘွားရေ"

ဟု ကလေးတစ်ယောက်လို အော်အော်ပြီး ငိုကြွေးလိုက်ချင်သည်။ သြော်... ခုတော့ သူမဘဝကဖြင့် ချစ်ခင်တွယ်တာစရာ သမီးလေးနှစ်ယောက်အပြင် အားကိုးမြတ်နိုးရမယ့် ခင်ပွန်းတစ်ယောက်ကိုပါ ပိုင်ဆိုင်ခွင့်ရခဲ့ပေပြီ။

ကံကြမ္မာဆိုတာ မမြင်နိုင်ရတဲ့ တန်ခိုးရှင်တစ်ယောက်ပါပဲလား။ အကောင်းတွေတစ်လှည့် အဆိုးတွေတစ်လှည့် လူတွေရဲ့ဘဝကို ပုံဖော်ထုဆစ်နေပါပေါ့လား။

ကိုမင်းနဲ့ တွေ့ခဲ့ရခြင်းဟာ သူမဘဝလေးကို မုန်တိုင်းစဲစေမယ့် လေပြေလေညှင်းလေးနဲ့ ထိတွေ့လိုက်ရသလိုပါပဲ။

ဟုတ်ပါတယ်လေ... ကိုမင်းက သူမဘဝကို ကယ်တင်ခဲ့တဲ့ ကယ်တင်ရှင်ကြီးလို့ ပြောရမှာပါပဲ။

ကိုမင်းက ပြင်ဦးလွင်မြို့မှာနေတဲ့ ခြံလုပ်ငန်းရှင်တစ်ဦးပါ။ ကြည့်စမ်း သူမတို့နှစ်ယောက် ဖူးစာဆုံပုံကလည်း ဘယ်လောက် အံ့သြစရာ ကောင်းလိုက်သလဲ။ ပြင်ဦးလွင်မှနေတဲ့သူနဲ့ ရန်ကုန်မှာနေတဲ့သူ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ်လို့။

ကိုမင်းက သူမအလုပ်လုပ်တဲ့ ဓာတ်မြေ**သြစာ** ကုမ္ပဏီမှာ ပစ္စည်းလာဝယ်တာပါ။ အဲဒီမှာ ဆုံခဲ့ကြတာပေါ့။

ကျွန်မကို မြင်မြင်ချင်း အံ့သြမင်သက်သွားတဲ့ ကိုမင်းရဲ့ ပုံစံလေးကို မှတ်မိပါသေးတယ်။ မျက်လုံးလေးပြူး၊ နှုတ်ခမ်းလေး မဟတဟ ပွင့်ပြီး စိုက်စိုက်ကြီးကြည့်နေတာများ ငယ်ငယ်ကတည်းက ကွဲကွာသွားတဲ့အသိတစ်ယောက်ကို ပြန်တွေ့ရသလိုမျိုးပေါ့။

နောက်မှ မေးကြည့်မိတယ်။ ကျွန်မက သူ့အမေနဲ့ သိပ်တူတာဆိုပဲ။ ကျွန်မကို မြင်မြင်ချင်း သူ့အမေနဲ့ တူလှချည်လားဆိုပြီး အံ့သြသွားတာလို့ သူက ပြန်ပြောပြပါတယ်။

အဲလို အံ့သြမူကနေ စိတ်ဝင်စားလာတာနဲ့ တူပါရဲ့။ ကျွန်မ အကြောင်းကို မေးမြန်းစပ်စုပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီဆိုင်တစ်ဆိုင်မှာပေါ့။ သူက စကားပြောပါရစေဆို တာနဲ့ ကျွန်မလည်း မငြင်းမိတော့ဘဲ လိုက်လာခဲ့တယ်လေ။ ကုမ္ပဏီကိစ္စနဲ့ သူနဲ့ခင်မင်နေပြီဆိုတော့ ငြင်းရမှာ အားနာစရာကောင်း နေပြီလေ။ ဒါနဲ့ပဲ သူနဲ့နှစ်ယောက်တည်း ဆိုင်ထိုင်ဖြစ်ခဲ့ရတယ် ဆိုပါတော့။

"မင်းအကြောင်း ကိုယ်သိချင်တယ်၊ ကိုယ့်ကို ပြောပြစမ်း ပါ မေသဇင်ရယ်"

လို့ သူမေးတော့ ကျွန်မ မရယ်မိအောင် စိတ်ကိုထိန်းလိုက်ရ သည်။ ဘာဖြစ်လို့လဲဆိုတော့ သူပုံစံက တကယ်ကို စိတ်ဝင်တစား သိချင်နေပုံပဲလေ။

"ကျွန်မဟာ... ဒီနေ့ခေတ် ဒီကမ္ဘာကြီးမှာ မိမိတစ်ဦးတည်း အုပ်ချုပ်တဲ့ မိသားစုဆိုတာမျိုးရဲ့ အိမ်ထောင်ဦးစီးပါ။ ကျွန်မမှာ သမီးနှစ်ယောက် ရှိတယ်။ အကြီးမက သုံးနှစ်၊ အငယ်က နှစ်နှစ် ပြည့်ခါစပဲ ရှိသေးတယ်။ ပုဇွန်တောင်က တိုက်ခန်းတစ်ခန်းမှာ ငှားနေ ပါတယ်"

လို့ ကျွန်မ ခပ်ဘွင်းဘွင်းပြောလိုက်တော့ သူ့ခမျာ အံ့ဩ သွားတဲ့မျက်နှာနဲ့ "ခင်ပွန်းကရော" လို့ မေးလာပါတယ်။ ကျွန်မ

ကလည်း ဇာတ်ကြောင်းစုံခင်း ပြတာပေါ့... ခင်ပွန်းသည်ရဲ့ အထောက်အပံ့ကို မရှုဘဲ မိန်းမသားတစ်ယောက်တည်း ကလေးနှစ် ယောက်တာဝန်ကို ထမ်းနေရတဲ့ သူမအဖြစ်ကို သူစုတ်သပ်ပြီး နားထောင်ခဲ့ပါတယ်။ သူ၏မျက်လုံးထဲမှာ မေတ္တာဓာတ် အရိပ် အရောင်များကို အဲဒီကတည်းက သူမတွေ့ခဲ့ရသည်။

အဲဒီနောက်မှာတော့ ကိုမင်းက သူမကို လက်ထပ်ခွင့် တောင်းလာပါတော့တယ်။

"သမီးလေးနှစ်ယောက်အတွက်လည်း စဉ်းစားပါမေရယ်၊ သူတို့နဲ့အတူ ကိုယ်တူတူနေချင်တယ်။ ကိုယ်ဟာ သူတို့အတွက် ဖခင်ကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်။ ကိုယ့်ကို လက်ထပ်ပါ မေသဇင်ရယ်၊ မကြာခင်ပဲ လက်ထပ်ယူပါရစေတော့"

လို့ သူပြောတုန်းက သူမတွေဝေဖူးခဲ့သေးတယ်။

ကိုမင်းဟာ တကယ်ကို စိတ်ရှည်သဘောကောင်းသူ တစ် ယောက်ပါ။ ကလေးတွေအပေါ်မှာလဲ တကယ်ချစ်ရှာ ကြင်နာရှာ တယ်။ အလိုလိုက်တာလဲအရမ်းပဲ။ သူမကတောင် တားယူရတဲ့အထိ။

သူမအပေါ်မှာရော မေတ္တာစစ် မေတ္တာမှန်နဲ့ မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ ချစ်ရှာသားပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

သူမ၏ပါးလေးကို ကိုမင်းက လက်ညှိုးနှင့် အသာလေးပွတ်၍ နှိုးလိုက်သည်။

"ထတော့... မေလေး၊ ကိုယ်တို့အိမ် ရောက်ခါနီးပြီ"

"ဟုတ်လား... ကျွန်မ အိပ်မော်သွားလို့လား"

သူမ မှီထားသော ကိုယ်လုံးကို ပြန်မတ်လိုက်သည်။

"မင်း အိပ်တော့ ကိုယ်ဝမ်းသာပါတယ်။ ကြည့်စမ်း ဟောဒီလမ်းတစ်ဖက်စီမှာရှိတဲ့ ခြံစည်းရိုးကစပြီး ကိုယ့်ရဲ့ခြံပဲ၊ ဟောဒီလမ်းကွေ့က ဝင်လိုက်တာနဲ့ ကိုယ်တို့အိမ်ရဲ့ နောက်ဘက်ခြမ်းကို တွေ့လိမ့်မယ်၊ အိမ်ကို ဟောဟိုမြက်ခင်း ကုန်းမြင့်လေးပေါ်မှာ ဆောက်ထားတာပေါ့"

ဒီလိုယောကျ်ားမျိုးကို သူမငြင်းပစ်ရက်မတဲ့လား။

နောက်ဆို ... မနက်အိပ်ရာထတာနှင့် အလုပ်သွားဖို့ ကမန်းကတန်းပြင်ဆင် လုပ်ကိုင်စရာ မလိုတော့ပါ။ သမီးတွေနဲ့ တစ်နေ့လုံး နေရတော့မည်။ တစ်ညလုံးနေရမည်။ တစ်နေ့ကုန်ဆုံးပြီး ပင်ပန်းနွမ်းနယ်မှုဒဏ် ခံစားရသော အချိန်ကာလများရှိတော့မည်မဟုတ်။

ကြည့်စမ်း သမီးလေးတို့၏ ငယ်စဉ်တောင်ကျေး ဖွေးခါစ ကလေးဘဝ၏ အရသာများကို သူမဘာမှ မသိလိုက်ရပါလား။

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်း၏အိမ်သည် သမာရိုးကျ လယ်မြေတွင်ရှိသော အိမ် တစ်လုံး ဖြစ်မည်ထင်ခဲ့သည်။ ခုတော့ သူမအထင်နှင့်အမြင် လွဲကုန် သည်။

အိမ်မှာ နှစ်ထပ်ပျဉ်ခင်းအိမ်ကြီးပါ။ ရေနံချေးဝနေတဲ့ ရွေးခေတ်က အိမ်ကြီးတစ်အိမ်လိုမျိုးပေါ့။ ကုန်းထိပ်ပေါ်မှာ ထီးထီး ကြီးရှိနေ၏။ ခြံဝန်းက အတော်ကလေးကျယ်ဝန်းလှပါသည်။

"ဘယ်လိုလဲ မင်းသဘောကျသွားပြီလား"

"ဘယ့်နယ်ပြောလိုက်တာလဲ ကိုမင်းရယ်... ရှင့်အိမ်က သိပ်သားနားတာပဲ၊ ကျွန်မထင်တာထက် ငါးဆလောက် ပိုကြီးနေ တယ်။ ရှင်ဘာလို့ ကြိုမပြောထားတာလဲ"

"မင်းကို တမင်တကာ အံ့သြအောင် လုပ်ချင်လို့ပေါ့။ အိမ်ထဲရောက်ရင် ဒီထက်အံ့သြစရာတွေ မင်းမြင်ရဦးမယ်"

သူမ ပြုံးရုံသာ ပြုံးနေလိုက်မိသည်။

ကားသည် ဘယ်ဘက်သို့ကွေ့ပြီး အသင့်ဖွင့်ထားသော ခြံတံခါးမှဝင်သွားသည်။ ခြံဝတွင် 'မိုးမခစံအိမ်' ဟူသော ဆိုင်းဘုတ် ကို တွေ့ရ၏။

ကားသည် ဘယ်ညာကွေ့ပြီး ကျယ်ပြန့်သော ကျောက်လှေ

ကားထစ်များရှေ့တွင် ထိုးရပ်လိုက်သည်။

ရဲရင့်သည် မှေအတွက် ကပျာကယာ တံခါးဆင်းဖွင့်ပေး သည်။ ကိုမင်းက အိပ်မျော်နေသော မိုးပြာလေးကို ရဲရင့်အား လှမ်း ပေးရင်း

"မင်း ကလေးနှစ်ယောက်ကို အိမ်ပေါ်ပွေ့ခေါ်လာခဲ့"

ကိုမင်းက မှေအားလက်တွဲခေါ်ကာ လှေကားမှတက်ပြီး အိမ်တံခါးမကြီးကို သော့ဖွင့်၍ တံခါးကို အထဲသို့ တွန်းဖွင့်လိုက် သည်။ ပြီးတော့ ခဏရပ်ပြီး မှေမျက်လုံးများကို စိုက်ကြည့်လိုက်၏။

"ဒီနေ့ကစပြီး မင်းဟာ ဒီအိမ်ရဲ့ အရှင်သခင်မ ဖြစ်ပြီမေ"

"ကျွန်မကတော့ အိပ်မက်မက်နေသလားလို့ ကိုယ့်ကိုယ်ကို ထင်နေမိတယ်"

"အိပ်မက်မဟုတ်ဘူး မေ ဒါတကယ်... ကိုယ်ဟာ မင်းရဲ့ခင်ပွန်း၊ မင်းဟာကိုယ်ရဲ့နေရိုး ဒီအိမ်ကြီးရဲ့ သခင်မ"

"ဆို... အဲလိုမခေါ်စမ်းပါနဲ့၊ ကျွန်မနားထဲမှာ တစ်မျိုးကြီး ပဲ"

"အခေါ်ခံရမယ် ဒီအိမ်ကလူတွေအားလုံး မင်းကို သခင်မ လို့ ခေါ်ကြလိမ့်မယ်၊ မင်း အခေါ်မခံလို့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အင်းလေ... သခင်မဆိုတော့လည်း သခင်မပေါ့"

မေက ပြုံးစိစိလေးပြောလိုက်သည်။ ကိုမင်းက သူမအား ပြုံး၍စိုက်ကြည့်ပြီးမှ

"ကဲ... လာ အိမ်ထဲဝင်ရအောင်"

အိမ်ရှေ့အဝင် ခန်းမကြီးထဲရောက်သော် သူမရုတ်တရက် မင်သက်သွားသည်။ ကြမ်းပြင်ကို မွေးပွကော်ဇော ခန်းလုံးပြည့်ခင်း ထား၏။ ဖန်နှင့်ရွှေတို့ဖြင့် ပြုလုပ်ထားသော ပန်းဆွဲမီးအိမ်ကြီးက အခန်းလယ်မှာ ဝင့်ဝင့်ကြွားကြွား။

ပွတ်လုံးတိုင် လက်ရန်းများပါသော လှေကားကြီးသည် ဒုတိယထပ်သို့ ဦးတည်နေ၏။

ဧည့်ခန်းလယ်တွင် ကျွန်းပုံစားပွဲကြီးများကို ချထား၏။ အလှပြပစ္စည်း ပစ္စယများမှာ သူနေရာနှင့်သူ အစီအရီ သပ်သပ်ရပ်ရပ် ရှိနေ၏။ အများအားဖြင့်တော့ မြန်မာလက်မှုပညာ ကြွေထည်ငွေထည် နှင့် ပန်းပုရုပ်တွေသာ ဖြစ်၏။

"မေ... မင်းကို ပြစရာရှိတယ်..လာ... အဲဒါကိုမြင်ရင် မင်းသိပ်အံ့ဩသွားမှာ"

"ဘာမို့လို့လဲ ကိုမင်းရဲ့"

"လာကြည့်လေ"

ကိုမင်းက သူမလက်ကိုဆွဲပြီး အခန်းတစ်ခုထဲ ခေါ်သွား သည်။ ထိုအခန်းထဲတွင် ဘာပစ္စည်းပစ္စယမှ ဟုတ်တိပတ်တိ မရှိချေ။ ဘောင်ခတ်ထားသော ပန်းချီကားတစ်ခုကိုသာ နံရံတွင် တစ်ခမ်း တစ်နား ချိတ်ဆွဲထား၏။

"အို"

သူမနှုတ်ဖျားမှ အလန့်တကြား အာမေဋိတ်သံ ရုတ်တရက် ခုန်ထွက်သွား၏။

ပန်းချီကားထဲမှ ပဒုမ္မာအင်္ကျီလက်စက ဘဲလ်ပုံစံနှင့် အပွင့် ကြီးကြီး ပန်းပွင့်များနှင့် ထဘီကို အထက်ဆင်အပြားလိုက်ပေါ်အောင် ဝတ်ကာ ကိုယ်ကိုစောင်း၍ လှည့်နေဟန်ဖြင့် ပြုံးနေသော မိန်းမတစ်ဦး ၏ ပုံ။

ထိုမိန်းမ၏ မြင့်မားသောနဖူး၊ ထူထပ်သော မျက်ခုံးများ၊ ကျယ်ဝန်းသော မျက်လုံးများ၊ သေးသွယ်ဖြောင့်တန်းသော နှာခေါင်း နှင့် ပြည့်ဝသော နှုတ်ခမ်းတို့သည် မေ၏ အင်္ဂါရုပ်အလက္ခဏာများနှင့် တထေရာတည်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ.... အံ့သြသွားပြီလား၊ ဒါ ကိုယ့်မေမေပုံလေ"

"အို... ဒီလောက်တူလိမ့်မယ်လို့ မထင်မိခဲ့ဘူး"

"ကိုယ်တောင်မှ မင်းကို စတွေ့တွေ့ချင်းတုန်းက အံ့သြသွားခဲ့တာ၊ မင်းနဲ့ကိုယ်အမေ ချွတ်စွပ်တူလွန်းလို့ ကိုယ်တုန်လှုပ်သွားမိတယ်လေ။ သူ့ရဲ့အရပ်က မင်းနဲ့အတူတူပဲ။ ပြီးတော့ မင်းက အမေ့လိုပဲ ကိုယ်လုံးသွယ်တယ်။ အဖေက အမေ့ကို ပိန်လွန်းတယ်ဆိုပြီး ဓဏ ဓဏ ဆူတယ်။ အစားများများ စားခိုင်းတယ်။ ဒါကြောင့် ကိုယ်တောင်မှ မင်းအစားနည်းတာကြည့်ပြီး အမေနဲ့တူလှချည်လားလို့ အံ့သြမိသေးတယ်"

"လောကမှာ လူတူမရှား၊ နာမည်တူမရှား ရှိတယ်ဆိုတာ လက်တွေ့ကြုံမှပဲ ယုံတော့တယ်"

ပန်းချီကားထဲမှ မိန်းမသည် သူမအား စေ့စေ့ကြည့်နေသလားလို့ အောက်မေ့ရသည်။

"သူမျက်လုံးတွေက ကျွန်မကို သွားလေရာ လိုက်ကြည့်နေတယ်လို့ ထင်ရတယ်"

"ကိုယ်လည်း အမြဲအဲလိုပဲ အောက်မေ့တယ်၊ ဟုတ်ကော

မဟုတ်နိုင်ဘူးလားဟင်" ကိုမင်းကမေးတော့ မေဘာပြောရမှန်းမသိဖြစ်သွားသည်။ ပန်းချီကားကို စိုက်ကြည့်ရင်း ကျောထဲစိမ့်လာသလို ခံစားရ၏။

"မေမေ"

သမီးငယ်မိုးပြာ၏ အသံကြားမှ သူမ ပန်းချီကားဆီမှ အကြည့်ကို ကမန်းကတန်းခွာ၍ အခန်းပြင်သို့ ထွက်လာခဲ့လိုက်သည်။

သမီးနှစ်ယောက်က သူမတို့နှစ်ယောက် လက်ဆွဲပြီး

"အိမ်ကြီးက အကြီးကြီးပဲ သမီးတို့ ဒီမှာနေရမှာလားဟင်"

"နေရမှာပေါ့... ဒါသမီးတို့အိမ်ပဲ"

"ဟေး....ပျော်စရာကြီး"

ကလေးနှစ်ယောက်က ဝမ်းသာအားရအော်ဟစ်ပြီး ခုန်ပေါက်ပြေးလွှားနေတော့သည်။

"ဟေ့ မပြေးကြနဲ့လာလာ"

မေက ကလေးနှစ်ယောက်ကို ပြန်ခေါ်လိုက်၏။

"နေပါစေ... သူတို့ လွတ်လွတ်လပ်လပ် ပျော်ကြပါစေ"

ကိုမင်းကတားတော့ မေလည်း ကလေးတွေကို ဒီအတိုင်းကြည့်နေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းရဲ့အိမ်နဲ့တော့ အတော်လေးခြားနားတယ်မဟုတ်လား။ ကိုယ့်အိမ်အကြောင်း ဘာလို့ကြိုမပြောပြထားလဲဆိုတာ သိပ်ပြီ မဟုတ်လားဟင်...မင်းရဲ့တံ့ပြန်ခံစားမှုကို ကိုယ်မြင်ချင်လို့ပေါ့"

ကိုမင်းလေသံက ဂုဏ်ယူဝင့်ကြွားဟန်အပြည့်နှင့်။

မေက သူမ၏ တိုက်ခန်းလေးမှာလည်း ပျော်ခဲ့ရပါသည်ဟု စောဒက တက်လိုက်ချင်သေးသည်။

"ကိုမင်း အိမ်ကြီးက အကြီးကြီးပဲ အခန်းဘယ်နှစ်ခန်း ပါလဲ"

"ဆယ့်နှစ်ခန်း ကဲ....ကိုယ်တို့အိပ်ခန်းတွေ သွားကြည့်ရအောင် ကျန်တဲ့အခန်းတွေ နက်ဖြန်မှ ဆက်ကြည့်ကြတာပေါ့"

ကိုမင်းက သူမကိုဖက်၍ လှေကားအတိုင်း တက်လာခဲ့သည်။ မေ့စိတ်ထဲမှာတော့ ကိုယ်ကိုယ်ကို ကမ္ဘာလှည့်ခရီးသွား တစ်ယောက်လိုထင်နေမိသည်။ လမ်းပြလုပ်တဲ့သူက လိုက်ပြသမျှ ကြည့်ရုံပဲ ဘာမှကို ထိခွင့်ကိုင်ခွင့် မရပဲနဲ့ပေါ့....

အခန်းထဲဝင်ဝင်ချင်း သူမသတိထားမိလိုက်သော အရာမှာ သင်းပျံ့သော အနံ့အသက်တစ်မျိုးပင်...

ဒါ စံပယ်ပန်းနံ့ပဲ....

"အမေက စံပယ်ပန်းနံ့ကို သိပ်ကြိုက်တာလေ...အခန်း

တိုင်းမှာ စံပယ်ပန်းနံ့လေးမွှေးနေအောင် စံပယ်ပန်းလေးတွေ မမြဲထားတာပေါ့"

ကိုမင်းက သူမအတွေးကို သိနေပုံရကာ ရှင်းပြလေ၏။ အိမ်ခန်းကြီးထဲ၌ ရှင်းလင်းသပ်ရပ်နေ၏။ ခုတင်ကြီးကတော့ ခန့်ခန့်ကြားကြား ရှိလှသည်။

အိပ်ရာခင်း၊ ခေါင်းစွပ်တို့က အရောင်ဆင်တူပင်..အခန်းထောင့်မှာ မှန်တင်ခုံတစ်ခု။ အလှပြင်ပစ္စည်း တစ်ချို့ရှိနေ၏။ ဒါ သူမအတွက် ကိုမင်း ကြိုဝယ်ထားခဲ့တာလား။

"မိုးပြာနဲ့သမီး ဒီအခန်းမှာ အိပ်ရမှာလားမေမေ"

"မဟုတ်ဘူး သမီးနဲ့မိုးပြာက ဟိုဘက်က အခန်းမှာ အိပ်ရမယ်လေ ဖေဖေ အခန်းကိုရော အရင်ဆုံးကြည့်ချင်သေးလား၊ ဟိုဘက်ကပ်လျက်အခန်းပဲ"

ကိုမင်းက ကလေးနှစ်ယောက်ကို လက်ဆွဲပြီး ထွက်သွားသည်။ မေက လူပျိုတစ်ဦးနေထိုင်သော အခန်းကို မြင်ရလိမ့်မည်ဟူသော အထင်ဖြင့် ကိုမင်းနောက်က လိုက်သွားသည်။

ကိုမင်းသည် သူတစ်ဦးတည်းနေသော အခန်းကို ဘယ်လို များပြင်ဆင်မွမ်းမံထားမလဲ၊ သူမသိပ်သိချင်နေပြီ။ သူမမြင်ခဲ့ရသမျှ

www.burmeseclassic.com

www.burmeseclassic.com

အားလုံးမှာ သူ့လက်သူ့ခြေချည်း ဖြစ်ပုံရသည်။

အခန်းတံခါးကို ကိုမင်းက တွန်းဖွင့်လိုက်သည်။ မျက်နှာကြက်မှာ မီးလုံးထွန်းထားပြီးသားဖြစ်သည်။ တစ်ယောက်အိပ် ကုတင်တစ်လုံးပေါ်တွင် အရောင်စုံလင်သော ဝွမ်းထိုးစောင်တစ်ထည်ဖြင့် ဖုံးလွှမ်းထားသည်။

စာကြည့်စားပွဲ၏ အဖုံးကို ဖွင့်ထားရာ အထဲမှ ပုံဆွဲခဲတံများ ပုံကြမ်းခြစ်သည့် စာအုပ်များကို တွေ့ရသည်။ စင်သုံးထပ်ပါသော စာအုပ်စင်တွင် ကလေးပုံပြင်များ၊ ဗဟုသုတစာအုပ် ဟူသော စာအုပ်များ၊ မှန်တင်ခုံပေါ်တွင် ဆုတံဆိပ်တစ်ခု တင်ထားသည်။ ညာဘက်နံရံတွင် ကြက်တောင်ရိုက်သံလေး တစ်စုံထောင်ထားသည်။

ဤအခန်းသည် ဆယ်နှစ်သားကလေးငယ်တစ်ဦး၏ ကိုယ်ပိုင်ခန်း တစ်ခန်းသာဖြစ်လေ၏။

(၃)

"အမေ သေပြီးတဲ့နောက်ပိုင်း ကိုယ်ဒီအခန်းထဲမှာ လုံးလုံးမအိပ်တော့ဘူး၊ ကိုယ်ငယ်ငယ်တုန်းက အိပ်ရာပေါ်လဲ့နေရင်း အမေ့အခန်းထဲက အမေ့ရဲ့ လှုပ်ရှားသံတွေကို နားထောင်ရတာ အရမ်းသဘောကျတာ။ အမေဆုံးတဲ့ညမှာ ကိုယ်ဒီအခန်းကို လုံးဝ ဝင်မလာရဲဘူး။"

"ဒီအခန်းနဲ့...ဟိုအိပ်ခန်းကြီးထဲမှာ အနှစ်နှစ်ဆယ်နီးပါးဘယ်သူမှ မအိပ်ခဲ့ဘူးပေါ့ ဟုတ်လားကိုမင်း"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီအခန်းတွေကို သော့မခတ်ထားပါဘူး၊ မသုံးပဲထားရုံထားတာပါ၊ ကိုယ်တို့ရဲ့ သားဦးလေးကျရင်တော့ ဒီအခန်းထဲမှာ ထားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်း ငယ်ငယ်တုန်းက နေခဲ့သောအခန်းကို သူမ ဘဝင် မကျမိ။ တစ်မျိုးကြီးပါပဲ။ ဘာကြောင့်မှန်းမသိ။

သမီးကြီး ခရမ်းက သူမ ထမီစကိုဆွဲ၍ ဂျီကျနေသည်။

"ဒိုက်ဆာတယ်မေမေ၊ ဒိုက်ဆာတယ်"

"ညော် ဟုတ်သားပဲ သမီးတို့ ဒိုက်ဆာရောပေါ့ လာလာ ထမင်းစားခန်းထဲ သွားရအောင်"

ထမင်းစားခန်းထဲတွင် ထိုင်ခုံခြောက်လုံး၊ ဝန်းရံထားသော ထမင်းစားပွဲရှည်ကြီးက စိုးမိုးလျက်ရှိ၏။

"လောလောဆယ်တော့ ကော်ဖီနဲ့ မုန့်နဲ့ပဲ စားလိုက်ကြတာပေါ့။ နောက်မှ တစ်ခုခုစီစဉ်မယ်လေ"

"ကိုမင်းက အိမ်မှာ ကိုယ်ဘာသာချက်စားတာလား"

"မဟုတ်ပါဘူး...ထမင်းချက် ခေါ်စိန်ဆိုတာ ရှိတယ် သူက ခါတိုင်းတော့ မနက်လာပြီး ညနေပြန်တယ်၊ အခုကိုယ်ခရီး သွားနေတော့ သူ့ကို အနားပေးထားတယ်လေ မနက်ဖြန်မှ သူ ကလိမ့်မယ်"

"ညော်"

ကိုမင်း ကော်ဖီမော်ရန် ရေနွေးအိုး ကိုယ်တိုင်တည်နေ၍ မလှည့်မနေသာပဲ ဝင်လုပ်ရသည်။

"ကော်ဖီလောက်နဲ့ ကလေးတွေ ဗိုက်ဝမှာမဟုတ်ဘူး ထင်တယ်...မေရေ ရေခဲသေတ္တာထဲမှာ ခေါက်ဆွဲခြောက်ထုပ်တွေ ရှိတယ် ယူပေးပါဦး"

"အို..မလုပ်မှာပေါ့ ကိုမင်းနေပါ"

"ကိုယ့်မိန်းမ မင်ပန်းနေမှာစိုးလို့ပါ....အသာငြိမ်နေစမ်းပါ ကိုယ်လုပ်ပါ့မယ်"

"အိမဟုတ်တာ နေ..နေ.. မလုပ်လိုက်မယ်"

သူမက အတင်းပင် ခေါက်ဆွဲခြောက်ဖြုတ်ဖို့ ဝင်လုပ်တော့မှ ကိုမင်းက ပြုံးပြီး အလျှော့ပေးသည်။ စားပွဲမှာ ဝင်ထိုင်ပြီး သူမလုပ်သမျှကို လိုက်ကြည့်နေလေ၏။

မေက သမီးနှစ်ယောက်ကို လှည့်ကြည့်လိုက်သည်။ သူတို့ စားပွဲတွင် ငြိမ်ငြိမ်လေးထိုင်နေကြသည်။

ရေခဲသေတ္တာထဲမှာ တွေ့တဲ့ အသီးအရွက်အနှည်းငယ်ကို ယူပြီး အရင်ဖြုတ်လိုက်၏။ ပြီး ယမ်ယမ်ချဉ်စပ်ခေါက်ဆွဲထုပ်လေးကို ဖောက်ထည့်၊ ကြက်ဥလေးခွဲထည့်ပြီး မွှေလိုက်တော့ စားချင်စဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ခေါက်ဆွဲပြုတ်ဖြစ်သွားတာ။

အင်း....အရင်ကဆို ညနေအိမ်ပြန်လာလို့ ချက်စရာဘာမှ မရှိရင် သားအမိတွေ ခေါက်ဆွဲခြောက်ထုပ်လေး ပြုတ်စားပြီး ညစာ ပြီးလိုက်ကြတာပါပဲ.....

"အနံ့လေးက မွှေးနေတာပဲ...မေမေ သမီးတို့ ဗိုက်ဆာ လာပြီ"

"အေးရတော့မယ် ခဏလေးသုံးမိနစ်ပဲစောင့်"

"အဟေး အိန္ဒြာကျော်ဇင်နဲ့ တူတယ်.... အိန္ဒြာကျော်ငေါ နဲ့တူတယ်"

သမီးနှစ်ယောက်က ဝိုင်းအော်ကြတာ။

"အမလေး အမြောက်ပါနဲ့တော့ စားရပါပြီ"

အရယ်ပွဲလေး ဖြစ်သွားကြသည်။ နောက် အစားအသောက် ပွဲလေးကျင်းပလိုက်ကြတာ။ အဆာလွန်နေပုံရသော ကလေးနှစ်ယောက် က အငမ်းမရ။ သူတို့နှစ်ယောက်ကို ကြည့်၍ သူမနှင့် ကိုမင်းကတော့ တပြုံးပြုံးပေါ့။

(၄)

ကလေးများကို ရေချိုးပေးပြီး အိပ်ရာဝင်ပုံပြင်ဖတ်ပြပြီး သောအခါ နှစ်ယောက်လုံး အိပ်ပျော်သွားကြလေသည်။

မေက ခုတင်နှစ်လုံးကို အတူပူးကပ်ပြီး တစ်လုံးကို နံရံဘေး ကပ်ထားခဲ့သည်။ အဝတ်အစားအိတ်ကြီးကို အခြားခုတင်နံဘေးသို့ တွန်းထည့်ခဲ့သည်။ စောစောကသပ်ရပ်သော အခန်းသည် ဖြူတ်စ ဖြင်းတောင်း ဖြစ်သွားတာ။

ကြမ်းပေါ်တွင် အဝတ်အစားအိတ်များ ဟောင်းလောင်းပွင့် လျက်ရှိသည်။ မိုးပြာလေး အနှစ်သက်ဆုံးဆောင်နှင့် ညအိပ်ဝတ်စုံကို လိုက်ရှာရင်း အဝတ်အစားများ ပွရက်နှံခြင်းဖြစ်သည်။ အိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားများကို စနစ်တကျ သေသေသပ်သပ် ထုတ်ယူခြင်း မပြုနိုင်တော့ပါ။

မနက်ကျမှပဲ ဆက်လုပ်မည်။ သူမသိပ်ပင်ပန်းနေပြီ။ မေသည် နှမ်းလျှောဖြင့် အခန်းထဲမှ ခြေဖွဖွနင်း၍ ထွက်လာခဲ့သည်။ အခန်းဝတွင် ကိုမင်းနှင့် ပက်ပင်းတိုးသည်။ အခန်းထဲမှ ပွရနေသော အဖြစ်ကို မြင်တွေ့သွားသောအခါ ကိုမင်းမျက်နှာ အမူအရာပြောင်းလဲသွား၏။

"ဒီညတော့ ရွှပ်ပွနေတာပဲ မနက်ဖြန်ကျမှပဲ ကျွန်မနေရာ ကျထားလိုက်ပါ့မယ်"

သူမ နှမ်းနယ်စွာ ပြောမိသည်။

"ကိုယ်ဒါတွေ ဒီအတိုင်းထားမိရင် ဒီည အိပ်လို့ရမှာ အဟုတ်ဘူး ထင်တယ်"

ကိုမင်းက သဲမှန်ဖြင့် ပြော၏။

မိနစ်အနည်းငယ်အတွင်းမှာပဲ ကိုမင်းက အထုပ်အပိုးများကို ဖြည်ပြီး အဝတ်အစားအားလုံးကို ဒီရိထဲ သူနေရာနှင့်သူ စနစ်တကျ ထားလိုက်လေသည်။

မေ ကိုမင်းကို မကူညီနိုင်တော့ပေ။ ကလေးတွေ လန့်နိုးသွားရင် တော်တော်နှင့် ပြန်အိပ်မည်မဟုတ်ပါ။ သို့သော် သူမ ဘာမှ မကန့်ကွက်ချင်တော့။

ကိုမင်း လုပ်လို့ကိုင်လို့ ပြီးသွားသောအခါ ကလေးများ လုံးဝမနိုးစေဘဲနှင့် အခန်းတစ်ခုလုံး ပိုမိုသပ်ရပ် စနစ်ကျသွားပြီး ဖြစ်၏။

သူမပြုံးလိုက်မိသည်။

ကိုမင်းက သူမအားဖက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

"မင်း ဒီနေ့ ဘယ်လောက်နံနေပြီဆိုတာ ကိုယ်သိပါတယ်။ ရေအရင်သွားချိုးလိုက်ပါလား...ရေချိုးပြီးရင်"

သူမကို ကိုမင်းက ပြုံးစေ့စေ့စိုက်ကြည့်နေသဖြင့် သူမက မျက်စောင်းလေးနှင့် ပြန်ကြည့်ပြီး

"ရေချိုးပြီးရင် ဘာဖြစ်လဲ"

"ဩော်....ရေချိုးပြီးရင် နွားနို့သောက်မယ်လို့ ပြောမလို့ပါ"

"ဟင်း"

ရေချိုးလိုက်ရသဖြင့် သူမ အတော်လေးလန်းဆန်းသွားသည်။ အိမ်ကြီးရဲ့ ခမ်းနားမှုက သူမအဖို့တော့ အံ့သြလောက်ပါရဲ့။ ရေချိုး

www.burmeseclassic.com

ခန်းတောင်မှ ရေစိမ်ချိုးတဲ့ ရေချိုးခွက်ကြီးနဲ့ ရှေးခေတ်အင်္ဂလိပ် ရုပ်ရှင်ကားတွေမှာ မြင်ရတဲ့ ရေချိုးခန်းလိုမျိုး ဒိတ်အောက်နေပေမယ့် သန့်ရှင်းသပ်ရပ်မှုတော့ ရှိသေးသားပဲ။

ရေနွေးရေထဲ၌ စိမ်ရင်း သူမ၏လည်ပင်းနှင့် ပုခုံးကြွက်သား များ ပြေလျော့စေရန် မှိန်းနေလိုက်သည်။

ကိုမင်းသည် သူ့အိမ်ကြီးအကြောင်း အသေးစိတ်ရှင်းပြရန် ရှောင်လွှဲနေတာကို သူမရိပ်မိသည်။

နောက်ပြီး ကြည့်ဦး သူပြောတာက

"အမေသေပြီးတဲ့နောက် ကိုယ်တို့အိမ်မှာ ဘာမှမပြောင်းလဲ ခဲ့ဘူး၊ ဧည့်သည်အိပ်ခန်းက ခန်းစီးတစ်ချို့ လဲတပ်ရုံလောက်ပဲ ပြုပြင် ပြောင်းလဲမှု ဆိုတာရှိခဲ့တယ်"

သည်နှစ်ကာလအတွင်းမှာ ဘာတစ်ခုမှ ဟောင်းနွမ်းဆွေး မြည့်သွားခြင်း မရှိဘူးတဲ့လား။ ဒါမှမဟုတ် ကိုမင်းက သူ့အမေ လက်ထက်ကအတိုင်း တမင်မပြောင်းလဲပဲ ထားရှိကာဖြင့် သူ့အမေ ဒေါ်ခင်မျိုးမြတ် ဤအိမ်၌ရှိနေသးသလို ခံစားသတိရနေချင်လို့မျှ လား။

ကြည့်ဦးလေ...ဒေါ်ခင်မျိုးမြတ်ကြိုက်တဲ့ အနံ့အသက်

အိပ်ခန်းကြီးထဲမှာ ပုံ့လွင့်နေဆဲရှိတုန်းပဲ မဟုတ်လား။

ပြီးတော့ မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်းတွေ။ အဲဒါ ဒေါ်ခင်မျိုးမြတ်ပစ္စည်းတွေပဲပေါ့။

ဒေါ်ခင်မျိုးမြတ် သေသွားတဲ့နောက်မှာ ကိုမင်းရဲ့ ကလေး ဘဝတုန်းက အိပ်ခန်းကို ဘာမှမပြောင်းလဲစေပဲ လက်ရှိအနေအထား အတိုင်း ထားရှိခဲ့တာ။ ဒါကို မင်းရဲ့လွှဲမှားတဲ့ အပြုအမူတွေပဲ။ အချိန်ကာလကို ရပ်တန့်ဟန့်တားထားလို့ ရနိုင်ပါမလား။ ဒေါ်ခင်မျိုးမြတ် သေဆုံးသွားတာနှင့် အခြားအရာတွေပါ ပြောင်းလဲ ကြီးထွားမှု ရပ်ဆိုင်းသွားရတော့မတဲ့လား။

တွေးရင်း သူမစိတ်ရှုပ်လာသည်။

ကဲ... အဲဒီအကြောင်းတွေ ထားလိုက်စမ်းပါ။ သူမနဲ့ကိုမင်း အကြောင်းပဲ စဉ်းစား။ သူမတို့ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင် ခွင့်ရခဲ့ပြီပဲ။ ဒါလက်ရှိဘဝ။ လောလောဆယ် ရင်ဆိုင်နေရတဲ့ ပစ္စုပွန်။

ဒီနေ့ သူမတို့ရဲ့ မင်္ဂလာဦးည။

ရေချိုးခွက်ထဲမှထကာ အစိုကိုချွတ်၍ ရေများဖွင့်ချလိုက်၏။ မျက်နှာသုတ်ပါဝါကို လှမ်းယူသည်။

သူမ၏ကိုယ်ပေါ်မှ ရေကိုသုတ်ပြီး ခဏရပ်ကာ မှန်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com

ရေရွေ့များကို သုတ်လိုက်၏။ မှန်ကြည့်လင်သွားသောအခါ သူမကြည့်လိုက်သည်။

"ဟင်"

မှန်ထဲမှ ပုံရိပ်မှာ ကိုမင်း၏မျက်နှာကြီး ဖြစ်နေသည်။ မျက်လုံးများသည် စူးစူးစိုက်စိုက်ဖြင့် သူမမျက်လုံးထဲ ကြည့်နေသည်။ သူမနောက်ကို ဆတ်ခနဲလှည့်ကြည့်ပြီး ကိုယ်သုတ်ပုဝါကြီးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားမိသည်။

"လန့်သွားတာပဲ ကိုမင်းရယ်။ ရှင်ဝင်လာတာ ကျွန်မ လုံးလုံးမကြားဘူး"

"မင်းအတွက် ညဝတ်ဂါဝန် လာပို့တာပါ... ရော့ ဒီမှာ"

ကိုမင်းက သူမမျက်ဝန်းများကို စိုက်ကြည့်ပြီးပြော၏။ သူလက်ထဲတွင် မိန်းမဝတ်ဂါဝန်တစ်ထည် ကိုင်ထား၏။

"ကျွန်မမှာ ဂါဝန်အသစ်ပါတယ်လေ၊ ဒီဟာကို ကျွန်မအတွက် ကိုမင်းဝယ်ထားတာလား"

"ဟုတ်အင်း ဒါ ကိုယ့်အမေရဲ့ ဂါဝန်ပါ"

ကိုမင်းသည် ထူးဆန်းစွာပြုံးရင်း ရီဝေသောမျက်လုံးများဖြင့် သူမအား စိုက်ကြည့်နေသည်။

"ကိုယ် စိတ်ချမ်းသာအောင် ဒီနေ့သည် ဒီဂါဝန်ကို ဝတ်လိုက်ပါ မေရယ်နော်"

ကိုမင်းက တောင်းပန်ခဲယဉ်သော လေသံမျိုးဖြင့် ပြောလေ၏။

သူမ ဘာလုပ်ရမှန်းမသိဘဲ လက်ထဲမှ အင်္ကျီကိုသာ အကြောင်သား ငေးနေမိသည်။

သေသွားတဲ့ မိန်းမတစ်ယောက်ရဲ့အင်္ကျီကို မဝတ်ချင်ပါဘူးဟု သူမ စိတ်ထဲက ငြင်းဆန်နေမိသည်။

ကိုမင်းက သူမအား ထိုအင်္ကျီပေးပြီးတာနှင့် ရေချိုးခန်းထဲမှ ချက်ချင်းထွက်သွား၏။

ဝိုးသားပျော့ပျော့ ညဝတ်ဂါဝန်ကို ဖြန့်ကြည့်ပြီး သူမ ကြက်သီးထဖြန်းဖြန်းထလာ၏။

ဤအင်္ကျီကိုဝတ်ရမှပါ။ မိမိနှင့်မတော်ဟု ပြောရကောင်းမလား။ သူမရဲ့ အသစ်စက်စက်ဂါဝန်ကိုဝတ်ပြီး ကျွန်မတော့ ဒါပဲကြိုက်တယ် ကိုမင်းရေ လို့ ဘွင်းဘွင်းပဲ ပြောလိုက်ရကောင်းမလားဟု တွေးရင်း သူမဝေခွဲမရ ဖြစ်နေမိသည်။

ကိုမင်းကတော့ အင်္ကျီဝတ်ဖို့ တောင်းပန်ခဲယဉ်နှင့် ပြောခဲ့သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဒီအင်္ကျီက သူမနှင့်မတော်လျှင် ဘယ်နှယ့်လုပ်မလဲ။ အို ပိုကောင်းတာပေါ့။ ညဝတ်အင်္ကျီကြီးကို ခေါင်းမှစွပ်၍ ကြည့်သော အခါ သူမကိုယ်တိုင်းနှင့်ချုပ်ထားသလား အောက်မေ့ရသည်။ ခန္ဓာ ကိုယ်နှင့် ကွက်တိ။

မှန်ထဲမှ သူမရုပ်သွင်မှ တစ်မျိုးခြားနားနေသည်ဟု ထင်မိ သည်။ ဒီအင်္ကျီကို ဝတ်ထားပါက မိမိသည် မိမိစိတ် မိမိကိုယ် မဟုတ်တော့သလို ခံစားနေရသည်။

ဂါဝန်ကို ခေါင်းမှပြန်ချတ်မည်အပြု တံခါးကို ဖွဖွလေး ခေါက်သံကြားလိုက်ရသဖြင့် ဖွင့်ပေးလိုက်၏။

ကိုမင်းသည် သူမကို စေ့စေ့ကြည့်ပြီး ပြုံးလိုက်၏။

"မင်း သိပ်လှတယ် မေ"

"အဟင်း .... ဒီဂါဝန်ကို ကျွန်မနဲ့"

"သိပ်လိုက်တာပဲ"

ကိုမင်းက သူမစကားကို ဖြတ်ပြောလိုက်သဖြင့် သူမ ဘာမှ မပြောသာတော့ပဲ နှုတ်ပိတ်နေလိုက်ရသည်။

"ကိုယ့်ကိုချစ်ရဲ့လား မေ"

"ချစ်တာပေါ့ ကိုမင်းရဲ့"

"ကိုယ့်ကို မင်းဘယ်တော့မှ မပစ်ပြေးပါဘူးလို့ ကတိပေး စမ်းပါ မေရယ်"

"အို... ကိုမင်းကလည်း ပေါက်ပေါက်ရှာရှာ တွေးပြီ"

"ကတိပေးစမ်းပါ မေ"

"ကျွန်မ ရှင့်ကို ဘယ်တော့မှ ပစ်မပြေးပါဘူး ကိုမင်းရယ်"

ကိုမင်းက သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

သူမမျက်လုံးများ၌ မျက်ရည်စို့လာသည်။ ယနေ့ညသည် သူမတို့၏ မင်္ဂလာဦးည ဖြစ်သည်။ ဤအချိုးသားလေးသည် သူမ အတွက် ချစ်ခြင်းမေတ္တာများစွာ ပေးကမ်းခဲ့၏။ သူမကလည်း သူ့အား ခင်ပွန်းသည်အဖြစ် များစွာချစ်ခင်စုံမက်၏။

ဒီအခန်းကလေးသည် သူတို့လင်မယား၏ အခန်းဖြစ်သည်။ မည်သည့် ညဝတ်အင်္ကျီဝတ်ဝတ် မည်သို့ခြားနားပါဦးမည်နည်း။ ချစ်ခင်ပွန်းသည်၏ ဆန္ဒပြည့်ဝစေရန် ဒီလောက်မလုပ်ပေးသင့်ပေဘူး လား။

www.burmeseclassic.com

www.burmeseclassic.com

(၅)

အခန်းထဲ၌ အတော်လေးအေးစိမ့်နေ၏။ ကြည်လင်သန့်စင်သောလေကိုလည်း ရနေသည်။

ပကတိ တိတ်ဆိတ်မှုကြောင့် အခန်းထဲ၌ အပ်ကျသံပင် ကြားရလောက်သည်။ ရန်ကုန်မှာလို ညဘက်တွင် ကြားရလေ့ရှိသော အသံစလံပေါင်းစုံကို ဤအခန်း ဤအရပ်ဒေသတွင် မကြားရသဖြင့် သူမစိတ်ထဲ ဟာတာတာကြီး ဖြစ်နေ၏။

သူမသည် ပတ်ဝန်းကျင်သစ်တွင် နေထိုင်ရန် ကျင့်သားရအောင် ကြိုးစားရပေဦးမည်။

တွေးရင်းတောရင်း သူမမှေခန့် အိပ်ပျော်သွားသည်။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားမိမှန်းမသိ။ စူးခနဲ အနံ့တစ်မျိုးကို ရမိတော့မှ လန့်နိုးလာသည်။

ဘုရားရေ... ဒါ စဃယ်ပန်းနဲ့... ရန်ကုန်လှုရုပ်လား။

သူမစိတ်ထင်နေလို့များလား။ မျက်ခွံများ လေးလံနေသည့် မျက်လုံးဖွင့်မရ။ ခန္ဓာကိုယ် အစိတ်အပိုင်းများလည်း ကိုက်ခဲနေသည်။ ခရီးပန်းလာလို့ဖြစ်မည်။

အပြင်ဘက် စကြိုလမ်းမှ ခြေသံများကြားရသည်။

ကိုမင်းလား။ သူမဘေးကို စမ်းကြည့်သည်။ အိပ်ရာဓင်းကို သာ စမ်းမိသည်။ ကိုမင်း ဘယ်ထွက်သွားပါလိမ့်။

ခြေသံသည် အခန်းထဲဝင်လာသလို နီးနီးကပ်ကပ် ကြားနေရသည်။ မျက်လုံးကို အားယူဖွင့်ကြည့်သည်။ မရ။

စကားပြောသို့ ပါးစပ်ကိုပါ ဟကြည့်သည်။ နှုတ်ခမ်းတွေ တင်းတင်းစေ့မြဲ။ သူမခန္ဓာကိုယ်တစ်ခုလုံး လှုပ်မရ။ အသေကောင်လို ငြိမ်နေ၏။

သိစိတ်ကတော့ ခြေသံတွေ တရှပ်ရှပ်နှင့် ကြားနေရသည်။ အနားမှာ လူတစ်ယောက် ရောက်ရှိနေသလိုလို။

www.burmeseclassic.com

www.burmeseclassic.com

စပယ်ဖန်နဲ့ကလည်း ပြင်းထန်စွာရှလှပါဘိ။

တစ်စုံတစ်ယောက် သူမအား ငဲ့ကြည့်နေသလို သိရှိခံစားနေရသည်။ ဘယ်သူလဲမေးလိုက်ချင်သော်လည်း နှုတ်ခမ်းတွေ ဖွင့်မရအောစေးမိနေသလို။

ရုတ်တရက် သူမလက်နှစ်ဖက် မြောက်တတ်သွားပြီး တစ်စုံတစ်ရာကို စမ်းမိသွားသည်။

ပါးပြင်တစ်ခု၊ နားရွက်တစ်ခု၊ ဆံနွယ်မျှင်တို့ကို လက်ဖြင့် စမ်းမိသည်။

ဘုရားရေ... ဘယ်သူလဲ...

သူမလည်ပင်းဆီသို့ ပူနွေးသောထိတွေ့မှုတစ်ခု။

လက်ကြမ်းကြမ်း တစ်စုံဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ခြင်းပင်၊

"ငါ့ ဂါဝန် ပြန်ပေးစမ်း"

သူမမျက်လုံးများ ဖျတ်ခနဲဖွင့်သွား၏။ ဆံပင်ဖားလျားခြုံထားသော မျက်နှာကြီးတစ်ခု သူမအားငဲ့မိုးကြည့်လျက် သူမလည်ပင်းကို ညှစ်နေတာ..

"အား"

"မကောင်းဆိုးဝါးမကြီး.... သွား.. မလုပ်... အာ..အ"

လည်ပင်းမှ အသက်ရှူကြပ်သထက် ကြပ်လာ၏။ ပြူးကျယ်၍ တင်းမာခက်ထန်နေသော မျက်ဝန်းတစ်စုံ သူမအား စူးစိုက်ကြည့်လျက်

ဒီ.. မျက်နှာ...

ဘုရားရေ... ကိုမင်းအမေ။ ဒေါ်ခင်မျိုးမြတ်။ တစ္ဆေမ။

ငါ့ကိုသတ်နေပြီ... လွတ်စမ်း ... လွတ်စမ်း

အာခေါင်ခြစ်၍ သူမအော်နေမိသည်။ သို့သော် အသံကထွက်မလာ။ လည်ပင်းကတစ်ဆို့ဆို့ကြီး အခံရခက်သော ဝေဒနာတစ်ခု ပြင်းပြင်းထန်ထန် ခံစားနေရသည်။

သူမ သေရတော့မည်လား။

မျက်လုံးတွေ ပြာလာပြီ။ ငါ့မျက်လုံးတွေ

"မေ... မေ.. ဘာဖြစ်တာလဲ"

"အား.. လွတ်စမ်း လွတ်စမ်း"

"သတိထားလေမေ"

ကိုမင်းက သူမကို လှုပ်နိုးနေသည်။ လက်ရှိအခြေအနေကို သူမ သတိထားမိသွားသည်။

အခန်းထဲမှ ဟိုတစ္ဆေမ မရှိတော့ပါလား။

www.burmeseclassic.com

www.burmeseclassic.com

"မေ... ဘာဖြစ်တာလဲ"

ဘုရားရေ... သူမ အိပ်မက်,မက်နေတာပေါ့။ ကိုမင်း၏ စိုးရိမ်နေတဲ့ မျက်လုံးများကို သူမတွေ့နေရသည်။

"ကျွန်မ... အိပ်မက်ဆိုးတွေ မက်နေတာ"

"သြော်... သိပ်လန့်သွားတယ်ထင်တယ်... ကြည့်ပါဦး ချွေးတွေကိုလဲ ရွဲလို့... ရေသောက်မလား"

"အင်း"

စားပွဲပေါ်မှ ရေဘူးကို ဆွဲယူ၍ ဖန်ခွက်ထဲငဲ့ပေးကာ

"ရော့ ... ရင်အေးသွားအောင် သောက်လိုက်"

ရေခွက်ကိုယူပြီး တရှိန်ထိုး မော့ချလိုက်သည်။ လည်ပင်းမှ တစ်ဆို့ဆို့ ဝေဒနာသည် ယခုထက်တိုင် ခံစားနေရသလို။

"ကဲ... ဘာကိုမှ မတွေးဘဲ ပြန်အိပ်လိုက်.. အိပ်ပျော်အောင် အိပ်နော်... ကိုယ်အနားမှာရှိတယ် သိလား"

ကိုမင်း၏လက်မောင်းပေါ်တွင် သူမခေါင်းတင်ထားလိုက် ၏။ သူမ၏ ဆံပင်များထဲ၌ ကိုမင်း၏မျက်နှာ နှစ်မြှုပ်နေသည်။

သူမ အိပ်မက်,မက်ခဲ့တာမှ တကယ်ဟုတ်ရဲလား..

မျက်နှာတစ်ခုကို သူမလက်နှင့် တကယ်စမ်းမိသလို၊

ထိမိသလို ခံစားနေရသည်။ မဖြစ်နိုင်ပါဘူးလေ... အိပ်မက်ပဲဖြစ်မှာပါ။ ကိုမင်း၏ အသက်ရှူသံ ကျယ်လာသည်။ ပြန်အိပ်ပြီထင်ရဲ့။ သူမကတော့ တော်တော်နှင့် ပြန်အိပ်မျော်တော့မည် မဟုတ်ပါ။

သူမ အိပ်ရာမှ နိုးထလာသောအခါ အခန်းတစ်ခန်းလုံး လင်းထိန်နေပြီဖြစ်၏။ ပြတင်းပေါက်မှ အလင်းရောင်သည် အခန်းထဲ ခပ်ကျဲကျဲ ဝင်ရောက်နေသည်။ ခုတင်ဘေး စားပွဲပေါ်မှ နာရီကို ကြည့်မိတော့ ၈း၀၀ နာရီထိုးပြီ။

ကုတင်ပေါ်မှဆင်းပြီး ပြတင်းဝမှ လှမ်းကြည့်လိုက်ရာ ကိုမင်းတစ်ယောက် ခြံစပ်သစ်တောနက်ထဲသို့ ဝင်ရောက်လျက် ပျောက်ကွယ်သွားတာကို လှမ်းမြင်လိုက်ရသောကြောင့် သူမအံ့အားသင့်သွားသည်။ ကိုမင်း ဘယ်အချိန်ထဲက ထထွက်သွားမှန်း သူမမသိလိုက်။

အိပ်ခန်းထဲမှထွက်ကာ ကျယ်ပြန့်သော ခန်းမဆောင်ကြီးတိုင်း ဖြတ်လျှောက်လာခဲ့သည်။

သမီးနှစ်ယောက် တော်ကြာနိုးလာကြတော့မည်။ ကိုမင်း၏ အလေးဘဝက ကိုယ်ပိုင်အခန်းရှေ့မှ ဖြတ်လာမိစဉ် အခန်းထဲလှမ်းကြည့်ပြီး သူမ တွဲခေါ် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်မှာ အိပ်ရာမုံးက လန်နေ၏။ ခေါင်းဆုံးများကို
လည်း စုပြုံထိုးတင်ထားသည်။ သူမ ထိုအခန်းထဲဝင်ပြီး အိပ်ရာခင်း
ကို လက်နှင့်စမ်းကြည့်လိုက်သည်။

အိပ်ရာသည် နွေးထွေးနေ၏။

ကိုမင်းတစ်ယောက် သူမတို့အိပ်ခန်းထဲမှထွက်ပြီး ဒီအခန်းထဲ
မှာ လာအိပ်နေတာများလား။ သူ အအိပ်မက်လို့များ ငါ့ဘေးမှာ
လူးလိမ့်ရင်း ငါနိုးသွားမှာစိုးလို့ ထင်ပါရဲ့။ သူဟာ အနှစ်အစိတ်
သုံးဆယ်ကျော်ကျော်တစ်ယောက်ထဲ အိပ်လာခဲ့လူ မဟုတ်လား။ ဒါ
မဟုတ် သူညာ.က် စာဖတ်ချင်လို့များလား။

ဟင် နေပါဦး သူဆယ်နှစ်သားအရွယ်တည်းက ဒီအခန်းမှာ
လုံးဝဆက်မအိပ်ခဲ့ဘူးလို့ ပြောခဲ့တာပဲ။ ဘာကြောင့်များပါလိမ့်။

သူမ အတွေးနယ်ချဲ့နေမိသည်။ ထိုအခိုက် စကြိုလမ်း
ပြေးလာသော ခြေသံများကို ကြားလိုက်ရ၏။

"မေမေ... မေမေ"

သူမ စကြိုလမ်းအတိုင်း ခပ်သုတ်သုတ်ပြေးသွားပြီး သ
နှစ်ယောက်ကို လက်ကမ်းကြိုဆိုလိုက်၏။

"မေမေကို သမီးတို့ လိုက်ရှာနေတာ"

ခရမ်းက အမောတကောလေးပြောသ၏။

"သံမီး ဒီအိမ်ကိုကြိုက်တယ်"

လို့ပြောက သူမလက်ကိုဆွဲလှုပ်ပြီး မြူးမြူးလေး ပြောသည်။

"ဟုတ်လား ကြိုက်လား၊ အရင်အိမ်နဲ့ ဒီအိမ် ဘယ်အိမ်
ကောင်းလဲ"

"ဒီအိမ်ကောင်းတာပေါ့ မေမေရဲ့... ဒီအိမ်က အကျယ်ကြီးပဲ
ပျော်စရာကြီး"

"ကဲ...လာ မျက်နှာသွားသစ်ကြရအောင်"

မေက သမီးနှစ်ယောက်ကို ရေမိုးချိုး အဝတ်အစားလဲ
ပေးလိုက်သည်။ ပြီးမှ သူမလည်း ကဗျာကယာ ရေမိုးချိုးအဝတ်လဲ
၍ သမီးများနှင့်အတူ အောက်ထပ်သို့ ဆင်းလာခဲ့၏။

ထမင်းချက် ဒေါ်စိန်သည် မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်လျက်
ရှိနေ၏။

"ဒေါ်စိန်ဆိုတာလား"

မေက မေးလိုက်သည်။ မိန်းမကြီးက လှည့်ကြည့်ပြီး

"ဟုတ်ကဲ့... ကျွန်မ ဒေါ်စိန်ပါ"

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိန်သည် အသက်လေးဆယ်ဝန်းကျင်ရှိပြီး အနည်းငယ် ဝဖိုင့်ဖိုင့်ခန္ဓာကိုယ် ရှိသည်။ ပြုံးခဲ ရယ်ခဲသူတစ်ဦးလည်း ဖြစ်ပုံ ရသည်။ သူမမျက်နှာမှာ ခံစားချက်ကင်းမဲ့နေရသလား အောက်မေ့ ရသည်။

"ဘာတွေ ချက်နေတာတုန်း ဒေါ်စိန်ရဲ့"

"ဝက်သားဟင်းပါ ... ဆရာကတော်တို့ မကြိုက်တဲ့ဟင်း ကြိုက်တဲ့ဟင်း ကျွန်မကိုပြောထားပါ"

"အို... ကျွန်မတို့ကတော့ အကုန်စားပါတယ်။ မကြိုက်တာ မရှိပါဘူး။ ကလေးတွေလည်း ချေးမများတတ်ပါဘူးရှင်... ဒါနဲ့ ကျွန်မနာမည်က မေသဇင်ပါ"

"ဟုတ်ကဲ့... သခင်ကြီး ပြောထားပါတယ်"

"ကျွန်မတို့အတွက် မနက်စာ ဘာရှိလဲ ဒေါ်စိန်"

"ကော်ဖီနဲ့ မုန့်ရှိပါတယ်၊ ထမင်းကြော်လည်း ရှိတယ်။ စားဖို့အသင့်ပါပဲ"

"ဟုတ်ကဲ့... ကဲသမီးတို့ရေ... မနက်စာ စားပြီးရင် အပြင်ကို လမ်းလျှောက်ထွက်ကြတာပေါ့နော်"

မေက သမီးများကို ပြောထားလိုက်၏။

စားသောက်ကြပြီးတော့ သူမတို့အိမ်ပြင် ထွက်လာခဲ့ကြ သည်။

"ဘယ်ကိုသွားရင် ကောင်းမလဲ"

ကိုမင်းကတော့ သူကိုယ်တိုင် ခြံထဲလိုက်လံ ပြသမိတ်ဆက်ဖို့ ရည်ရွယ်ထားမှာပဲ... ဒါဆို အခု တခြားနေရာသွားတာ ပိုကောင်း လိမ့်မည်ထင်တယ်။

"လာကြ... ဒီဘက်က သွားရအောင် သမီးတို့"

ခြံဝင်း၏ရှေ့ခြမ်းအဖြစ် ပိုင်းခြားသော လူသွားလမ်းကလေး ဆီသို့ သူမတို့လျှောက်လာခဲ့ကြသည်။ ရှေ့ဘက်တွင် ကွင်းပြင်ကြီးရှိ၏။ ကွင်းပြင်ကိုဖြတ်လျှောက်လာစဉ် ကွင်းပြင်တစ်ဖက်ခြမ်းတွင် အိမ်လေးတစ်လုံး ရှိနေသည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရလေ၏။

"အဲဒီမှာ ဘယ်သူနေတာလဲ"

ခရမ်းက မေး၏။

"ဖေဖေ့အတွက် အလုပ်လုပ်ပေးတဲ့ လူတွေနေတယ်လေ"

ထိုအိမ်ကလေးကို မတ်တတ်ရပ် ကြည့်နေကြစဉ် အိမ်ထဲမှ မိန်းမတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။ အိမ်ရှေ့ကပြင်မှ နေ၍ မေတို့သားအမိအား လက်ပြနှုတ်ဆက်နေသည်။ သူမတို့ကို

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့စေလိုဟန်တူ၏။

"ကဲ... သမီးတို့ လာကြဟေ့ တို့ရဲ့အိမ်နီးချင်းတစ်ယောက်နဲ့ ပထမဆုံး သွားတွေ့ကြရအောင်"

ထိုမိန်းမသည် သူမတို့သားအမိအား ငေးကြည့်နေ၏။ အနီးကပ်တွေ့ရသောအခါ မိန်းမကြီးသည် အသက်ငါးဆယ်ခန့်ရှိမည်ဟု ယူဆရသည်။

ဆံပင်ဖြူအနည်းငယ် ရောထွေးနေပြီ။ သွယ်လှသော ခန္ဓာကိုယ်နှင့် ခါးအနည်းကုန်းနေ၏။ ကိုင်းအကွပ်မပါသော မျက်မှန်၏ မှန်ဘီလူးများကြောင့် သူမ၏မျက်လုံးများမှာ ပို၍ပြူးကျယ်နေသည်။ ထိုမိန်းမကြီးသည် မေကို စူးစူးကြီး စိုက်ကြည့်နေ၏။

"အင်း... ဘုန်းမြတ်မင်း ပြောထားတာ တယ်မှန်တာပဲ.. မေသဇင်ကိုမြင်ရင် ခင်ဗျားအံ့ဩသွားလိမ့်မယ်တဲ့ ဒေါ်ခင်မျိုးမြတ်နဲ့ ချတ်စွပ်ပဲဗျတဲ့... ဟုတ်ပ တကယ့်ကို ချတ်စွပ်တူတာပဲ"

မိန်းမကြီးက တုန်လှုပ်စွာဖြင့် ခပ်တိုးတိုးပြောသည်။

"ကိုမင်းက ဒေါ်နွယ်နီအကြောင်း ကျွန်မကို ပြောထားပါသည်။ ဒေါ်နွယ်နီက ဒီမှာနေတာလား... အဒေါ့်ယောက်ျား ဦးမှုန်ရော မတွေ့မိပါလား"

မိန်မကြီးက သူမ၏စကားကို ကြားဟန်မတူပါ။

"ရှင်က ရန်ကုန်ကလား"

"ဟုတ်ပါတယ်"

"အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ငါး"

"အင်း... ကျွန်မသမီး ဝတ်မှုန်က နှစ်ဆယ့်ခြောက်နှစ်၊ သူ ရန်ကုန်ကိုသွားတယ်လို့တော့ ကိုမှုန်က ပြောတယ်။ မင်း သူ့ကို ရန်ကုန်မှာ တွေ့ခဲ့သေးလား"

"အဒေါ့်သမီးကို ကျွန်မ မတွေ့ခဲ့ပါဘူး။ ရန်ကုန်မြို့ဆိုတာ အကျယ်ကြီးပဲ။ အဒေါ်သမီးက ဘာအလုပ်လုပ်လဲ။ ဘယ်မှာနေတာတဲ့လဲ"

"မသိဘူး၊ သူ ဒီခြံက ထွက်ပြေးသွားတာ ဆယ်နှစ်လောက်ရှိသွားပြီ၊ သူဒီလောက်သွားချင်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး။ သူ ကျွန်မတို့နဲ့ နေရတာ ပျော်နေမယ်လို့ပဲ မှတ်တာ"

ဒေါ်နွယ်နီဆိုသော မိန်းမကြီးက နံရံကို စိုက်ကြည့်ရင်း ပြော၏။

"ဝတ်မှုန်ဟာ ကျွန်မတို့ရဲ့ တစ်ဦးတည်းသော သမီးလေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာလေ ဝတ်မှုန်ရဲ့ဓာတ်ပုံ။ သူအိမ်က မထွက်ခင် နှစ်ပတ်အလိုက ရိုက်ခဲ့တာပေါ့''

ဒေါ်နွယ်နီက နံရံပေါ်မှ ဘောင်တပ်ထားသော ဓာတ်ပုံကို လက်ညှိုးထိုးပြသည်။ ဓာတ်ပုံထဲမှ ပြုံးရယ်နေသော ဆယ်ကျော် သက်အရွယ် ကောင်မလေးကို မေ သေသေချာချာ ကြည့်လိုက်မိ သည်။

''ခုဆို... သူ့အိမ်ထောင်ရက်သားကျပြီး ကလေးတွေ ဘာတွေမွေးနေရောပေါ့''

''ကျွန်မ... အဲဒါကို ခဏခဏစဉ်းစားတယ်။ မင်းနဲ့ ကလေးနှစ်ယောက် လာတာမြင်တော့ ဝတ်မှုန်ကလေးတွေနဲ့ ပြန်လ တာအောက်မေ့လို့''

''အဒေါ်သမီးအကြောင်း ကြားရတာ ကျွန်မစိတ်မကောင် ပါဘူးရှင်''

''အို နေပါစေလေ ရပါတယ်။ ဝတ်မှုန်အကြောင်း ပြော တယ်ဆိုတာကို ဘုန်းမြတ်မင်းကို သွားမပြောနဲ့ဦးနော်။ ကျွန်မ မေပွ ရပ်ခံပါရစေ''

''ဘာဖြစ်လို့လဲဟင်''

''ကျွန်မက ဒေါ်ခင်မျိုးမြတ်နဲ့ ဝတ်မှုန်အကြောင်း အမြဲ ပြောလေ့ရှိတာကို ဘုန်းမြတ်မင်းက စိတ်ကုန်နေပြီလို့ ကိုမှုန်က ပြောတယ်။ ဒါကြောင့်လဲ ဘုန်းမြတ်မင်း အဖေသေပြီးတော့ ကျွန်မကို သူ့အိမ်မှာ အလုပ်မလုပ်ခိုင်းတော့ပဲ နားခိုင်းလိုက်တာတဲ့။ ဘုန်းမြတ် မင်းရဲ့ မိဘနှစ်ပါး လက်ထပ်တဲ့အချိန်မှာ ကျွန်မနဲ့ကိုမှုန် ဒီခြံကိုရောက် လာခဲ့တာ။ သူတို့အိမ်ကို ကိုယ့်အိမ်လိုပဲ သဘောထားပြီး ကျွန်မ အထူးဂရုစိုက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။ ခင်မာဆို ကျွန်မ လုပ်ပုံကိုင်ပုံတွေ သိပ်သဘောကျတာ။ ဒါကြောင့်လည်း သူသေတာ တောင် တစ်နေ့နေ့ သူ ကျွန်မအိမ်ထဲ ပြန်ဝင်လာမယ့်အတိုင်းပဲ သူ့စိတ်ကြိုက်ဖြစ်အောင် အစစအရာရာ ကျွန်မလုပ်ထားတာပေါ့.. ကဲ.. ခဏနေကြဦးနော်... မုန့်ဆီကြော်တွေ ကြော်ထားတယ်၊ သွား ယူလိုက်ဦးမယ်''

ဒေါ်နွယ်နီက နောက်ဖေးမီးဖိုချောင်ထဲ ဝင်သွားပြီး ခဏကြာ တော့ ပြန်ထွက်လာ၏။ သူလက်ထဲတွင် မုန့်ဆီကြော် အများအပြား ပါလာ၏။ အိမ်ရှေ့ သင်ဖြူးဖျာပေါ်တွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။ ခရမ်းနှင့် မိုးပြာကတော့ ပူပူနွေးနွေး မုန့်ဆီကြော်များကို အငမ်းမရ စားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကလေးတွေ အရွယ်တုန်းက မောင်ဘုန်းကို ကျွန်မ သတိရမိသေးတယ်။ သူအတွက် မုန့်ဆီကြော်တွေ အမြဲလုပ်ပေးရတယ်လေ။ သူအမေ ဈေးသွားဝယ်ရင် သူ့ကို ကျွန်မနဲ့ပဲ ထားခဲ့တာ။ မောင်ဘုန်းဟာ ကျွန်မမွေးထားတဲ့ သားတစ်ယောက်လိုပါပဲ။ မောင်ဘုန်းလို မအေကို သိပ်ချစ်တဲ့ကလေးမျိုး မတွေ့ဖူးဘူး။ အမေကို မျက်စိအောက်က အပျောက်မခံတဲ့ ကလေးပေါ့"

အင်း... ဟုတ်မှာပါ... ကိုမင်းက အမေကို သိပ်ချစ်ရှာတဲ့ သားပါ။ ခေါင်းရင်းဘက်နံရံတွင် ချိတ်ဆွဲထားသော နာရီကို လှမ်းကြည့်မိသွားသည်။ ဆယ့်နှစ်နာရီထိုးနေပြီပဲ။ ကိုမင်း အိမ်ပြန်ရောက် လောက်ပြီပေါ့။

"ဒေါ်နွယ်နီ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးနော်။ ကျွန်မတို့ ဆီကိုလည်း လာလည်ပါဦးရှင်"

"ကိုမှုန်က အဲဒီအိမ်ကြီးကို မသွားစေချင်ဘူး။ ဒါပေမယ့် ကျွန်မ သူ့ကိုအရူး လုပ်ထားတယ်။ အဲဒီအိမ်ကို နိုးဝင်ပြီး အားလုံး အဆင်ပြေအောင် လုပ်ပေးပါတယ်။ မင်းတို့သားအမိ နောက်ထပ် အေးအေးဆေးဆေး လာလည်ကြဦးပေါ့။ ကျွန်မက စည်သည် မျှော်နေတာ"

ဒေါ်နွယ်နီက သူမတို့အား မုန့်ဆီကြော်တစ်ပန်းကို အိမ်ပြန် လက်ဆောင်အဖြစ် ထည့်ပေးလိုက်သည်။

"နေ့ခင်းဆာရင် အဆာပြေစားလို့ရတာပေါ့"

အိမ်ရှေ့အထိ လိုက်ပို့ပေးပြီး သက်ပြင်းချ၍

"အင်း... ဝတ်မှုန်ကို မနက်ပြန်ကျမှ စပြီးရှာရမှာပဲ"

သူမလေးသံသည် မသဲမကွဲ ပြန်ဖြစ်လာတယ်။

ဒေါ်နွယ်နီဟာ သနားစရာ အကောင်းသား။ တစ်ဦးတည်း သော သမီးလေးနှင့် ကွဲကွာသွားရတာ ဆယ်နှစ်တောင်ရှိသွားပြီ ဆိုပါလား။ ငါသာ သူလိုဖြစ်ရင် ရူးသွားမှာပဲ။

မေတွေးနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

"လာ နောက်ဖေးပေါက်ကဝင်ပြီး ဖေဖေကို သရဲခြောက်ကြမယ်"

မီးဖိုချောင်တံခါး မဖွင့်မီမေက ကလေးများအား တိုးတိုးလေးပြောလိုက်၏။ သမီးနှစ်ယောက်က မျက်လုံးလေးတစ်လက်လက်ဖြင့် ခေါင်းညိတ်ပြကြသည်။ မေသည် တံခါးလက်ကိုင်ကို အသာလေးဆွဲဖွင့်လိုက်သည်။

ကိုမင်း၏အသံကို အရင်ဆုံးကြားလိုက်ရ၏။ ထမင်းစားခန်းထဲမှ ထွက်ပေါ်လာနေသော အသံဖြစ်သည်။ ကိုမင်းသည် တစ်စုံ

တစ်ယောက်အား ဆူပူကြိမ်းမောင်းနေခြင်းဖြစ်ပြီး သူ့အသံမှာ တစ်စ တစ်စ ပိုတွယ်လာ၏။

"ဟို အစွန်းကွက်က ကျွန်တော့်လက်ချက်ပါလို့ ခင်ဗျားမို့ ပြောဝံ့တယ်ဗျာ။ ဘာကိစ္စ ပန်းချီဆေးစက်တွေ ဖြစ်ရမှာလဲ။ ပြတင်းပေါက်ဘောင်ကို ခင်ဗျားဆီသုတ်တဲ့ အဝတ်နဲ့သုတ်တုန်း နံရံကပ်စက္ကူကို ခင်ဗျားထိမိလို့ နေမှာပေါ့။ ခုကြည့်၊ တစ်ခန်းလုံး စက္ကူတွေ အသစ်ပြန်လဲပြီး ကပ်ရတော့မယ်။ ဒီစက္ကူဒီဇိုင်းပုံစံကွက်မျိုး ဝယ်ရတာ ဘယ်လောက်ခက်ခဲလဲ ခင်ဗျားသိလား။ ဒီဆီသုတ်တဲ့ အဝတ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော် ခင်ဗျားကို သတိပေးတားတာ ဘယ်နှစ်ခါရှိပြီလဲ"

"ဆရာကြီးရယ်... ကျွန်မ ... ကျွန်မ"

ဒေါ်စိန်၏ ခုခံကာကွယ်၍ ပြောဆိုသံကလည်း အတော်လေးကျယ်သည်။

"ဒီလိုဖြစ်ရတဲ့ကိစ္စ ကျွန်တော့်အပေါ် ခင်ဗျားအပြစ် လွှဲချနေတာ ပြန်တောင်းပန်စမ်း၊ မတောင်းပန်ချင်ရင် ဒီအိမ်က ထွက်သွား။ ဘယ်တော့မှ ပြန်မလာနဲ့တော့"

တိတ်ဆိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

"မေမေ"

မိုးပြာလေးက ကြောက်လန့်ပြီး တိုးတိုးလေး ခေါ်သည်။

"ရှူး တိတ်တိတ်နေ"

မေက ပြောလိုက်၏။

ကိုမင်းတစ်ယောက် နံရံကပ်စက္ကူပေါ်မှ အစွန်းကွက်လေး
တစ်ခုအတွက် ဒီလောက် ခေါသထွက်နေရသလား။ ဟုတ်မှဟုတ်
လား။ ဒီပြဿနာထဲ ငါဝင်မပါတာပဲ ကောင်းပါတယ်။ ငါ ဘာ
ဝင်လုပ်နိုင်မှာမှ မဟုတ်ပဲ။

"ကျွန်မ တောင်းပန်ပါတယ်"

ခေါ်စိန်က အသံကိုကြားလိုက်ရသည်။

ကလေးနှစ်ယောက်အား အပြင်သို့ ခေါ်ထုတ်ပြီး မေ တံခါး
ကို ပြန်ပိတ်လိုက်တော့သည်။

(၈)

"ဖေဖေ ဘာလို့စိတ်ဆိုးနေတာလဲ"

ခရမ်းက မေး၏။

"မမေလည်း မသိဘူးကွယ်။ သူ့အော်သံကို တို့မကြားချင်
ယောင်ဆောင်နေကြရအောင်နော် ဟုတ်လား"

"သမီးတို့ သူ့အော်တာကြားသားပဲ"

မိုးပြာလေးက အလေးထား၍ ပြောလိုက်သည်။

"မေမေ သိပါတယ်။ ဒီဥစ္စာ မေမေတို့ သမီးတို့နဲ့ ဘာမှ
မဆိုင်ဘူး။ ကဲလာ.. အိမ်ထဲပြန်ဝင်ကြစို့"

ရှေ့ဘက်တံခါးမှာ အိမ်ထဲသို့ ဝင်လာခဲ့ကြ၏။ အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

မရောက်မီ မေအော်ခေါ်လိုက်သည်။

"ကိုမင်းရေ"

ကိုမင်းထံမှ ပြန်ထူးသံကို မစောင့်ဘဲ သူမက ထပ်အော်လိုက်ပြန်တယ်။

"ကိုမင်း အိမ်ပြန်ရောက်နေပြီလား"

ကိုမင်းသည် မီးဖိုထဲမှ ပြုံးရွှင်စွာဖြင့် ပြေးထွက်လာ၏။ သူ၏အမူအရာမှာ ဒေါသဖြစ်နေသူနှင့် လုံးလုံးမတူပေ။

"မင်းတို့ ဘယ်သွားနေတာလဲ၊ ခုပဲ ဒေါ်စိန်ကို မေးနေတာ၊ မင်းတို့ထွက်သွားတော့ ကိုယ်စိတ်ပျက်သွားတယ်။ မင်းတို့ကို ကိုယ်က ကိုယ်တိုင်ခြံထဲ လိုက်ပြချင်တာ"

"ရှင် လိုက်ပို့ပေးမယ်ဆိုတာသိလို့... ဟိုရှေ့က ကွင်းဘယ်ကိုပဲ ကျွန်မတို့ လျှောက်သွားတာလေ... လေကောင်းလေသန့်လေးလည်း ရှုရအောင်လို့ပေါ့"

သူမလက်ထဲ၌ ကိုင်ထားသော ပန်းကန်ကို ကိုမင်း ယူသွားသည်။

"ဒါ ဘာလဲ"

"ဒေါ်နီနီက မေမေ့ကို ပေးလိုက်တာ"

ခရမ်းက ဝင်ဖြေသည်။

"ဒေါ်နွယ်နီပါကွယ်"

မေက ပြင်ပြောသည်။

"ဘာလဲ မင်းတို့ ဒေါ်နွယ်နီအိမ် သွားလည်ကြတာလား"

"သူက ကျွန်မတို့ကို လက်ပြပြီးခေါ်လို့ သူခေါ်တာ မြင်ရက်နဲ့ မဝင်ရင် ရိုင်းရာကျမှာပေါ့"

"အို... ဒေါ်နွယ်နီကတော့ သူ့အိမ်ရှေ့ဖြတ်တဲ့သူတိုင်းကို လက်ပြနေတာပဲ၊ မင်း ကိုယ်လိုက်ပို့ပေးတာကို စောင့်နေသင့်တာပေါ့၊ အိမ်မိန်းမကြီးက စိတ်သိပ်မနှံ့ဘူး။ သူကို မင်းလိုက်လျောမိရင် မင်းကို သူကြိုးကိုင်ပြပါလိမ့်မယ်။ သူယောကျ်ားဦးမှုန်ကို သူမိန်းမ ကိုယ့်အနားမကပ်စေနဲ့ မှာထားရတယ်။ သူကို ဒီအလုပ်မလုပ်နဲ့တော့လို့ အငြိမ်းစားပေးလိုက်တာတောင် ဒီအိမ်ပေါ်လာပြီး ရှုပ်သေးတယ်။ ကိုယ် အိမ်ပြန်လာရင် သူနဲ့ပက်ပင်း တိုးတာပဲ၊ အင်း... သနားဖို့ကောလည်း ကောင်းပါတယ်။ ညည်ကျရင် စကြိုလမ်းထဲ လျှောက်သွားတဲ့ သူခြေသံတွေ၊ ပြီးတော့ ကိုယ့်အခန်းထဲမှာ သူလာရပ်နေတာလေ ကိုယ်မှာ ညဉ့်နက်သန်းခေါင်လန့်ပြီး နိုးရရော"

ဘုရားရေ ဒေါ်နွယ်နီက စိတ်မနှံ့တဲ့သူတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် သူကြည့်ရတာ တစ်မျိုးပဲလို့ ထင်မခဲ့မိသား။

သနားစရာကောင်းလိုက်တာ။ ၊

(၉)

"ဒါ ဦးမှုန်တဲ့ ဒီအိမ်ကြီးနဲ့ခြံကို တကယ်အုပ်ချုပ်ပေးနေသူပေါ့"

ကိုမင်းက မေအား ဦးမှုန်နှင့် မိတ်ဆက်ပေးသည်။ ဦးမှုန်သည် အသက်ခြောက်ဆယ်ခန့်ရှိပြီး ဂင်တိုတိုဖြစ်သည်။ သူမျက်နှာက အသားအရေများ ရွှံ့တွတွဲရွဲကျနေသည်။

"ကိုယ်ကတော့ ယောင်ခြောက်ဆယ်သမား"

ကိုမင်းက သူ့ကိုယ်သူပြောလိုက်၏။ ဦးမှုန်သည် ကိုမင်း၏စကားကို မည်သို့မျှ စောဒကတက်ခြင်း မပြုဝံ့ကြောင်း မေအံ့သြစွာတွေ့ရ၏။

"ဒီမှာနေရတာ ပျော်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

ဦးမှန်က မေးသည်။

"ဟော်ပါတယ်... ဒီနေရာကို ကြိုက်ပါတယ်"

"မြို့သူတစ်ယောက်အဖို့တော့ အများကြီးခြောင်းလဲသွားတာပေါ့၊ ရယ်စရာကောင်းသား တောသူမလေးတွေက မြို့ကိုသွားချင်တယ်၊ မြို့သူတွေက ကျေးလက်ဒေသကို နှစ်သက်သတဲ့လေ"

ဦးမှန်သည် သူသမီးဝတ်မှန်အကြောင်း သတိရပြီး ခါးသီးစွာပြောနေတာများလား။

"မေသဇင်နဲ့ ကလေးတွေ ဒီကိုရောက်လာတာ ကျုပ်မိန်းမသိပ်ဟော်နေတယ်၊ မေသဇင်ဆီ သူလာလည်ရင် ကျုပ်ကို အသိပေးစမ်းပါ။ နွယ်နီဟာ သူများကို မနှောင့်ယှက်တတ်ပေမယ့် တစ်ခါခါသူစိတ်နဲ့သူကိုယ် မဟုတ်ဘူး"

ဦးမှန်သည် သူမိန်းမနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်လိုက်ပုံရ၏။

"ကျွန်မ သူဆီသွားလည်ရတာ ဟော်ပါတယ်ရှင်"

မေက ပြောလိုက်သည်။ ဦးမှန်၏မျက်နှာ အနည်းငယ်ရဲလျှောသွားသည်။

"ကြားရတာ ဝမ်းသာပါတယ်။ ခုလည်း မေသဇင် သမီးလေးတွေဝတ်ဖို့ ဆွယ်တာလေးတွေ ကိုယ်တိုင်ထိုးပေးမလို့ လုပ်နေလေရဲ့"

"အို... ရပါတယ်ရှင်"

ဦးမှန်ကို နှုတ်ဆက်ပြီး ပြန်ထွက်လာတော့ လမ်းမှာကိုမင်းက

"မေ... ခေါ်နွယ်နီကို သိပ်ပြီးအရောမဝင်နဲ့နော်"

"စိတ်ချပါ ကိုမင်းရယ်... သူက တစ်ယောက်တည်းနေရတာ မဟုတ်လား၊ သနားစရာတော့ ကောင်းမိတယ်"

"မေ့ကို မေးရဦးမယ်.. မေနဖူးစပ်နားလေးက ဒဏ်ရာကဘာဖြစ်တာလဲ ဟင်"

ကိုမင်းက စကားလွဲသလို သူ့စိတ်နဖူးမှ အမာရွတ်အကြောင်းကို မေးသည်။

"အဲဒါက ကျွန်မဆယ့်ခြောက်နှစ် သမီးတုန်းက ကားတိုက်လို့ရတဲ့ ဒဏ်ရာပေါ့၊ ဟိုဘက်ယာဉ်ကြောကနေ ကားက ကျွန်မတို့ယာဉ်ကြောဘက်ကို ချော်ပြီး ခေါင်းချင်းဆိုင်ဝင်တိုက်တာ"

"အဲဒီတုန်းက မေ သိပ်ကိုလန့်သွားမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ဘာကိုမှ မမှတ်မိတော့ဘူး"

မေက ရယ်၍ပြောလိုက်သည်။

"ကျွန်မ ကားမတိုက်ခင်လေးတင် ထိုင်ခုံကိုခေါင်းမှီပြီး အိပ်ငိုက်နေတာ နောက်သုံးရက်ကြာလို့ အိပ်ရာက ပြန်နိုးလာတာတော့ ဆေးရုံပေါ်ရောက်နေမှန်း သိရတာ။ ကျွန်မ ခေါင်းကွဲသွားတယ်။ အဘွားဆို စိုးရိမ်လိုက်တာ။ ဘာပြောကောင်းမလဲ။ ကျွန်မ ပြန်ကောင်းလာတော့ ဦးနှောက်တော့ကောင်းမှာ မဟုတ်ဘူးလို့ သူကထင်ထားတယ်။ ကျွန်မနောက်တော့ ခေါင်းမကြာမကြာ ကိုက်နေတတ်တယ်။ အတန်းတင်စာမေးပွဲ ဖြေခါနီးမှာလဲ အိပ်ရာထဲကထပြီး လမ်းလျှောက်တတ်တယ်။ စိတ်တင်းလုပ်မှုကြောင့် ဖြစ်တာလို့ ဆရာဝန်ကပြောတယ်လေ··· နောက်တော့လဲ အဲဒါတွေ ပျောက်သွားပါတယ်"

(၁၀)

"ကိုယ့်ကို သတိရနေမှာလား ပြောလေ"

"အို လွမ်းနေမှာပေါ့ လေးရက်လောက် ခွဲရတာ နည်းတာ မဟုတ်ဘူး"

မေ သက်ပြင်းချမိသည်။

ကိုမင်းတစ်ယောက် အလုပ်ကိစ္စနှင့် ရန်ကုန်ကို သွားရဦးမည်တဲ့··· ဒီရက်သတ္တသုံးပတ်ခန့်အတွင်း သူမသည် ဦးမှုန်၊ ရဲရင့်၊ ဒေါ်စိန်နှင့် ဒေါ်နွယ်နီဟူသော လက်တဆုပ်စာ လူအချို့နှင့်သာ စကားပြောခဲ့ရသည်။ ကိုမင်းမရှိရင်တော့ သူမတစ်ယောက် ပျင်းနေရတော့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် ဖုန်းဆက်မှာပေါ့"

အိမ်ထဲရှိ တယ်လီဖုန်းသည် တစ်ခါမှ အသံမြည်လေ့ မရှိတာကို သူမ သတိပြုမိသည်။

"ဒီဖုန်းကို ခေါ်မယ့်သူ မရှိဘူးလား"

"ဒီခြံကို ဖုန်းလာရင် ရုံးခန်းကိုပဲရောက်တယ် ကိုယ်ကိစ္စ တစ်ခုခုပြောစရာရှိလို့ ကိုယ်က စောင့်မျှော်နေတဲ့အခါမှသာ အဲဒီ ရုံးခန်းကနေ ဒီအိမ်ဖုန်းကို ဆက်သွယ်ခိုင်းထားတယ်၊ ဒါမှမဟုတ်ရင်တော့ ရုံးခန်းထဲမှာ ဖုန်းလာရင် အိမ်ဖော်ကို ဘဲလ်တီးခေါ်လိုက်လိမ့်မယ်"

"ရုံးခန်းထဲမှာ ဘယ်သူမှမရှိရင်ရော"

"ဒါဆို သူအလိုအလျောက် အသံဖမ်းစက် တစ်ဖက်က ဖုန်းဆက်သူ မှာချင်သမျှ ပြောသမျှကို အသံဖမ်းထားပေးမှာပေါ့"

"ဘာလို့ ဒီလိုလုပ်ထားရတာလဲ ကိုမင်းရဲ့"

"လောကမှာ ကိုယ်အမုန်းဆုံးကိစ္စ တစ်ခုဟာ တဂွမ်ဂွမ်မြည်လေ့ရှိတဲ့ တယ်လီဖုန်းအသံပဲ၊ သိပ်အာရုံပျက်တဲ့ဟာ အေး-ကိုယ်ခရီးထွက်နေတဲ့အခါကျရင်တော့ မင်းဆီကိုကိုယ် တိုက်ရိုက်ဆက်လို့ရအောင် ဒီအိမ်ထဲက ဖုန်းနဲ့ တိုက်ရိုက်လိုင်း ဆက်သွယ်ထား

ဖို့ ဦးမှုန်ကို ကိုယ်မှာထားပြီးသားပါ"

မေက စောဒကတက်လိုက်ချင်သေးသော်လည်း စိတ်လျှော့ချလိုက်ရသည်။ ဤဒေသမှာ နေထိုင်သူများနှင့် မိတ်ဆွေဖြစ်လာတဲ့အခါကျရင်တော့ သမားရိုးကျ ဖုန်းလိုင်းအတိုင်းထားရှိဖို့ ကိုမင်းကို စည်းရုံးနားချရပေလိမ့်မည်။

"ညော်...တစ်ခုကိုယ် မှာထားရဦးမယ်"

"ဘာလဲ ကိုမင်း"

"ကိုယ် ခရီးထွက်နေတဲ့အခိုက် ဒီအနီးအနားပတ်ဝန်းကျင်က လူတွေကို သိပ်ရောရောဝင်ဝင် မနေပါနဲ့"

"ဘာဖြစ်လို့လဲ"

"ဘာလို့လဲဆိုတော့ မင်းကို ကိုယ်သိပ်ချစ်ရလွန်းလို့ပဲပေါ့ မေရယ်၊ မင်းကို ကိုယ်ကလွဲပြီး တခြားဘယ်သူမှ ချစ်ခွင့်မပေးနိုင်ဘူး ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ကိုမင်းက သွားခါနီးတွင် သူမအား တဖွဖွမှာလို့မဆုံးနိုင်ခဲ့။

"မင်းကို သတိရနေမှာပါ။ ညညကျ တံခါးတွေ သော့ခတ်ဖို့ မမေ့နဲ့နော်၊ မြို့ထဲဝယ်ခြမ်းစရာရှိရင် ရဲရင့်ကို ကားမောင်းပို့ခိုင်း"

"ကျွန်မကလေး မဟုတ်ပါဘူး ကိုမင်းရယ်၊ ဒီလောက်အထိ ပူမနေစမ်းပါနဲ့" လို့တောင် သူမက ပြန်ပြောခဲ့ရသည်။

"ကိုယ်မနေတတ်ဘူးကွာ ညကျရင် ရန်ကုန်ကနေ မင်းဆီကို ဖုန်းဆက်လိုက်မယ်သိလား"

ထိုနေ့ညတွင် မေသည် အိပ်ရာထဲ၌ စာဖတ်ရင်း ဖုန်းမျှော်နေရသည်။ အိမ်ကြီးတစ်ခုလုံး ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။

စကြဲလမ်းတဘက်မှ အိပ်ရာထဲယောင်ပြီး စကားပြောနေသော မိုးပြာ၏ အသံကို တစ်ချက်တစ်ချက် ကြားရသည်။

မိုးပြာလေးတောင် အရင်လို အိပ်မက်ထဲ ထမဝိုတော့ပေ။ အခန်းထဲသို့ သူမမျက်စိ ကစားကြည့်လိုက်သည်။ ဗီရိုတံခါး အနည်းငယ် ဟနေ၏။

ညတိုင်းဝတ်နေကျ ကိုမင်းအမေဂါဝန်ကို ကုလားထိုင်ပေါ်လွှား၍ တင်ထားခဲ့မိသည်။

ကိုမင်းသာမြင်ရင်တော့ သဘောကျမည်မဟုတ်။ ကိစ္စမရှိ။ ဒီနေ့ညတော့ သူမလွတ်လွတ်လပ်လပ် နေနိုင်သည်ပဲ။ စာအုပ်ကို ပြန်ကောက်ဖတ်နေလိုက်သည်။

ခဏကြာတွင် ဖုန်းမြည်လာသည်။ သူမစိတ်စောစွာဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို...ကို"

"ကိုယ့်ကို နှုတ်ဆက်တာ တယ်ချိုပါလား မေ"

အို...ဝေလျှံ အသံပါလား

"ဝေလျှံ"

သူမ ငေါက်ကနဲ ထထိုင်လိုက်ရာ ရင်ဘတ်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်သည် ကြမ်းပြင်ပေါ်သို့ ဖုန်ကနဲ ပြုတ်ကျသွား၏။

"ရှင်ဘယ်က ဆက်တာလဲ"

"မန္တလေးကလေ...ကိုယ်တို့ ရုပ်ရှင်အဖွဲ့ မန္တလေးမှာ လာရိုက်နေကြတာ"

မေစိတ်ရွှတ်သွား၏။ ဒီဖုန်းနံပါတ် ဘယ်လိုရသွားပါလိမ့်။

"ဟုတ်လား"

"ကလေးတွေရော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်"

"ကိုယ်သူတို့ကို လာတွေ့ဦးမယ်၊ ကိုယ့်သမီးလေးတွေကို တွေ့ချင်တယ်၊ ဘုန်းမြတ်မင်းရော ဘယ်မှာလဲ"

ကိုမင်း လေးရက်ကြာ ခရီးထွက်နေတယ်ဆိုတော့ မပြောရင် ပိုကောင်းလိမ့်မည်ဟု သူမတွေးမိသည်။

"သူ အခု အပြင်သွားနေတယ်"

"မင်း အိမ်ကို ဘယ်လိုလာရမလဲ လမ်းညွှန်စမ်းပါ၊ ကိုယ် လာခဲ့မလို့"

"ရှင် ဒီလိုမလုပ်ပါနဲ့ ဝေလျှံ၊ ကိုမင်း သိရင်ဒေါသူပုန် ထိလိမ့်မယ်၊ ရှင် ကျွန်မဆီ လုံးဝလာခွင့် မရှိဘူး"

"ကိုယ်ကလေးတွေကို လာတွေ့ခွင့်ရှိတယ်၊ မင်းနဲ့ကလေး တွေ ပျော်ရဲ့လားဆိုတာ ကိုယ်သေသေချာချာ လာကြည့်ချင်တယ်၊ မင်းရောကိုယ်ပါ နှစ်ယောက်စလုံးမှားခဲ့ကြတယ်ပဲထားဦး၊ ဒီကိစ္စကို ကိုယ်တို့ ပြန်ဆွေးနွေးချင် ဆွေးနွေးကြတာပေါ့၊ ကဲ...မင်းအိမ်ကို ဘယ်လိုကလာရမလဲ"

"ရှင်မလာပါနဲ့"

"ဒီမယ်...မေသစင်...မင်းယောကျ်ားက မြို့မျက်နှာဖုံးပဲ။ သူအိမ်ကို မြို့ကလူတွေ မသိပဲ နေမှာတဲ့လား"

မေဖုန်းကိုင်သောလက်မှာ ချွေးပြန်လာသည်။ ဘုန်းမြတ်မင်း ဖြံသို့ လမ်းပြပေးရန် မေးမြန်းသော ဝေလျှံနှင့် ပတ်သတ်၍ မြို့သူ မြို့သားတွေ အတင်းအဖျင်းပြောကြလျှင် ခက်ဦးမယ်။ သူက သူမရဲ့ ခင်ပွန်းဟောင်းဆိုတာ ဖွင့်မပြောပဲနေမှာမဟုတ်။

"မလာပါနဲ့ ဝေလျှံရယ်၊ ရှင်ကြောင့် ကျွန်မတို့အားလုံး ကမောက်ကမ ဖြစ်ကုန်လိမ့်မယ်၊ ကျွန်မနဲ့ကလေးနှစ်ယောက်စလုံး ပျော်နေပါတယ်။ ရှင့်အပေါ် ကျွန်မအမြဲကောင်းခဲ့ဘာပဲ ရှင်ပိုက်ဆံ လာချေးတဲ့အခါတိုင်းလဲ ကျွန်မ မပြေလည်တောင် ရှင့်ကိုငြင်းခဲ့ဖူး သလား ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် မေရယ်၊ ခုလဲ မင်းက သဋ္ဌေးကတော် ဖြစ်နေပြီ။ ကိုယ်ရေခမ်းနေလို့ပါ။ ဟို ကိုယ်တို့ အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေ ရောင်းရတဲ့ ပိုက်ဆံတစ်ဝက် ကိုယ့်ကို ပေးပါလားဟင်"

မေ သက်ပြင်းချမိသည်။ ဝေလျှံသည် ပိုက်ဆံကြောင့် သူမကို ဆက်သွယ်လာခြင်းဖြစ်သည်။ တော်ပါသေးရဲ့။

"ပိုက်ဆံ ဘယ်လိုပို့ရမလဲ ပြော"

"ကိုယ်... ကိုယ်တိုင်လာယူမယ်"

ဝေလျှံတစ်ယောက် လူကိုယ်တိုင် လာတွေ့ဖို့ သံနှိုင္ဌာန်ချထား ပြီးဖြစ်ပုံရသည်။

သူ့ကို ဒီအိမ်ဒီမြို့ကို ဘယ်နည်းနဲ့မှ လာခွင့်မပြုချင်ပါ။ ကိုမင်းသိရင် ခက်လိမ့်မည်။ ပြီးတော့ ဝေလျှံဒီထက် နောင့်ယှက်လာ ရင် ဘယ်လိုလုပ်မလဲ။ ပိုက်ဆံပေးလိုက်ရင် သူ့ဘက်က လျှော့သွား မယ်ထင်ရဲ့။

ဝေလျှံအား နောက်နေ့ နေ့လည် (၁) နာရီတွင် မြို့၏မထင် မရှား စားသောက်ဆိုင်လေး၌ တွေ့မည်ဟုပြောပြီး လမ်းညွှန်ချက်ပါ ပေးလိုက်သည်။ ဖုန်းချပြီးသောအခါ ခေါင်းအုံးပေါ် ပြန်လဲချလိုက် သည်။

ကိုမင်း ဖုန်းဆက်လာမှာကို သူမစိုးရိမ်နေမိပြီ။

ဝေလျှံနှင့် ချိန်းတွေ့မည့်အကြောင်း ဖွင့်ပြောရကောင်းမလား။ ဖုန်းမြည်သံ ထပ်ကြားရသည်။

"ကိုယ်... မင်းကို သိပ်သတိရတာပဲ မေ၊ ကလေးတွေ အိပ်ခါနီး ကိုယ့်ကိုမေးကြသေးလားဟင်"

ကိုမင်း စိတ်အနောင့်အယှက်ဖြစ်သွားဦးမယ် ဝေလျှံ အကြောင်း မပြောဘဲနေမှ။

"အို... မေးတာပေါ့ ကိုမင်းရဲ့၊ ဖေဖေပြန်လာရင် အရုပ် လေးတွေ ဝယ်လာခဲ့ဖို့ မှာမလို့ မေ့သွားတယ်တဲ့ မိုးပြာလေးက ပြောနေတယ်"

"ဟုတ်လား... ကိုယ်ဝယ်ခဲ့ပါ့မယ်... ဘာအရုပ်လေး ဝယ်ပေးရကောင်းမလဲဟင်"

"သူတို့က မိန်းကလေးဆိုတော့ ဘိုမရုပ်လေးတွေ ဘာတွေ ပဲကြိုက်မှာပေါ့ ကိုမင်းရဲ့"

"အင်း အင်း.. အမေကြီးရော ဘာမှာဦးမလဲ"

"ဟင့်အင်း ဘာမှ မမှာတော့ပါဘူး... ကိုမင်း နေကောင်း အောင်နေနော်"

www.burmeseclassic.com

www.burmeseclassic.com

"အေးပါ... ကဲ ကဲ.. မေ အိပ်ရေးပျက်မယ် အိပ်တော့ ကိုယ်ဖုန်းချလိုက်တော့မယ်"

ဝေလျှံအကြောင်း ဖွင့်ပြောမှပါပဲ။

"ကိုမင်း"

"ဆို"

ပြောလိုက်လို့ ကိုမင်းစိတ်ပူပြီး ပြန်လာနေမှ အခက်။

မေရယ်လိုက်၏။

"ဟိုလေ... ကျွန်မ ရှင့်ကို ချစ်တယ် သိလား အဲဒါ ပြောမလို့"

"ကိုယ်လည်း မင်းလိုပါပဲကွာ... ကဲ ကဲ ဝွတ်နိုက်"

ဖုန်းချသွားပြီ။ သူမ အိပ်မပျော်ပါ။

ဝေလျှံ... ကျွန်မတို့ရဲ့ ပျော်စရာကောင်းတဲ့ ဘဝသစ်ကို ရှင့်ကိုဘယ်နည်းနဲ့မှ လာပြီး ဖျက်ဆီးခွင့် မပေးနိုင်ဘူး သိရဲ့လား။

(၁၂)

ဝေလျှံနှင့်တွေ့ရန် ချိန်းထားသော စားသောက်ဆိုင်သို့ သူမ ရောက်သွားသောအခါ တစ်နာရီ မိနစ်နှစ်ဆယ် ရှိပြီဖြစ်၏။

ဝေလျှံက သူမအရင်ရောက်နှင့်နေသည်မှာ အံ့ဩစရာ ကောင်းလှ၏။ ဝေလျှံ၏ရှေ့တွင် အအေးခွက်မှာ တစ်ဝက်မျှသာ ကျန်တော့သည်။ မေက ထိုင်ခုံတွင် ဝင်ထိုင်ပြီး ဝေလျှံအား မျက်နှာ ချင်းဆိုင်ကြည့်လိုက်သည်။

တစ်ချိန်က သူမအား စွဲဆောင်နိုင်လွန်းတဲ့ ရီဝေဝေမျက်လုံး နှင့် မခို့တရို့အပြုံးကို ဝေလျှံက ပြုံးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

"မင်းကို သိပ်သတိရတာပဲ... ကလေးတွေကိုလဲ လွမ်းတယ်"

မေက နှုတ်ခမ်းကို မလှမပဖြစ်အောင် မဲ့ပစ်လိုက်ပြီး

"တော်စမ်းပါ... ဒီလိုစကားတွေ နားထောင်ဖို့လာတာ မဟုတ်ဘူး"

"အေးလေ... မင်းက အဆင့်မြင့်သူဌေးကတော်ကြီး ဖြစ်သွားပြီ ဆိုတော့ ကိုယ့်လို မျက်နှာမွဲတစ်ယောက်ရဲ့ စကားတွေက မင်းနားထဲ ခါးနေမှာပေါ့"

"ရှင် အပိုတွေ ပြောမနေနဲ့၊ ရှင့်ခေါင်းထဲမှာ ကျွန်မတို့ သားအမိရှိခဲ့ရင် ဒီလိုအဖြစ်မျိုးတွေ ဖြစ်လာစရာအကြောင်းမရှိဘူး"

"ကိုယ့်အမှားတွေလို့ပဲ ထားလိုက်ပါတော့၊ မင်းဟာ ကိုယ့် အတွက် အနားမှာအမြဲရှိနေမှာပဲလို့ ယုံကြည်ခဲ့တယ်။ မေ ကိုယ်တို့ ပြန်ပေါင်းကြရအောင်လား"

"ရှင် ရူးနေလား ဝေလျှံ ဟင်"

"ဟင့်အင်း ... ကိုယ်မရူးပါဘူး၊ မင်းအပေါ် ကိုယ်အချစ် မပြယ်သေးပါဘူး မေရယ်"

ဝေလျှံက တကယ်ခံစားနေရသလို ပုံစံမျိုးနှင့်ပြောစ်

သွားစမ်းပါ ဒီအမူအရာ ဒီလေသံမျိုးတွေနဲ့ ကင်မရာရှေ့မှာပဲ သရုပ်ဆောင်လို့ရမယ်။

ကျွန်မရှေ့မှာ လာမပြောနဲ့... မလွမ်းတော့ဘူး။

သမီးနှစ်ယောက်ကို ခုတုံးလုပ်ပြီး သူမဘဝထံ လိုက်နှောင့်ယှက်ဘို့ ကြံစည်နေမှာကို သူမစိုးရိမ်မိသည်။

မေ ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။

"ဝေလျှံ ကျွန်မ အိမ်ပြန်မှဖြစ်ခယ်၊ ရော့ ... ဒီမှာ ငွေသုံးသိန်း။ နောက်ထပ် ကျွန်မကို မဆက်သွယ်ပါနဲ့ ကလေးတွေလည်း မတွေ့ချင်ပါနဲ့၊ တွေ့ဖို့ မကြိုးစားပါနဲ့။ အဲလိုလုပ်ရင် ကိုဘုန်းမြတ်မင်း အတွက်ရော ကျွန်မနဲ့ရှင့်အတွက်ပါ ဒုက္ခရှာသလို ဖြစ်သွားမယ်"

ဝေလျှံက မေပေးတဲ့ ပိုက်ဆံတွေကိုယူပြီး သူ့ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်သည်။

"မေ... ကိုယ့်စိတ်ထဲမှာ ရှိတဲ့အတိုင်းပြောရရင် မင်းနဲ့ ကလေးတွေအတွက် မကောင်းတာ တစ်ခုခုဖြစ်မယ်လို့ ထင်နေတယ်။ ဘာမှန်းလည်း မပြောတတ်ဘူး တကယ်ပြောတာ"

မေ မတ်တပ်ထရပ်လိုက်သည်။

"ကျွန်မတို့သားအမိကို မနှောင့်ယှက်ပါနဲ့တော့။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

အသနားခံပါတယ်။ ကျွန်မ သတိပေးစမ်းပါရစေ ဝေလျှံ.. ကျွန်မ တို့မိသားစုကို ရှင်မေ့ထားလိုက်ပါတော့''

ပြောပြီး သူမချာခနဲ လှည့်ထွက်လာခဲ့သည်။

ပြတင်းပေါက်နှင့် ကပ်လျက်စားပွဲမှ မိန်းမနှစ်ယောက်သည် သူမတို့အား မသိမသာ အကဲခတ်လျှိုက်ရှိနေလေ၏။

(၁၃)

ဝေလျှံနှင့် သွားတွေ့တာကို ကိုယ့်ဘာသာ လိပ်ပြာမသန့်ဘဲ စိတ်ညစ်နေတာမျိုး မရှိခဲ့ရင် ကိုယ်မင်းဆီက ဖုန်းမလာတာကို သူမ စိုးရိမ်ပူပန်စရာအကြောင်း ရှိမည်မဟုတ်ပေ။

ကိုမင်း ဘာလို့ဖုန်းမဆက်ပါလိမ့်။ ကိုမင်းသွားတာ သုံးရက် တောင်ရှိသွားပြီပဲ။ ပထမဦးဆုံးညက ဖုန်းဆက်ပြီးသည့်နောက် ဖုန်း ထပ်မဆက်သေးပေ။

ဝေလျှံဟာ တကယ့်ပြဿနာကောင်ပဲ။ သူ့ကို ပေးလိုက်တဲ့ ပိုက်ဆံကုန်သွားရင် လာနောင့်ယှက်ဦးမှာလား။ ဝေလျှံနဲ့ သွားတွေ့တဲ့ အကြောင်းကို ကိုမင်းကို ပြောပြလိုက်ရင် မိုးမီးလောင်သွားမှာ သေချာ ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ညစ်လိုက်တာနော်။

ဟိုဟိုသည်သည်တွေးရင်း သူမမှေးခနဲ အိပ်ပျော်သွားသည်။

ကိုမင်းသည် မီးဝင်းဝင်းတောက်မတတ် မျက်ဝန်းများဖြင့် သူမအား စူးဝါးစွာ စိုက်ကြည့်နေ၏။

"သစ္စာဖောက်မ၊ မိန်းမယုတ်"

ဟု လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲသည်။

သွားပြီ ဝေလျှံနှင့်ကိစ္စကို ကိုမင်းသိသွားပြီ။ သူမဘယ်လို ရှင်းပြရှင်းပြ လက်မခံပါ။ သူမ ငိုယိုတောင်းပန်နေမိသည်။ ကိုမင်း မျက်နှာပေါ်၌ သူမအား မုန်းတီးစက်ဆုပ်မှုနှင့် ဒေါသအရိပ်အယောင် တွေသာ မြင်နေရသည်။

"ဟင့်အင်း မဟုတ်ဘူး ကိုမင်းထင်သလို မဟုတ်ပါဘူး၊ ကျွန်မ သစ္စာဖောက်တာ မဟုတ်ဘူး၊ ကျွန်မ မိန်းမယုတ် မဟုတ်ပါဘူး"

သူမစကားကို နားမထောင်ဘဲ ကိုမင်းက ဖြတ်ပြောသည်။

"တော်စမ်း နင့်ပါးစပ်ပိတ်ထား၊ နင်ဟာ ငါ့အချစ်နဲ့ မထိုက်တန်တဲ့မိန်းမ။ နင့်ကို ငါမုန်းတယ်... သွား.. ငါ့အိမ်ထဲက ခုထွက်သွား"

မေးကြောကြီးများထောင်ကာ အံတင်းတင်းကြိတ်လျက် တင်းမာခက်ထန်သော မျက်ဝန်းများဖြင့် သူမအား စူးစူးရဲရဲ ကြည့်လျက်။

ထိုအကြည့်အောက်မှာ သူမဟာ တဖြည်းဖြည်း သေးငယ်ကျုံ့ဝင်သွားသလို ကျောထဲ စိမ့်ခနဲနေအောင် တုန်လှုပ်မိသည်။ ဖျတ်ခနဲ သူမလန့်နိုးလာသည်။ အိပ်မက်,မက်နေတာမှန်း သိလိုက်သည်။ သူမ စိတ်က တစ်ခုခုကို မတင်မကျဖြစ်နေသည်။

အခန်းဝဆီသို့ အမှတ်မထင် ကြည့်လိုက်မိသည။

"ဘုရားရေ"

စောစောက ခံစားမှုကို ခုမှပဲ သဘောပေါက်တော့သည်။ တစ်စုံတစ်ယောက်က စိုက်ကြည့်နေတာကို သူမစိတ်က အလိုလို သိရှိခံစားနေခြင်းပင်။

အခန်းဝမှာ သူမအား စိမ်းစိမ်းကြီး စိုက်ကြည့်နေသော ကိုမင်း၊ မိုးတိုးမတ်တတ်ကြီးရပ်လို့။

အိပ်ရာမှ ဆတ်ခနဲ ထထိုင်လိုက်မိသည်။

"ကိုမင်း"

ကိုမင်းက ပြုံးရွင်သည့် အမူအရာဖြင့် အခန်းထဲသို့ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ စောစောက မျက်လုံးစိမ်းများ မဟုတ်တော့။

"ဟား ဟား ကိုယ့်ကို ရုတ်တရက် တွေ့လိုက်ရတော့ မေ လန့်သွားတယ် မဟုတ်လား"

"လန့်သွားတာပေါ့... ကိုမင်း ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ခုနလေးတင်"

သူမကုတင်ပေါ်မှ ဖျတ်ခနဲဆင်းပြီး ကိုမင်းရင်ခွင်တွင်းသို့ ပြေးဝင်လိုက်သည်။ ကိုမင်းက သူမကို အားရပါးရ ဖက်ထားလိုက်၏။

"သိပ်လွမ်းတာပဲ သိလား"

သူတို့နှစ်ယောက် ပြိုင်တူပြောမိသွားကြ၏။

"ဘာလို့ ဖုန်းကြိုမဆက်တာလဲ"

"မင်းကို အံ့သြသွားစေချင်လို့ပေါ့"

"ကိုမင်း မကောင်းဘူးကွာ၊ ဖုန်းမဆက်တော့ ကိုမင်း ဘာများဖြစ်နေလဲဆိုပြီး စိတ်ပူလိုက်ရတာ"

"ဟုတ်လို့လား"

ကိုမင်းက တမင်နောက်ပြောင်လိုသည့် သဘောနှင့်

မေးလိုက်တာဖြစ်ပေမယ့် သူမအတွက်တော့ ရင်ဖိုဖွယ် အဓိပ္ပာယ်မျိုး သက်ဝင်နေသော စကားလုံးဖြစ်သွားသည်။

"ကျွန်မယောက်ျားက အိမ်နဲ့လေးရက်လောက်ခွဲပြီး ထွက်သွားတာ စိတ်မပူဘဲ နေပါ့မလား"

ကိုမင်းက ကျေနပ်ပြုံးနှင့် စိုက်ကြည့်ပြီး သူမကို ရင်ခွင်ထဲ ဆွဲပွေ့လိုက်သည်။ အတန်ကြာသည်အထိ စကားမပြောဘဲ ငြိမ်နေသည်။

ခုနေ ဝေလျှံအကြောင်း ဖွင့်ပြောလိုက်ရင် ကောင်းမလား။ နို့မို့ ရင်တထိတ်ထိတ်နှင့် လိပ်ပြာမလုံ ဖြစ်နေရမည်။

"ကိုမင်း"

မေက ကိုမင်းရင်ခွင်ထဲမှ ရုန်း၍ ကိုမင်းမျက်နှာကို မော့ကြည့်လိုက်သည်။ ကိုမင်းမျက်လုံးများ၌ မျက်ရည်တွေဝဲနေသည်။

"ဘာဖြစ်လို့လဲ ကိုမင်း"

ကိုမင်းက မျက်လုံးကို ကပျာကယာပွတ်လိုက်ပြီး

"ကိုယ်စိတ်ညစ်သွားလို့၊ မင်းကိုလည်း ကိုအရမ်းလွမ်းနေခဲ့တာလေ၊ နောက်တစ်ပတ်ဆို အမေသေတာ နှစ်ပတ်လည်ဦးမယ်၊ အဲဒီအချိန်ရောက်ရင် ကိုယ်ဘယ်လိုခံစားရတယ်ဆိုတာ မင်းမသိသေး

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

အရာထမ်တက်ချိန်တွင် အိပ်ခန်းထဲ၌ လမ်းလျှောက်နေသော ခြေသံများကို မေကြားနေရသည်။

"ရှင်... ခြံထဲသွားတော့မလို့လား"

မေက အိပ်ချင်မူးတူးနှင့် မေးလိုက်သည်။

"ဟုတ်တယ်"

ကိုမင်းက မပွင့်တပွင့် ပြန်ပြောသည်။

"နေ့လည်စာ ပြန်လာစားမှာလားဟင်"

"မပြောတတ်သေးဘူး"

ပါဘူး။ နှစ်တိုင်းနှစ်တိုင်း အမေဆုံးတာ လတ်လတ်ဆတ်ဆတ် ကြုံတွေ့ရသလိုမျိုး ပြန်ဖြစ်ရတယ်။ ရဲရင့်ရဲဦးလေး ဒီမြို့ကို ပြန်ရောက်တယ်လို့ ကြားကြားချင်း ကိုယ့်အရှိုက်ကို လက်သီးနဲ့အထိုးခံရ လိုက်ရသလို ဖြစ်သွားတယ် မေ၊ ကိုယ်အတော့်ကို စိတ်ညစ်သွားတယ်။ ကိုယ့်ခြံထဲ ကားမောင်းဝင်လာတော့ အိမ်မှာမီးလင်းနေတာ တွေ့ရတယ်။ အိမ်ကြီးထဲမှာ လူတစ်ယောက်မှမရှိဘဲ မှောင်နေမှာကို စိုးရိမ်နေခဲ့တယ်။ မင်းကို မြင်လိုက်ရတော့ ကိုယ်အရမ်းဝမ်းသာသွားတယ်။ မင်းကို ကိုယ်ခွဲသွားတုန်း မင်းကိုယ့်ကို ပစ်ပြေးသွားမလားလို့ အစိုးရိမ်လွန်နေခဲ့လို့လား မသိပါဘူး"

မေက ကိုမင်း ပါးလေးကို လက်ကလေးနှင့် ပွတ်သတ်လိုက်ပြီး

"ကိုမင်းရယ်... ကျွန်မ ရှင့်ကို ဘယ်တော့မှ ပစ်မပြေးဘူးဆိုတာ ရှင်ယုံကြည်ထားစမ်းပါ"

ကိုမင်းက သူမနှုတ်ခမ်းများကို ငုံနမ်းလိုက်သည်။

သူမပါးပြင်တွင် ကိုမင်း၏ မျက်ရည်များနှင့် ပူနွေးစွတ်စိုသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းက တံခါးပိတ်၍ ထွက်သွားသည်။

နံနက်စာ စားသောက်ကြပြီးတော့ မေနှင့် သမီးနှစ်ယောက်သည် ထုံးစံအတိုင်း လမ်းလျှောက်ထွက်ခဲ့ကြသည်။

လမ်းမှာ ရဲရင့်နှင့်တွေ့သည်။

"ဒီသားအမိတွေ လမ်းလျှောက်ထွက်လာကြတာလား"

"ဟုတ်တယ်.. ရဲရင့်ရေ.. ကလေးတွေက လမ်းလျှောက်ရင်း ဆော့ချင်ကြတယ်လေ"

"သူတို့ကြည့်ရတာ ဒီမှာနေရတာ ပျော်နေကြပုံပဲ"

"ဟုတ်တယ်... မြို့မှာတော့ သူတို့ ဒီလိုလွတ်လွတ်လပ်လပ် ဘယ်ပြေးဆော့လို့ ရမလဲ၊ တစ်ချိန်လုံး ကလေးထိန်းကျောင်းမှာပဲ နေခဲ့ရတာလေ"

"ဩော် ... ဟော့ သမီးတို့ ဦးဦးအိမ် လိုက်လည်မလား၊ ဦးဦးမွေးထားတဲ့ ခွေးလေးရှိတယ် လိုက်ကြည့်မလား"

ရဲရင့်က သမီးနှစ်ယောက်ကို လှမ်းပြောလိုက်သည်။

"ကြည့်မယ်၊ ကြည့်မယ်"

ကလေးနှစ်ယောက် ပြိုင်တူအော်လိုက်ကြသည်။

"ရဲရင့် မင်းအိမ်က ဘယ်မှာလဲ"

"ကျွန်တော့်အိမ်က ဒီလမ်းကနေ တပြလောက်ပဲ ဝေးတယ်၊ အိမ်မှာ အမေလည်းရှိတယ်၊ ရောက်ဖူးအောင် လိုက်ခဲ့ပါလား"

"အေး... ကောင်းသားပဲ... ဒါနဲ့ မင်းအဖေကော"

"အဖေက လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဆုံးသွားပါပြီ"

"ဩော်"

သူတို့လေးယောက် အတူလျှောက်လာခဲ့ကြသည်။

ရဲရင့်ရဲ့အမေသည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်ခန့် ရှိ တုတ်တုတ်ခိုင်ခိုင် မိန်းမကြီးဖြစ်သည်။ ပွင့်လင်းစွာ ဆက်ဆံတတ်ပုံရ၏။ မေတို့အား အိမ်ထဲဝင်ရန် ဖိတ်ခေါ်သည်။

အိမ်ကလေးမှာ အနည်းငယ်စုတ်ချာသော်လည်း နေထိုင်လို့ ကောင်းမည့်ဟန် တွေ့ရသည်။ စားပွဲများပေါ်တွင် အမှတ်တရ ပစ္စည်းများ ဖုံးလွှမ်းနေ၏။ နံရံများတွင် မိသားစု ဆွေမျိုးတတ်ပုံများကို ဖြစ်ကတတ်ဆန်း ချိတ်ဆွဲထားသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ရဲရင့်ကတော့ မမလေး အကြောင်းပဲ ပြောနေတယ်။ သူပြောတာ တကယ်မှန်တာပဲ။ မမလေးက မမကြီးနဲ့ ချွတ်စွပ်တူနေတာ အံ့သြစရာပဲရှင်။ ကျွန်မနာမည် သန်းဆင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com

ရဲရင့်ရဲ့အမေက သူကိုယ်သူ မိတ်ဆက်သည်။

"ဦးဦးရဲရင့် ခွေးလေး ဘယ်မှာလဲ"

မိုးပြာလေးက မေး၏။

"သြော်... မီးဖိုထဲမှာ ဦးဦးသွားယူပေးမယ်"

ရဲရင့်က မီးဖိုချောင်ထဲ ဝင်သွားသည်။ ခွေးလေးမှာ ခွေးပေါက်ကလေးပင် ရှိသေးသည်။ ကောင်းကောင်းလေးဘက် မထောက်ထားသေးချေ။

"သူ့ကို ကားလမ်းပေါ်မှာတွေ့လို့ ကျွန်တော်တောက်မွေးထားတာ၊ ကျွန်တော်သာမတွေ့ရင် သူအသေးမိပြီး သေသွားမှာဗျ"

ရဲရင့်ကပြော၏။ ဒေါ်သန်းဆင့်က ခေါင်းခါလိုက်ပြီး

"ရဲရင့်ကတော့ လမ်းပေါ်က တိရစ္ဆာန်တွေ အိမ်ပေါ်အမြဲသယ်တယ်လေ။ အရင်ခွေးလေးတုန်းကလည်း ဒီလိုပဲ သူကောက်မွေးထားတာ၊ အဲဒီခွေးလေးက သိပ်လှတာ၊ အရမ်းလည်းလည်တာပဲ၊ ဘက်ဂီလို့ သူကနာမည်ပေးထားတယ်"

"အဲဒီခွေးလေးရော ဘယ်ရောက်သွားလဲ"

မေက မေးလိုက်၏။

"မသိဘူး၊ ရဲရင့် မိုးမခြံထဲ အလုပ်သွားရင် သူက

နောက်က တကောက်ကောက်လိုက်နေရော... အဲဒါကို မောင်ဘုန်းမြတ်မင်းက မကြိုက်ဘူးလေ"

"ဘက်ဂီလေးက ထွက်ပြေးသွားလား၊ နေမကောင်းဖြစ်ပြီး တော့ပဲ သေသွားလား မသိဘူး၊ ကျွန်တော် လိုက်ရှာသေးတယ်၊ အစအနတောင် မတွေ့ရဘူး"

"ဒီခွေးလေးကိုရော နာမည်ဘယ်လို ပေးထားလဲ"

ခရမ်းက ဝင်မေး၏။

"သူ့ကိုလည်း ဘက်ဂီလို့ပဲ ပေးထားတယ်"

"ဘက်ဂီလား ဘက်ဂီ ဘက်ဂီ အို့ အို့"

ကလေးနှစ်ယောက်က ဘက်ဂီနှင့် ဆော့နေကြသည်။ ဒေါ်သန်းဆင့်က မေအား မေးမြန်းစစ်ဆေးတော့သည်။

"မိုးမခမှာ နေရတာ ပျော်ရဲ့လား"

"ပျော်ပါတယ်"

"မြို့ကနေ တောမှာလာနေတော့ နည်းနည်းတော့ အနေရအထိုင်ရ ခက်မှာပေါ့နော်"

"ကျွန်မ ဒီမှာနေရတာ စိတ်ချမ်းသာပါတယ်"

"အင်း... မမကြီးလည်း ဒီလိုပဲ ပြောခဲ့တာပဲ။ ကိုဘုန်း

www.burmeseclassic.com

www.burmeseclassic.com

ထင်ကျော်က မိန်းမအပေါ် သိပ်ချုပ်ချယ်တာ၊ သူတို့အမျိုးတွေကတော့ ဒီအတိုင်းချည်းပါပဲ။ လူမှုဆက်ဆံရေးလည်း ညှံဖျင်းတယ်၊ မမကြီး ကိုတော့ ဟောဒီမြို့တစ်ဝိုက် လူတွေက သိပ်ကြည်ညိုကြတာ၊ ကိုဘုန်းထင်ကျော်ကိုလည်း လေးစားကြပါတယ်... ဒါပေမယ့်..."

"အလို... ဒါက ဘယ်သူတုံး"

အိမ်ရှေ့တံခါးဝတွင် ရုတ်တရက် ရပ်တန့်လာသော သတ္တာန် တစ်ခု အသံပိုင်ရှင်သည် အသက်ငါးဆယ်ငါးနှစ်ခန့်ရှိ လူကြီးတစ်ဦး ဖြစ်သည်။ ထိုလူကြီးက မေ့အား စိုက်ကြည့်ပြီး မျက်မှောင်ကြုတ် လိုက်သည်။

"ကျုပ် သတင်းကြားနေတဲ့ မိုးမခရဲ့ ဒုတိယ အရှင်သခင် မလေးထင်ပါရဲ့"

"ဟုတ်ပါတယ်... ကျွန်မနာမည် မေသဇင်ပါ"

"ကျုပ်က သီဟ အစ်မသန်းဆင့်ရဲ့မောင် ရဲရင့် ဦးလေး ပေါ့"

ဒေါ်ခင်မျိုးမြတ် သေဆုံးခြင်းမှာ သူ့ကြောင့်ဖြစ်သည်ဟု စွပ်စွဲခံရသော လူကြီးဖြစ်၏။

"ခင်ဗျားကို ဘုန်းမြတ်မင်း ဘာလို့ဇနီးအဖြစ် ရွေးသလဲ

ဆိုတာ ကျုပ်သိပြီ"

ဦးသီဟက သူ့အစ်မဘက်လှည့်ပြီး

"သူနဲ့ မမကြီး ချတ်စွပ်မတူဘူးလား အစ်မ"

ဒေါ်သန်းဆင့်ထံမှ အဖြေမစောင့်ဘဲ မေ့ကို တဲ့တိုးမေးလိုက် ပြန်၏။

"မမကြီး သေဆုံးရပုံနဲ့ ပတ်သက်ပြီး အားလုံးသိပြီးရော ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါက ဘုန်းမြတ်မင်းဘက်က တင်ပြချက်ပေါ့၊ ကျုပ် ဘက်ကတော့ တစ်မျိုးကြားရမှာပဲ"

ဦးသီဟသည် သူမကြားဖူးပြီးသားကိုပင် ထပ်ပြောဦးမှာ သေချာမည်။ သူ့ပါးစပ် အရက်နံ့ဟောင်နေ၏။

"ကိုဘုန်းထင်ကျော်နဲ့ မမကြီးတို့က ကွာရှင်းဖို့ ကြံစည်နေ ကြပေမယ့် ကိုဘုန်းထင်ကျော်က သူ့မယားကို အရူးအမူးချစ်တာဗျ"

"ကွာရှင်းကြမယ် ဟုတ်လား၊ ကိုမင်း အဖေနဲ့အမေ ကွာရှင်းဖို့ ကြံခဲ့ကြလား"

မေက ကြားဖြတ်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"သြော်... ဘုန်းမြတ်မင်းက ခင်ဗျားကို အဲဒါပြောမထား ဘူးထင်တယ်။ အေးလေ... သူက ဒါကို မေ့ထားချင်ရှာမှာပေါ့၊ ဒီမြို့မှာလဲ အတင်းအဖျင်းပြောချင်တဲ့သူတွေ ပေါမှပေါ၊ မမကြီးက သူ့ရဲ့တစ်ဦးတည်းသော သားလေးကို ဆက်လက်အုပ်ထိန်းခွင့် မတောင်းဘဲနေမယ်လို့ ဆုံးဖြတ်ထားတယ်လို့သိတော့ တစ်မြို့လုံး ပွစိပွစိဖြစ်ကုန်တာ ဘာပြောကောင်းမလဲ၊ ထားပါတော့လေ။ သူဆုံး တဲ့နေ့မှာ ကျွပ်ကနွားတွေထားတဲ့ တင်းကုပ်ထဲမှ မီးကြိုးတွေပြင်နေ တာ။ ဘုန်းမြတ်မင်းနဲ့ သူအမေ တင်းကုပ်ထဲဝင်လာကြတယ်။ အဲဒီ နေ့လည်မှာပဲ မမကြီးက ဒီမိုးမခကနေ အပြီးအပိုင်ထွက်သွားတော့ဖို့ ဆုံးဖြတ်ထားပြီးသား၊ နောက်ဆုံးအနေနဲ့ သူသားလေးကို နှုတ်ဆက် နေတာပေါ့။ အဲဒီနေ့က ဘုန်းမြတ်မင်း မွေးနေ့လေ.. သူလက်ထဲမှာ သူအမေပေးတဲ့ မွေးနေ့လက်ဆောင် ကြက်တောင်ရိုက်တံ အသေး လေးကိုကြည့်ပြီး ချုံးပွဲချင်နေလိုက်တာ သနားစရာကောင်းလိုက်တာ လေ"

ဦးသီဟက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆက်ပြောတယ်၊

"မမကြီးက ကျွပ်ကိုလက်ပြပြီး နှင်ထုတ်လိုက်တော့ ကျွ လည်း မီးတိုင်ကို သံချောင်းပေါ် အသာလေးချိတ်ထားရစ်ခဲ့ပြီး ထွ

လာခဲ့တယ်။ သူတို့သားအမိ တစ်ယောက်ကိုတစ်ယောက် လွတ်လွတ် လပ်လပ် ပြောဆိုနှုတ်ဆက်ပါစေပေါ့။ တံခါးလေးတောင် ပိတ်ပေး ခဲ့သေးတယ်။ အဲ နှစ်မိနစ်လောက်ပဲကြာမယ် ထင်တယ် ဘုန်းမြတ်မင်း စူးစူးရှရှ အော်သံကို ကျွပ်ကြားရတယ်။ အဲဒါနဲ့ တင်းကုပ်ထဲ အမြန်ဝင်ကြည့်တော့ မမကြီးခမျာ နွားသောက်တဲ့ရေဇလားကြီးထဲ လဲအကျမှာ ဓာတ်အားရှိတဲ့ မီးကြိုးကို လှမ်းဆွဲလိုက်မိတယ်နဲ့တူတယ်။ ရေထဲမှာ ဓာတ်လိုက်ပြီး ပွဲချင်းပြီး သေသွားတာပေါ့"

"တော်ပါတော့ သီဟရယ်"

ဒေါ်သန်းဆင့်က ဝင်တားလိုက်လေ၏။

မေက ဦးသီဟအား စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ကိုမင်းသည် သူမိဘများ ကွာရှင်းရန် ကြံစည်ခဲ့ကြတာကို မိမိအား ဘာကြောင့်ဖွင့်မပြောခဲ့သလဲ။

ဒေါ်ခင်မျိုးမြတ်က သူနှင့်သူဖခင်တို့ကို စွန့်ခွာသွားဖို့ ကြံစည်ခဲ့တာကိုရော ဘာကြောင့်များ ထိန်ချန်မျိုသပ်ထားခဲ့ပါသလဲ။

နောက်ပြီး မိခင်ရုတ်တရက် သေဆုံးပုံကို မျက်ဝါးထင်ထင်တွေ့ခဲ့ရလို့ ကိုမင်းတစ်ယောက် အခုထိ စိတ်အားငယ်နေတတ်တာလား။

မိခင်ကို လက်လွှတ်ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိစိတ်က

သူကို စိတ်အားငယ်စေခဲ့၊ ကြောက်လန့်စိုးရိမ်စေခဲ့ပုံ ရသည်။

မေ အတွေးနယ်ချဲ့နေမိသည်။

ဒေါ်ခင်မျိုးမြတ်တစ်ယောက် ကိုမင်းအား စွန့်ခွာထားရစ်ခဲ့ရလောက်အောင် ဘာတွေများ စိတ်ဆင်းရဲစရာ ကြုံခဲ့ရလို့ပါလိမ့်။

ကိုမင်းစိတ်ထဲမှာရော မိခင်အပေါ် ချစ်ခင်တွယ်တာစိတ်မှာ နာကျည်းခံပြင်းမှုတွေ ရှိနေခဲ့သလား။

ခရမ်းနှင့်မိုးပြာလေးကို ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် သူမကတော့ စွန့်ပစ်ရက်မှာ မဟုတ်ပေ။

သူမစိတ်တွေ လှုပ်ရှားနေမိသည်။ စိတ်ငြိမ်သွားအောင် တစ်ခုခုလုပ်ရကောင်းမလား။

မိမိတိုက်ခန်းမှာတုန်းကတော့ တစ်ခါတစ်ရံ စိတ်လှုပ်ရှားနေရင် စိတ်ငြိမ်သွားအောင် မီးဖိုခန်းတစ်ခုလုံးကို အညစ်အကြေးများ သန့်စင်ခြင်း ပြုလုပ်လေ့ရှိ၏။

ဒါပေမယ့် ဒီအိမ်က သန့်ရှင်းသပ်ရပ်မှု ရှိပြီးသားပဲ။

ဤအိမ်ရှိ အခန်းတိုင်းသည် ပစ္စည်းများပြွတ်သိပ်နေသည်။ အေးစက်နေသည်။ သူမအတွက်တော့ စိမ်းကားနေသယောင်ရှိသည်။

တကယ်တော့ ဒီအိမ်ကြီးသည် သူမ၏အိမ်ပင် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ဤအိမ်ကို သူမစိတ်ကြိုက် ပြုပြင်ပြောင်းလဲလိုက်ရင် ကိုမင်း သဘော ကျနိုင်ပါ့မလား။

သူမစိတ်တက်ကြွလာသည်။

အိမ်ရှေ့ခန်းသို့သွားကာ တိုလီမုတ်စ အလှပစ္စည်းများကို ပွေ့ပိုက်ယူ၍ ဝိရိကြီးထဲ သွားထားလိုက်သည်။ ဧည့်ခန်းနှင့် ထမင်းစားခန်းသို့ အလင်းရောင် မဝင်နိုင်အောင် ပိတ်ဆို့ထားသော ပြတင်းပေါက်ခန်းဆီးထူကြီးကို ဆွဲဖွင့်လိုက်သည်။ ဧည့်ခန်းဆောင်ထဲမှ ဆက်တီခုံတွေကို နေရာရွှေ့ထားလိုက်၏။

တစ်ခန်းပြီးတစ်ခန်း ပရိဘောဂများကို နေရာပြောင်းလဲပစ်လိုက်သည်။ တစ်ချို့ခန်းမှာတော့ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးလောက်သာ နေရာရွှေ့ပေးရသည်။ တစ်ချို့အခန်းမှာ အားလုံးပြောင်းလဲပေးလိုက်၏။

ဒေါ်စိန်သည် စိတ်မပါဘဲနှင့် သူမအား လေးလံထူထဲသော ခန်းဆီးကြီးများကို ဝိုင်းဖြုတ်ချပေးသည်။

အားလုံးပြီးစီးသွားသောအခါ အခန်းသည် ပို၍ကျယ်ဝန်းလာပြီး အသက်ရှူချောင်သွားသည်။ ပို၍နေချင်ဖွယ် ဖြစ်လာ၏။

ခန်းဆီးများကို သေသပ်စွာ ခေါက်သိမ်းပြီး ထပ်ခိုးစတိုခန်း

မှာထား၍ ထွက်လာခဲ့သည်။ စတိုခန်းထဲတွင်လည်း ပစ္စည်းတွေ ပြွတ်သိပ်နေ၏။ အခန်းထဲရှိ ပစ္စည်းများကို စပ်စပ်စုစုကြည့်လိုက်မိသည်။

'KMM' ဟူသော အတိုကောက်စာလုံးများပါသည့် အပြာရောင် သားရေသေတ္တာငယ်တစ်လုံးကို သူမတွေ့သွား၏။ သေတ္တာကိုထုတ်ပြီး ကြည့်မိသည်။

သေတ္တာထဲတွင် တိုလီမုတ်စ အလှပြင်ပစ္စည်းကလေးများ ရှိသည်။ ကလစ်တို့၊ ဘီးတို့၊ နှုတ်ခမ်းနီ၊ လက်သည်းဆိုးဆေး စသည်ဖြင့် စံပယ်ပန်းခြောက်လေးတောင် ပါလိုက်သေးသည်။ နောက်မှတ်တမ်းစာအုပ်လေး တစ်အုပ်။

စာအုပ်အဖုံးပေါ်မှ သက္ကရာဇ်မှာ လွန်ခဲ့သော အနှစ်အစိတ် ကဖြစ်၏။ မေ စာအုပ်ဖွင့်ပြီး စာရွက်များကို လှန်လှောကြည့်သည်။

ဧနှစ်ဝါရီလ ၂ ရက်။ မနက် ၁၀း၀၀ နာရီ မိဘဆရာ အစည်းအဝေး။

ဧနှစ်ဝါရီလ ၈ ရက်။ သိမ်ကျောင်းရေစက်ချပွဲ အလှူ။

ဧနှစ်ဝါရီလ ၁၀ ရက်။ မြို့နယ်စာကြည့်တိုက် ဖွင့်ပွဲသွားရန်။

www.burmeseclassic.com

www.burmeseclassic.com

မေက စာမျက်နှာများကို ခပ်သွက်သွက်လေး ဖတ်ကြည့်သွားသည်။

ဖေဖော်ဝါရီလ ၃ ရက် ။ မြို့နယ်တရားရုံးသွားရန်။

ဖေဖော်ဝါရီလ ၂၂ ရက် ။ သားလေးအတွက် ကြက်တောင်ရိုက်တံမှာရန်။

နောက်ဆုံးရေးမှတ်ချက်မှာ မတ်လ ၈ ရက်နေ့ဖြစ်သည်။ ထိုစာမျက်နှာတွင် သားလေးမွေးနေ့ဟု ရေးထားသည်။ ထိုစာမျက်နှာမှာပဲ လုံးဝအသုံးမပြုရသေးသော လေယာဉ်လက်မှတ်တစ်စောင်ကို ကလစ်ဖြင့် ညှပ်ထား၏။ လေယာဉ်လက်မှတ်၏အောက်တွင် စာခေါက်လေးတစ်ရွက် ရှိနေ၏။ မသပ်မရပ်လက်ရေးဖြင့် ရေးထားသော စာကို မေဖတ်ကြည့်လိုက်သည်။

သမီး ခင်မျိုးမြတ်

သမီးနဲ့ မောင်ဘုန်းကွာမယ်ဆိုတာ သိရလို့မင်းအမေနဲ့ငါ သိပ်ဆုံးဩသွားတယ်။ မောင်ဘုန်မြတ်မင်းအတွက် တို့သိပ်ခိုးရိမ်နေတယ်။ အိပေမယ့်မင်းခာကိုဖတ်ပြီးတော့ သူကို သူအဖေလက်ထဲထားခဲ့တာ သင့်လျော်မယ်လို့ အဖေယူဆ

တယ်။ မင်းတို့ဖြစ်ပျက်ပုံကို တို့တွေ အမှန်အတိုင်း ဘာမှမသိရဘူး။ တို့နှစ်ယောက်လုံး ကျန်းမာရေးလည်း သိပ်မကောင်းကြဘူး။ အိပေမယ့် သမီးပြန်လာမှာကိုဝမ်းသာစွာနဲ့ ခောင့်မျှော်နေကြပါတယ်။

ဖေဖေ

ဦးသာအောင်

မေ စာတိုကလေးကိုခေါက်ပြီး မှတ်စုစာအုပ်ကြားထဲ ပြန်ညှပ်ကာ သားရေသေတ္တာကို ပြန်ပိတ်ထားလိုက်သည်။

'မင်းတို့ ဖြစ်ပျက်ပုံကို တို့အမှန်အတိုင်း ဘာမှမသိဘူး' ဆိုတာ ဘာပါလိမ့်။

သူမအောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ သမီးနှစ်ယောက်အခန်းကိုဝင်ကြည့်တော့ ကလေးတွေ အိပ်ပျော်နေကြသည်။

ခရမ်းရဲ့ရင်ဘတ်ပေါ် မိုးပြာလေးက လက်တစ်ဖက် တင်ထားသည်။ ခရမ်းက ကွေးကွေးလေး အိပ်နေ၏။ မိုးပြာလေး ခြေပစ်လက်ပစ်ကလေးတွေ အိပ်နေပုံကို ငုံ့ကြည့်ပြီး သူမပြုံးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူတို့လေးတွေ ချစ်စရာမကောင်းဘူးလားဟင်"

သူမနားရွက်နားကပ်ပြီး ပြောသောအသံကို ကြားလိုက်ရ၏။ သူမလန့်အော်မိမတတ် ဖြစ်သွားသည်။ ချာခနဲ လှည့်ကြည့်လိုက်တော့ အရိုးပိန်လက်မောင်းတစ်ဖက် သူမ၏ခါးကို ဖက်လိုက်ကာ

"ခင်ရယ်... ကျွန်မတို့ရဲ့ကလေးတွေ ချစ်စရာမကောင်းဘူးလားဟင်"

ဒေါ်နွယ်နီသည် ကြောင်တောင်တောင် မျက်လုံးများဖြင့် ရီဝေစွာကြည့်ရင်း ပြောလိုက်လေ၏။

(၁၆)

ကလေးများ မနိုးစေရန် သတိထား၍ ဒေါ်နွယ်နီကို မေအပြင်သို့ ဆွဲထုတ်လာခဲ့လိုက်သည်။

ဒေါ်နွယ်နီသည် သူမ၏ခါးကိုဖက်ထားပြီး မငြင်းဆန်ဘဲ လိုက်ပါလာသည်။ သူတို့နှစ်ဦး ကိုးရိုကားရားဖြင့် လှေကားမှ ဆင်းလာခဲ့ကြ၏။

ဒေါ်နွယ်နီ ဒီအိမ်ကြီးထဲ ဘယ်လိုဝင်လာတာလဲ။ သူမှာ သော့တစ်ချောင်းရှိလို့လား။

"ဝတ်မှုန်လေးက ဟိုသစ်တောတွေကို သိပ်သဘောကျ

www.burmeseclassic.com

www.burmeseclassic.com

တာ။ ဟောဟို သစ်ပင်ကြီးပေါ် တက်ထိုင်ပြီး ငှက်ကလေးတွေကို ထိုင်ကြည့်နေတတ်တယ်''

မေ့ကိုလှမ်းကြည့်လိုက်သော သူမျက်လုံးများ စောစောက ထက် ကြည်လင်လာ၏။

''ဟင်... ရှင်က ခင်မဟုတ်ဘဲ''

''ဟုတ်တယ်... ကျွန်မက မေသဇင်ပါ''

ဒေါ်နွယ်နီ သက်ပြင်းချလိုက်သည်။

''ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မ သတိလစ်သွားလို့ ကျွန်မ တစ်ခါတစ်ခါ ဒီလိုပဲ စိတ်ကဖောက်ပြန်သွားတယ် ထင်တယ်။ ကျွန်မ အလုပ်သွားဖို့ နောက်ကျနေတယ်လို့မှတ်တာ၊ ကျွန်မ အိပ်ရာထ နောက်ကျသွားလို့၊ ခင်ကတော့ မဆူပါဘူး''

''ရှင့်မှာ ဒီအိမ်ကြီထဲဝင်ဖို့ သော့ရှိလား''

''ကျွန်မ သော့မေ့ကျန်ခဲ့တယ်။ တံခါးက သော့မခတ်ထား ဘူးလေ။ ကျွန်မမှာ သော့မှမရှိတော့တာပဲ''

ဒေါ်နွယ်နီဝင်လာရန် သော့ပေးထားသော တံခါးပေါက်မှာ မီးဖိုတံခါးဖြစ်မည်။

''ကျွန်မအပေါ်ထပ်တက်ပြီး အိပ်ရာတွေ ပြင်ပေးခဲ့တယ်။

အိပ်ရာတွေလည်း ပြင်ပြီးရော ခင့်ကိုတွေ့လိုက်ရတယ်။ အို.. ကျွန်မ ရှင့်ကိုတွေ့ရတာပဲ''

ဒေါ်နွယ်နီ၏ ဦးနှောက်သည် လက်တွေ့နှင့် စိတ်ကူးယဉ် ဖြစ်ရပ်များကို ခွဲခြားနိုင်စွမ်း မရှိတော့ချေ။

''ရှင်ဟာ ခင့်လိုပဲ ချစ်စရာကောင်းတယ်။ သိမ်မွေ့တယ် နှုတ်ချိုတယ်။ ရှင်ဘာမှ မဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်။ ခင်ကတော့ ဒီခြံထဲက ထွက်ပြေးဖို့တောင် ကြံစည်ခဲ့တယ်လေ။ ကျွန်မ မကောင်းတာတစ်ခုခုဖြစ်မယ်လို့ စိတ်ထဲက သိနေတယ်။ ကျွန်မကို ကူမယ့်သူမရှိဘူးလို့ သူပြောခဲ့ဖူးတယ်''

''နောက်တော့ သူဒီက ထွက်သွားရောလား''

''ဘာဖြစ်မှန်းမသိဘူး၊ သူ ဒီခြံကိုစွန့်ခွာဖို့ ဆုံးဖြတ်လိုက် တယ်လေ''

ဒေါ်နွယ်နီက မတ်တတ်ထလိုက်သည်။

''ပြန်တော့မလို့လား အပြင်မှာ သိပ်အေးနေတယ်။ အနွေး ထည်မပါဘူးလား''

''ဟုတ်သားပဲ ကျွန်မ မေ့သွားတယ်''

www.burmeseclassic.com

www.burmeseclassic.com

"နေဦး..."

မေက သူမဝတ်ထားသော အနွေးထည်ကိုချွတ်၍ ဒေါ်နွယ်နီကို ပေးလိုက်သည်။

"ရော့... ဒီဟာ ဝတ်သွား"

"ကျေးဇူးပဲ.. ဒီအင်္ကျီ ကျွန်မကြိုက်တယ်"

"ဒေါ်နွယ်နီ အပိုင်ယူထားလိုက်ပါ။ ကျွန်မဝတ်တာ နှစ်ခါလားပဲ ရှိသေးတယ်"

ဒေါ်နွယ်နီက ခေါင်းညိတ်ပြီး မီးဖိုခန်းထဲမှ ပြန်ထွက်သွားသည်။ အနွေးထည် မလုံတလုံဖြင့် ကုန်းကုန်းလေး လျှောက်သွားသော ဒေါ်နွယ်နီကို မေ ငေးကြည့်နေမိလေ၏။

✿ ✿ ✿

(၁၇)

ညနေ ကိုမင်း ပြန်လာတော့ အိမ်ထဲမှာ ပြုပြင်ပြောင်းလဲထားတာတွေ့ပြီး အနည်းငယ် မျက်မှောင်ကြုတ်သွားပေမယ့် ဘာမှမပြောပါ။

"အိမ်ထဲကပစ္စည်းတွေ ကျွန်မနေရာရွှေ့ပြောင်းထားတာ ရှင် ဘာမှလည်း မပြောပါလား"

"ကိုယ်က ဘာမဆို ချက်ချင်းမတုံ့ပြန်တတ်ဘူး၊ စဉ်းစားပါရစေဦး"

သူမထင်သလောက် မဆိုးလှပါ။

www.burmeseclassic.com

www.burmeseclassic.com

"ရှင် စိတ်ဆိုးနေမလားလို့ ကျွန်မ စိုးရိမ်နေတာ"

"မင်း ဖယ်ထုတ်လိုက်တဲ့ ပစ္စည်းတွေ ဘယ်မှာသွားထားသလဲ"

"ခန်းဆီတွေကို အပေါ်ထပ်ခိုးမှာ ထားလိုက်တယ်။ ပစ္စည်းအသေးလေးတွေကိုတော့ ပန်းကန်တွေထားတဲ့ ကြောင်အိမ်ထဲ ထည့်လိုက်တယ်။ ဒီဆက်တီခုံလေးတွေ ဒီလိုရွှေ့လိုက်တော့ အခန်းကပိုမကျယ်သွားဘူးလား"

"အင်း"

ကိုမင်းရဲ့ တုံ့ပြန်မှုကို သူမ သိပ်ဘဝင်မကျလှ။

"ရှင်ကြိုက်ရဲ့လား"

"ကိုယ် ပင်ပန်းလာတယ် ရေချိုးတော့မယ်"

ပြောပြီး ကိုမင်းက လှေကားအတိုင်း အပေါ်ထပ်တက်သွားသည်။ ကိုမင်းအမူအရာတွေက တစ်မျိုးပဲ၊ ပစ္စည်းတွေ ရွှေ့ထားတာ မကြိုက်လို့လား။ ဒါမှမဟုတ် ဝေလျှံနဲ့အကြောင်းကို သိသွားပြီလား။

ရေချိုးပြီးကာစ ကိုမင်းရဲ့ရုပ်သွင်က ချောမောသန့်စင်နေ သည်။ စောစောက မှုန်ကုပ်ကုပ် အမူအရာမျိုး မရှိတော့။ ကြည် ကြည်လင်လင် ပြန်ဖြစ်သွား၏။

"ကိုယ် ရေချိုးတာ သိပ်ကြာသွားလား"

"အင်း... အတော်ကြာတယ်.. ရှင် တော်တော်ချေးထူလို့ မနည်းတိုက်ချွတ်နေရတယ် ထင်တယ်"

သူမက နောက်လိုက်သည်။ ကိုမင်းက ဟက်ဟက်ပက်ပက် ရယ်လေ၏။ ကိုမင်းဝတ်ဖို့ ဝတ်စုံကို သူမက လှမ်းပေးလိုက်သည်။

"ကဲ... အဝတ်အစားလဲပြီး လိုက်လာခဲ့ အောက်မှာ ထမင်းစားဖို့စောင့်နေမယ်"

သူမအခန်းထဲမှ ထွက်ရန်ပြင်လိုက်စဉ် တယ်လီဖုန်းမြည်သံကြားလိုက်ရလေ၏။

"သွားကိုင်လိုက်ပါ မင်းဖုန်းပဲနေမှာ"

"ကျွန်မဆီလာတာ ဟုတ်မယ်မထင်ဘူး"

သူမ ထိတ်ခနဲဖြစ်သွားသည်။ ဝေလျှံဆီကများလား။

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က တယ်လီဖုန်းဆက်ပြီး တိတ်ရီကော်တာထဲမှ အသံသွင်းပြီး မှာစရာရှိတာ မှာခဲ့ချင်လို့ ဖုန်းချချပစ်တဲ့လူတစ်ယောက်ရှိနေတယ်။ အခါပေါင်း တစ်ဒါဇင်လောက် လာဖူးတယ်လို့ ဦးမှုန်ကပြောတယ်။ အဲဒါနဲ့ ဒီညဖုန်းလာရင် အိမ်ပေါ်ကို တိုက်ရိုက်ဆက်ပေးဖို့ သူ့ကို ကိုယ်မှာထားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းက မြည်နေဆဲ။

သူမ ဖုန်းသွားကိုင်လိုက်သည်။ ကိုမင်းက စပီကာခလုပ်ကို ဖွင့်လေ၏။

"မင်းနဲ့ တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်လိုက်ရတာ မေရယ်။ ဒီဖုန်းကိုဆက်တိုင်း အသံဖမ်းစက်နဲ့ပဲ တိုးနေတယ်။ မင်းနေကောင်းရဲ့မေ"

ဝေလျှံအသံက တက်ကြွနေ၏။

"ကျွန်မ နေကောင်းပါတယ်"

သူမအသံမှန်ဖြင့် ပြန်ပြောလိုက်သည်။

"ရှင် ဘာကိစ္စရှိလို့လဲ" ဝေလျှံ အရင်တစ်ခါက် ချိန်းတွေ့ခဲ့တာကို ပြောများပြောလိုက်ရင်တော့ ဘုရား ဘုရား ကိုမင်းကို စောစောစီးစီး ဖွင့်ပြောပြထားလိုက်ရင် ကောင်းသား။

"သတင်းကောင်း ပြောချင်လို့၊ ကိုယ်အခု မန္တလေးမှာ ကားလာရိုက်နေတာလေ"

"ရှင် ကျွန်မဆီ ဖုန်းမဆက်ရင်ကောင်းမယ်ထင်တယ်။ လုံးဝ မဆက်ပါနဲ့။ ရှင် ကျွန်မကို ဆက်သွယ်တာ ကိုဘုန်းမြတ်မင်း စိတ်ဆိုးနေပြီ"

မေက ခပ်မာမာပင် ပြောလိုက်သည်။

"ဒီမယ်... မေသဇင်... ကိုယ်ဆက်ချင်သလောက် ဆက်မှာပဲ။ မင်းယောကျ်ားကိုပြောလိုက် ကလေးတွေကို ကိုယ်တွေ့ခွင့်ရှိတယ်လို့။ ဒီကလေးတွေက ကိုယ်နဲ့မင်းမွေးထားတဲ့ ကလေးတွေပါ။ မင်းတို့ကို ကိုယ်စရိတ်ထောက်ပံ့ပါ့မယ်"

"ရှင် ဘာတွေလာပြောနေတာလဲ"

"ကိုယ်ပြောတာ မင်းနားမလည်ဘူးလား။ ကိုယ့်ကလေးတွေကိုယ် အချိန်မရွေး တွေ့ခွင့်ရှိတယ်... ကဲ.. နောက်မှပဲ ဖုန်းဆက်တော့မယ်။ ခု ကားရိုက်ဖို့ ကိုယ့်ကိုခေါ်နေကြလို့ တာ့တာ"

မေ ဖုန်းကို ဖြည်းညှင်းစွာ ချလိုက်၏။

"မင်း သူ့အပေါ် သက်ညှာခဲ့တာ မင်းအမှားပဲလို့ ကိုယ်ပြောသားပဲ ကလေးစရိတ် မယားစရိတ်ထောက်ပံ့ဖို့ သူ့ကို ရုံးတင်ရားစွဲခဲ့ရင် သူနဲ့မင်းနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ထဲက ကိစ္စပြတ်ကွားမှာ ခုတော့...."

ကိုမင်း၏ မျက်လုံးများ အေးစက်နေသလို အသံကလည်း အေးတိအေးစက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူမတစ်ကိုယ်လုံး နွမ်းလျလာသလို မူးနောက်နောက် ဖြစ်လာ၏။

"ကျွန်မ အမှားပါပဲလေ"

သူမကပြောပြီး အခန်းထဲမှ ထွက်လိုက်သည်။ သူမနောက်က ကိုမင်း၏။

"မင်းရဲ့ အမှားအဟုတ်ပါဘူး၊ သူကြောင့် မင်းစိတ်အနေ အယုက်ဖြစ်ရတာ ကိုယ်သိပါတယ်။ မင်းစိတ်မကောင်းအောင် ကိုယ် မပြောသင့်ဘူး"

"ဟုတ်ဘယ်...ကျွန်မ စိတ်မကောင်းဖြစ်မိတယ်..... စိတ်လည်းညစ်သွားတယ်"

"ကိုယ်တို့ ဒီကိစ္စကို ပြေလည်အောင် ညှိယူကြတာပေါ့ကွာ တစ်ရက်နှစ်ရက်လောက်တော့ သည်းခံလိုက်ပါဦး၊ ကိုယ် စိတ်ပြန်ကြည်သွားမှာပါ။ ကိုယ့်ကို နားလည်ဖို့ ကြိုးစားပါ မေရယ်"

ကိုမင်း မျက်လုံးများက နွေးထွေးနေသည် သူမျက်နှာ စိုးရိမ်နေပုံပေါက်၏။ "အမေက သူမသေခင်တုန်းက ကိုယ့်မွေး တိုင် ကိုယ့်ဆီ အမြဲလာခဲ့မယ်လို့ ပြောခဲ့ဖူးတယ်။ အဲဒါကြော့ ဒီခိုနှိုးဒီခါရောက်တိုင်း ကိုယ်စိတ်ဓာတ်ကျရတာ ဖြစ်ချင်ဖြစ်မယ်

အမေ့ကို သိပ်သတိရတာပဲ။ အမေ မရှိတာလဲ သိပ်ဝမ်းနည်းတယ် ကိုယ့်ကို နားလည်ဖို့ ကြိုးစားပါ မေ မင်းကိုစိတ်ညစ်အောင် လုပ်မိရင် ကိုယ့်ကို ခွင့်လွှတ်ဖို့ကြိုးစားပါ။ ကိုယ်တမင် ရည်ရွယ်ပြီး လုပ်တာ မဟုတ်ပါဘူး ကိုယ် မင်းကို ချစ်တယ်မေ"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထား လိုက်ကြတယ်။

"ရှင် ဒီလိုဖြစ်တော့ ဒီနှစ်နောက်ဆုံးဖြစ်ပါစေလား ကိုမင်းရယ်၊ နှစ်နှစ်တောင် ကြာခဲ့ပြီပဲ။ ရှင့်အမေရှိသေးရင် ခုဆို သူအသက် ၅၀ ရှိပြီ ရှင်ကဝမ်းနည်းကြေကွဲစရာကောင်းအောင် သေဆုံးသွားရတဲ့ အဖြစ်ကို မျက်စိထဲ မြင်နေရတာကိုး ပြီးတာတွေပြီးသွားပါပြီ ရှင့်ဘဝရှေ့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်လေ"

"ကိုယ်မမေ့နိုင်သေးဘူး အဖြစ်အပျက်က မနေ့တစ်နေ့ လိုပဲ"

သူမ ကိုမင်းရဲ့ ကျောလေးကို ခပ်ဖွဖွ ပွတ်သပ်နေလိုက် သည်။ ကိုမင်းက ကလေးတစ်ယောက်လိုပါပဲ ရွိက်ကြီးတငင် ကြွေးလို့။

www.burmeseclassic.com

www.burmeseclassic.com

သူမ မေးခဲ့တဲ့ အိပ်ပျော်သွားပြန်၏...အသံတွေ ဘာမှ မကြားရတော့။

မနက်လင်းတော့ သူမအောက်ထပ်ဆင်းသည့်အခါ ညက ကြားရသည့်အသံများမှာ အိပ်မက်မဟုတ်မှန်း သိလိုက်ရသည်။

ကိုမင်းတစ်ယောက် ဟိုဘောဂဟစ္စည်းများကို နဂိုမူလ အတိုင်း ပြန်ထားရှိရန် ရွှေ့ပြောင်းနေတဲ့ အသံတွေပေါ့။

ကြည့်စမ်း ခန်းဆီးတွေလဲ ပြန်ချိတ်ထားပြီးပြီ...၊ စားပွဲ ကုလားထိုင်၊ အလှတပ်ပစ္စည်းပစ္စယ၊ ရုပ်ထိုးပန်းအိုး တိုလီမုတ်စ အားလုံး နေရာတကျ ပြန်ဖြစ်နေကြပြီ။

အောက်ထပ်ရှိ အခန်းထဲသို့ တဖြည်းဖြည်းချင်း လျှောက် ကြည့်လာ၏။ ကိုမင်းသည် ပန်းအိုးတစ်လုံး၊ ကုလားထိုင်တစ်လုံး စသည်တို့ကို မူလနေရာအတိုင်း တလက်မ၊ တစင်တီ မလွဲပြန် ထားထား၏။

ကိုမင်းရဲ့ တို့ပြန်မှု တစ်ခုခုကို သူမမျှော်လင့်ပြီးသား။ ဒါပေမယ့် မိမိဆန္ဒ၊ မိမိ၏ အနုပညာခံစားမှု အရသာတို့ကို သည်လောက်ကြီး ပြင်းပြင်းထန်ထန် ဆန့်ကျင်ခံရလိမ့်မည်ဟု မထင်ထားခဲ့။ သူမ အကြီး အကျယ် တုန်လှုပ်သွားမိသည်။

(၁၈)

အပြင်ဘက် စကြံလမ်းမှ ခြေသံတွေ တရှုပ်ရှုပ်ကြားရ ရသည်။ အောက်ထပ်နိုးပေါ် တက်တက်သွားသော ခြေသံများ၊ တားဆီး ကြာတော့ ပြန်ဆင်းလာသံကြားရပြန်၏။

လေ့ကားတထစ် ခြေတစ်ချက်လှမ်းတိုင်း ဒုတ်ကနဲ ဒုတ်ကနဲ မြည်သံကို ဆက်တိုက်ကြားရသည်။

သူမ မျက်လုံးတွေ ဖွင့်မရ။ နီးတဝက်သိစိတ်က အသံတွေ ကြားနေရသည်။ ဘာကိုမှ ကွဲကွဲပြားပြား မသိနိုင်။

အသံတွေ...တစ်ခုခုတွန်းထိုးရွှေ့သံတွေ.... တဂျစ်ဂျစ်နဲ့ ဘာသံတွေလဲ....ဘာတွေလဲ...ဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com

သူမ အပေါ်ထပ်ပြန်တက်လာခဲ့သည်။

ကိုမင်း ကလေးဘဝတုန်းက နေခဲ့သော အခန်းတံခါး ပိတ်ထားသည်ကို တွေ့လိုက်ရ၏။ ထိုတံခါးနားကပ်၍ သူမနားစွင့်လိုက်သည်။ ဘာသံမှ မကြားရ။

တံခါးကို ဖြေးညှင်းစွာ ဖွင့်လိုက်၏။

ကိုမင်းတစ်ယောက် ကုတင်ပေါ်မှ ကွေးကွေးလေး အိပ်နေသည်ကို တွေ့လိုက်ရသည်။ ဝွမ်းစောင်ကလေးကို သူ့ကိုယ်ပေါ်ရစ်ပတ်ထား၏ သူ၏နားရွက်နှင့် ဆံစတို့သာ မြင်နေရသည်။ သူမျက်နှာကို ဝွမ်းစောင်ဖြင့် တဝက်တပျက် ဖုံးကွယ်နေသည်။

မေသည် အခန်းထဲသို့ တိတ်တဆိတ်ဝင်လာပြီး ကိုမင်းအနားကုန်းကြည့်လိုက်သည်။ သူမကို ကိုမင်းပေးဝတ်ခဲ့တဲ့ သူအမေရဲ့ စိမ်းပြာရောင် ညဝတ်အင်္ကျီကြီးကို သူမျက်နှာနားကပ်၍ ဆုပ်ကိုင်ထားသည်။

မေနှင့်ကလေးများ မနက်စာစားပြီးခါနီးတွင်မှ ကိုမင်းအောက်ထပ်သို့ ဆင်းလာ၏။ လက်ထဲတွင် ရိုင်ဖယ်သေနတ်တစ်လက် ကိုင်ထား၏။

"ပရိဘောဂပစ္စည်းတွေ နောက်ထပ်နေရာ မပြောင်းပါနဲ့

တော့ မေ။ မင်းလုပ်တာ ကိုယ်မကြိုက်ဘူး"

"ဟုတ်ကဲ့ ကျွန်မသိပါပြီ"

သူမ အသံကအေးစက်စက်။ ကိုမင်းက သူမအနား တိုးကပ်လာပြီး

"မင်း ကိုယ့်ကို ချစ်ရဲ့လား မေ"

"အင်း"

"ကိုယ့်ကို ဘယ်တော့မှ ပစ်မပြေးရဘူးပေါ့"

"ကျွန်မ ဘယ်တော့မှ ရှင့်ကို ပစ်မပြေးချင်ပါဘူး"

"အေး ကိုယ့်အမေလဲ ဒီအတိုင်းပဲ ပြောခဲ့ဖူးတယ်။ တစ်လုံးမကျန် ဒီအတိုင်းပဲ"

သူမျက်လုံးများ တောက်ပလာသည်။

ကလေးများမှာ တိတ်ဆိတ်နေကြတယ်။

"ည ကိုယ်အိမ်ပြန်ရောက်ချင် မှ ရောက်မှာ ကိုယ်ဘာလုပ်ရမှန်းလဲ မသိသေးဘူး ဒီနေ့တစ်နေ့လုံး ခြံနားတစ်ဝိုက်မှာပဲရှိမယ်"

"ကောင်းပြီလေ"

ကိုမင်းက သမီးနှစ်ယောက်ကို နမ်းလိုက်သည်။ သူမ ကိုတော့ ခေါင်းလေးတစ်ချက်ပုတ်၍ နှုတ်ဆက်ပြီး သူထွက်သွား

www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ကိုမင်း လက်ထဲကသေနတ်ကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်နေမိသည်။ သူ အမဲလိုက်ဖို့များလား။

(၁၉)

BURMESE CLASSIC .com

မေသည် ကလေးများခေါ်၍ လမ်းလျှောက်ထွက်လာခဲ့ သည်။ မြင်းစောင်းနားသို့ ရောက်သောအခါ ရဲရင့်က သူမတို့အား အဆင့်သင့် စောင့်နေသည်ကို တွေ့လိုက်ရသည်။

ရဲရင့်မျက်နှာသည် ခါတိုင်းကဲ့သို့ ချိုသာစွာပြုံးမနေပေ။ စိုးရိမ်ကြောင့်ကြမှု အရေးအကြောင်းလေးများ ယှက်သန်းနေ၏။

"မနက်တုန်းက ဦးလေးသီဟ ဒီကိုလာတယ်။ သူ တော်တော်လေး မူးနေတာနဲ့ အဖေ နှင်ထုတ်လိုက်ရတယ်။ သူ အိမ်တံခါးကို ကောင်းကောင်းဖွင့်သွားတော့ ဘက်ဂီလေးထွက်ပြေး သွားတယ်

www.burmeseclassic.com

www.burmeseclassic.com

အစ်မရယ်။ ဘက်ဂီ ဘာမှမဖြစ်ပါစေနဲ့လို့ ကျွန်တော် ဆုတောင်းနေတယ် သူက ကားတွေဘာတွေ ရှောင်တတ်သေးတာ မဟုတ်ဘူး''

''မင်း လိုက်မရှာဘူးလား''

''ဟိုလေ...ဆရာက ကြိုက်မှာမဟုတ်ဘူး''

''အို...ရပါတယ် ရဲရင့်ရယ်။ ငါပြေလည်အောင် ပြောပေးပါ့မယ်။ ခွေးလေး ဘက်ဂီတစ်ခုခုဖြစ်သွားရင် ကလေးတွေ စိတ်မကောင်းဖြစ်နေဦးမယ်''

ရဲရင့်က ခပ်သုတ်သုတ် ထွက်ခွာသွားသည်။ မေက ကလေးနှစ်ယောက်ကို လှမ်းပြောလိုက်၏။

''ကဲ..သမီးတို့ရေ လမ်းလျှောက်ကြစို့....''

ကလေးနှစ်ယောက်သည် ကွင်းပြင်ထဲသို့ ရှေ့မှ ပြေးသွားကြသည်။ လမ်းလျှောက်ရင်း သူမခေါင်းထဲ မူးနောက်နောက်ဖြစ်လာ၏။

BURMESE CLASSIC .com

ဘုရား ဘုရား..ကိုယ်ဝန်များရှိနေပြီလားမသိ။

ခရမ်းနှင့်မိုးပြာကို ကိုယ်ဝန်ရခါစက ဒီလိုပဲဖြစ်ဖူးသည်။ ဒါကြောင့် ညဝက်အကျီဝတ်ရင် ရင်သားနေရာမှာ အတော်လေးတင်းကျပ်လာခြင်းဖြစ်သည်။

မကြာခဏ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်ဓါတ်ကျ စိတ်အားငယ်ခြင်း တို့၏ အကြောင်းရင်းကို ယခုသူသိရပြီ။

ကိုမင်းကို ကိုယ်ဝန်ရှိနေပြီ ပြောပြလိုက်ရင် ကိုမင်း ဝမ်းသာသွားမလား။ သူက သူရဲ့ ခြံဝင်းကြီးကို အမွေဆက်ခံထိန်းသိမ်းဖို့ သားတစ်ယောက် လိုချင်နေသည် မဟုတ်လား။

''ဘတ်ဂီ..မေမေ ဟိုမှာကြည့်စမ်း ဘက်ဂီဟိုနားမှာ''

''အေး တော်သေးတာပေါ့ ရဲရင့်တစ်ယောက် စိုးရိမ်နေတာတွေမှတွေ့ရဲ့လား''

မေက ပြောရင်း ဘက်ဂီကို လှမ်းခေါ်လိုက်သည်။

''ဘက်ဂီ..ဘက်ဂီ အို့အို့''

ဘက်ဂီသည် သချိုင်းကုန်းဘက်သို့ ဦးတည်ပြေးနေသည်။ ဘက်ဂီအိမ်ပတ်ဝန်းကျင်ဝိုက်၌ မြေကြီးကို ယက်တတ်ပုံကို ရဲရင့်ပြောဖူး၍ မေသတိရလာသည်။

သချိုင်းမြေကို လျှောက်ဖွကုန်မှအခက် ကလေးနှစ်ယောက်ကို ကျော်တက်၍ မေသုတ်ခြေတင် ပြေးလိုက်သည်။

''ဘက်ဂီ..ဘက်ဂီ..လာခဲ့''

သူမအသံကို ကိုမင်းကြားသွားရင်တော့။

www.burmeseclassic.com

www.burmeseclassic.com

သရိုင်းခြံစည်းရိုး တံခါးပွင့်နေ၏။ ဘက်ဂီသည် အုတ်ဂူများပေါ်မှ ခုန်ပေါက်ပြေးလွှားသွားသည်။

ခေါ်ခင်မိုးမြတ်၏ သီးသန့်အုတ်ဂူပေါ်တွင် လတ်လတ်ဆတ်ဆတ်နှင်းဆီပန်းများ ဖြန့်ကျဲတင်ထား၏။ ဘက်ဂီက ထိုနှင်းဆီပွင့်တွေကို နှင်းခြေသွားရာ ပန်းပွင့်များ ပွရက်ခန်သွား၏။

သစ်ဆောထဲမှ လက်ကနဲ အရာတစ်ခု သူမတွေ့လိုက် ရသည်။ တစ်ဆက်တည်းလည်း ထိုအရာမှာ ဘာဖြစ်သည်ကို သဘော ပေါက်သွားသည်။

"အို...ကိုမင်း မပစ်နဲ့ မပစ်ပါနဲ့"

သူမအော်လိုက်သည်။ ကိုမင်းသည် သစ်ပင်ရိပ်များအောက်မှ ထွက်လာပြီး သူ့ရှိုင်ဖယ်ကို ဖြည်းညှင်းစွာ မတင်၍ ပုခုံး၌ ထောက်လိုက်သည်။

"မလုပ်နဲ့..ကိုမင်း"

သူမအော်နေဆဲ

သေနတ်သံတစ်ချက် ဟိန်းကနဲထွက်လာ၏။ သစ်ပင်မှ ငှက်ကလေးများ အလန့်တကြား ထပျံသွားကြလေ၏။

ဘက်ဂီလေးမှာ ကျည်ဆန်ထိမှန်ပြီး တချက်ညည်းထွားရင်း နှင့် နှင်းဆီပန်းပွင့်များပေါ် ခွေကျသွားသည်။

မေ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်နေစဉ်မှာပင် ကိုမင်းက သေနတ်ကို မောင်းတင်ပြီး အသက်ငင်နေသော ခွေးလေးအား ထပ်၍ ပစ်ထည့်လိုက်သည်။

ခွေးကလေး၏ ညည်းထွားသံလည်း လုံးဝရပ်ဆိုင်းသွားလေ၏။

"မေမေတို့ အိမ်ပြန်မှ ဖြစ်မယ်နော်"

ဘက်ဂီနဲ့ သမီးတို့ ကစားချင်သေးတယ်လေ"

မေက သမီးနှစ်ယောက်ကို အိမ်ထဲသို့ တွန်းပို့လိုက်သည်။ သူတို့ကို အခန်းထဲမှာ ထည့်ထားလိုက်ပြီး သူမ အိမ်ခန်းဆီသို့ လျှောက်လာခဲ့သည်။

ရင်တွန်ပြေအောင် ကုတင်ပေါ် အသာအယာ လှဲနေလိုက်သည်။

ဘုရား..ဘုရား ကိုမင်းဟာ သူ့အမေနဲ့ ပတ်သတ်လာရင် ဆတ်ဆတ်ထိမခံ သူပါပဲလား။ သူ့အမေရဲ့ အုတ်ဂူပေါ် ဘက်ဂီလေး တက်မိလို့...အို....

www.burmeseclassic.com

www.burmeseclassic.com

ခဏကြာတွင်...ကိုမင်း အခန်းထဲဝင်လာ၏။ ကုတင်ပေါ်လဲနေသော မေကို ငုံ့ကြည့်ပြီး

"ကိုယ်က ခွေးလေခွေးလွင့် တစ်ကောင်မှတ်လို့ ပစ်လိုက်တာ ခွေးလေခွေးလွင့်တွေဆို ခွေးလူးရောဂါပိုး စွဲနေကြတာ မဟုတ်လား။ မနှစ်ကပဲ ခွေးဝဲစားတစ်ကောင် ကိုက်ထည့်လိုက်လို့ ဒီမြို့က ကလေးတစ်ယောက် ကံကောင်းလို့ မသေတယ်"

"ကိုမင်း ရှင် တယ်ရက်စက်ပါလား၊ ရှင်သူ့ကို နှစ်ခါ တောင် ပစ်ရက်တယ်နော်။ ရှင့်ကို ကျွန်မလှမ်းအော်လိုက်သားနဲ့"

"ကိုယ်မလုပ်ရင် မဖြစ်လို့ပါ မေရယ်...ပထမ ကျည်ဆန်က သူရဲ့ကျောရိုးကို ထိသွားတယ်၊ ကိုယ်သူ့ကို မသေမရှင် ထားလို့ကောင်းပါ့မလား ကိုယ် တိရစ္ဆာန်တွေအပေါ် မရက်စက် တတ်ဘူးဆိုတာ နားလည်ထားစမ်းပါကွာ၊ ကိုယ်ဒီလောက် အသည်းမမာဘူး။ ကိုယ်သမီးတွေကို အန္တရာယ်ပြုနိုင်တဲ့ ခွေးလေခွေးလွင့် တစ်ကောင်ကို ပစ်သတ်လို့ ကိုယ့်ကို ရက်စက်တယ်လို့ မင်းစွပ်စွဲတယ်။ ကိုယ်လေ တစ်ကယ်စိတ်မကောင်းဘူး"

သူမ ဘာမှ မပြောချင်တော့ပါ။

"မနက်ဖြန် ကိုယ်မွေးနေ့ မေသိလား"

"ကျွန်မ သိပါတယ် ရှင်ဘာလုပ်မယ်လို့ စိတ်ကူးထားလို့လဲ"

"ဘာမှတော့ ထွေထွေထူးထူး လုပ်မနေတော့ပါဘူး။ အဲ...အမှေအတွက်တော့ ဘုန်းကြီးကျောင်းမှာ ဆွမ်းချိုင့်ပို့ပြီး တရားနာရမယ်။ နေ့ခင်းကျမှ ကိုယ်တို့မိသားစု ပျော်ပျော်ပါးပါး စားကြသောက်ကြတာပေါ့ ကိုယ့်မိတ်ဆွေ နှစ်ယောက်ကိုလဲ ထမင်းစားဖိတ်ထားတယ်"

"ဘယ်သူတွေလဲ"

"ကိုယ့်သူငယ်ချင်း ဇွဲမာန်တို့ စုံတွဲလေ"

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

"ကျွန်မနာမည် ဒဂါကျော်ပါ"

ကိုခွဲမာန်၏ မိန်းမက သူကိုယ်သူ မိတ်ဆက်သည်။

အမျိုးသမီးသည် မေနှင့်အသက် မတိမ်းမယိမ်းလောက်။ ရှိပြီး အရိုးအဆစ်သေးသော ခန္ဓာကိုယ် အချိုးအစားရှိသည်။

ဒဂါက မေ့အား ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပွင့်လင်းသူ တစ်ယောက်ဖြစ်ပုံရ၏။

"ရှင့်ကို တစ်မြို့လုံးက စိတ်ဝင်စားနေကြတာ၊ ရှင်က ကျွန် တို့ကို မြို့သူမြို့သားတွေနဲ့မှ အတွေ့မခံဘဲကိုး"

ကိုမင်းက သူမပခုံးကို လှမ်းဖက်လိုက်ပြီး

"ဒဂါ... ငါ့မိန်းမ ဘယ်လောက်လှကြောင်း စိတ်ဝင်စား နေတဲ့ သူတွေကို ပြန်ပြီးဖော်သည်ချလိုက်ဦးနော်"

"ပြောရမှာပေါ့ရှင်"

ထမင်းစားပွဲဝိုင်းတွင် စကားသံလေးများဖြင့် စည်ဝေနေ သည်။ ထိုအခိုက် ထမင်းစားခန်းထဲသို့ ဦးမှန်ရောက်လာသည်။

"ဆရာအပြင်မှာ စည်သည်ရောက်နေပါတယ်"

"ဘယ်သူလဲ"

"ရဲမှူးကြီး ဦးကျော်တင့်"

"ဘာကိစ္စတဲ့လဲ"

"ဆရာကတော်နဲ့ တွေ့ချင်လို့တဲ့"

မေ ထိတ်ခနဲဖြစ်သွားသည်။ ဘာကိစ္စပါလိမ့်။ ကိုမင်းကလည်း အံ့အားသင့်သွားပုံရသည်။

"ကြော်... အေး...အေး... အိမ်ထဲကို ဝင်ခိုင်းလိုက်"

မေနှင့်ကိုမင်း အိမ်ရှေ့ခန်းသို့ ခပ်သုတ်သုတ်ထွက်လာ ခဲ့သည်။ ကိုမင်းကို တွေ့တွေ့ချင်း ရဲမှူးကြီးက ရိုသေလေးစားသော မျက်နှာထားဖြင့်-

www.burmeseclassic.com

www.burmeseclassic.com

"ခုလို နှောင့်ယှက်ရတာ ခွင့်လွှတ်ပါ ကိုဘုန်းမြတ်မင်း ကျွန်တော် ခင်ဗျားမိန်းမကို မေးစရာလေးရှိလို့ပါ"

"ကျွန်မကို မေးစရာရှိတယ် ဟုတ်လား"

"ဟုတ်ကဲ့... ကျွန်တော်တို့ချည်းပဲ လွတ်လွတ်လပ်လပ် ခဏလောက်စကားပြောလို့ ဖြစ်နိုင်မလား ခင်ဗျာ"

"ကျွန်မ ယောက်ျားမသိစေချင်တဲ့ အကြောင်းကိစ္စတွေ မပါ ဘူးထင်ပါရဲ့"

မေက ပြောလိုက်သည်။ ရဲမှူးကြီးက ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ကဲ့... ဒါဆို ကျွန်တော်မေးပါ့မယ်။ ဖြိုးဝေလျှံဆိုတဲ့ လူကို ခင်ဗျားသိလား"

မေက မျက်နှာမပျက်အောင် ထိန်းလိုက်ရင်း

"ဟုတ်ကဲ့ ဝေလျှံ ဘာဖြစ်လို့ပါလိမ့်"

"ခင်ဗျား သူ့ကို နောက်ဆုံးဘယ်တုန်းက တွေ့လိုက်သေးလဲ"

မေအံကို တစ်ချက်ကြိတ်လိုက်သည်။

သွားပြီ။ ဖုံးခဲ့သမျှ ကုန်းမှပေါ်တော့မယ်။ ကြံ့ကြံ့ဖန်ရ ဖြစ်ရလေခြင်း။ ကျွန်မကိုခွင့်လွှတ်ပါ ကိုမင်းရယ်။ ကိုမင်းကို သူ မကြည့်ရဲ။

"ဖေဖော်ဝါရီလ ၂၄ ရက်နေ့က မြို့စွန်နားက မာလာ စားသောက် ဆိုင်မှာ တွေ့ခဲ့ပါတယ်"

"ဖြိုးဝေလျှံဟာ ခင်ဗျားရဲ့ လက်ရှိကလေးတွေရဲ့ ဖအေ အရင်းလား"

"ဝေလျှံဟာ ကျွန်မရဲ့ ခင်ပွန်းဟောင်းဟာ ဒီကလေးတွေရဲ့ ဖခင်ရင်းပါပဲရှင်"

ထမင်းစားခန်းထဲတွင် တိတ်ဆိတ်နေ၏။ သူမတို့စကားတွေ နားစွင့်နေကြတယ် ထင်ရဲ့။

"ခင်ဗျား သူနဲ့နောက်ဆုံး ဘယ်တုန်းက စကားပြောလိုက် ရသလဲ"

"မတ်လ ၇ ရက်နေ့ ညနေ ၆း၀၀ လောက်က သူ ကျွန်မ ဆီ ဖုန်းဆက်ပါတယ်။ ကျွန်မမေးပါရစေဦး သူတစ်ခုခုဖြစ်လို့များ လား"

"မတ်လ ၉ ရက်နေ့ နေ့လယ်ခင်းလောက်က ဖုန်းလာ တယ်။ သူမိန်းမက ကလေးတွေကိစ္စနဲ့ ပတ်သက်ပြီး သူ့ကိုတွေ့ချင် တယ်လို့ သူကပြောသွားတယ်။ သူမိတ်ဆွေတစ်ယောက်ဆီက ကားကိုငှားပြီး နာရီဝက်လောက်အကြာမှာ မောင်းထွက်သွားပါတယ်။ အချိန်က ညနေ

www.burmeseclassic.com

www.burmeseclassic.com

၄းဝဝ နာရီလောက်ရှိနေပြီ။ မနက်ကျမှ ပြန်လာမယ်လို့လဲ ပြောသွားပါတယ်။ အဲဒါက လွန်ခဲ့တဲ့ လေးရက်လောက်က ဖြစ်တာ။ ခုချိန်ထိ သူသတင်း အစအနမရသေးဘူး။ သူငှားသွားတဲ့ကားက ဝယ်ပြီးတာ တစ်လလောက်ပဲရှိသေးတယ်။ အသစ်စက်စက်ပေါ့။ ပိုင်ရှင်ဘယ်လောက် စိတ်ပူနေမလဲဆိုတာ စဉ်းစားကြည့်၊ အဲဒီနေ့က ခင်ဗျားသူ့ကို တွေ့ဖို့ ဖုန်းဆက်ခေါ်ခဲ့သေးလား''

''ဟင့်အင်း ကျွန်မ မခေါ်ပါဘူး''

''ခင်ဗျား ခင်ပွန်းဟောင်းနဲ့ ဘာလို့ အဆက်အသွယ် လုပ်နေရသလဲဆိုတာ ကျွန်တော်သိပါရစေ ဒီတစ်မြို့လုံးက ခင်ဗျားကို မုဆိုးမ လေးတစ်ယောက် အဖြစ်သာသိကြတာကိုး''

''ဒေလျှံက သူသမီးတွေကို သိပ်မြင်ချင်တယ် ကလေး တွေကို ကိုမင်းဆီမှာ မွေးစားခွင့်ပေးဖို့ကို သူတားမလို့ ကြံစည်တယ်''

''ခင်ဗျားသူ့ကို ဘာပြောလိုက်လဲ''

''သူနဲ့ကျွန်မ လူချင်းတွေ့တော့ ကျွန်မတို့မိသားစုကို မနှောင့်ယှက်ဖို့ ပြောလိုက်ပါတယ်''

''ကိုဘုန်းမြတ်မင်း မတ်လ ခုနှစ်ရက်နေ့ ကိုဝေလျှံနဲ့ ခင်ဗျား မိန်းမ ဖုန်းပြောကြတာကို သိရဲ့လား''

''ဟုတ်ကဲ့ ကျွန်တော်သိပါတယ်။ ဖုန်းလာတော့ ကျွန်တော် အနားမှာ ရှိနေပါတယ်။ သူတို့ လူချင်းတွေ့ကြတာတော့ ကျွန်တော် လုံးဝမသိပါဘူး''

''မတ်လ ကိုးရက်နေ့က ခင်ဗျားမိန်းမနဲ့အတူ အိမ်မှာ ရှိနေသလား''

''ဟင့်အင်း၊ အဲဒီညက ကျွန်တော်ခြံထဲက ရုံးခန်းထဲမှာပဲ အိပ်လိုက်ပါတယ်''

''ခင်ဗျားအပြင်ထွက်နေမယ်ဆိုတာ ခင်ဗျားမိန်းမသိလား''

အတန်ကြာမျှ တိတ်ဆိတ်သွား၏။

''ကျွန်မသိပါတယ်''

''အဲဒီညက ခင်ဗျား ဘာလုပ်နေလဲ''

''ကျွန်မ အဲဒီညက သိပ်ပင်ပန်းနေလို့ သမီးတွေကို အိပ်ရာထဲသိပ်ခဲ့ပြီး ကျွန်မတန်းအိပ်တော့တာပါပဲ''

''အင်း...ကိုဘုန်းမြတ်မင်း မရှိတုန်း ခင်ဗျားရဲ့ ခင်ပွန်း ဟောင်းကို ခင်ဗျားလာလည်ဖို့ မဖိတ်ခေါ်ဘူးဆိုတာ သေချာရဲ့လား''

''ဟင့်အင်း မခေါ်ပါဘူး ဘယ်တော့မှလဲ သူ့ကို ဒီခြံနားကောင် အကပ်မခံနိုင်ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

သူမ သတိရလာတော့ အိပ်ခန်းထဲ၏ ကုတင်ပေါ်မှာ။

ကိုမင်းက စိုးရိမ်သောမျက်နှာထားဖြင့် သူမအား ငုံ့ကြည့်နေသည်။

"ဘယ်သည်တွေ ပြန်သွားပြီလား"

မေက မေးလိုက်သည်။ ကိုမင်းက ခေါင်းညိတ်ပြသည်။

"ရဲမှူးကြီး ဘာပြောသွားလဲ"

"ဒီအမှုကို လူမျောက်မှုလို့ပဲ သတ်မှတ်ထားပါတယ်တဲ့.. သူများတစ်ခေါက် ထပ်လာဦးမယ်လို့တော့ ပြောသွားတယ်"

"ကိုမင်း ကျွန်မ"

သူမပြောသမျှကို သူတို့ ယုံကြည်ကြပုံမပေါ်။

သူမခေါင်းများ ချာချာလည်လျက်ရှိနေပြီ။ လေကောင်း လေသန့် ရှူရမှဖြစ်မည်။

အိမ်ဝင်ဝတွင် ရပ်နေသော လူတစ်ယောက်ကို သူမမြင်လိုက်ရသည်။ အဝတ်အစား သပ်ရပ်စတိုင်ကျစွာ ဝတ်ထားတဲ့....ဝေလျှံ ဖြစ်နေပါလား။ ဝေလျှံ ဘယ်လိုရောက်လာသလဲ။ သူမျက်နှာကလည်း ညှိုးငယ်လို့။

ကြည့်ရင်းမှ ဝေလျှံပုံရိပ်မှာ ဖျတ်ခနဲပျောက်ကွယ်သည်။

ဘုရားရေ...ငါဘာတွေမြင်မိပါလိမ့်။

ခေါင်းထဲမှ မူးလိုက်တာ။

သူမ မတ်တတ်ထလိုက်မိသလားမသိ။ ဝုန်းခနဲတွန်းတိုက်လဲဖြို့ သံကတော့ ကြားလိုက်ရသည်။

သူမလောကကြီးကို တခဏ မှေသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"မင်း စိတ်မကောင်းဖြစ်နေတာ ကိုယ်သိပါတယ်။ မင်း ဝေလျှံကို အတော်ချစ်ခဲ့မိပုံပဲ။ အစတုန်းက ကိုယ်မသိဘူး။ အင်း မင်း သူနဲ့အပြင်မှာ ချိန်းတွေ့တာ ကိုယ်သိရပေမယ့် သိပ်ပြီး မတုန်လှုပ်မိဘူး။ အင်းလေ... မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်တယ်ဆိုတာ ကိုယ်အခဲခတ်မိထားလို့လည်း ဖြစ်ချင်ဖြစ်မှာ ပေါ့လေ"

ရှင်းပြလိုသော်လည်း သူမပြောရမည့်စကားတို့ကိုပင် ထပ်မကြားချင်တော့ပါ။ ပင်ပန်းလွန်း၊ စိတ်ညစ်လွန်းသဖြင့် ရှေ့ဆက် ဆွေးနွေးလိုစိတ်ပင် ကုန်သွားရ၏။

"ကိုယ်ဟာ မင်းရဲ့ခင်ပွန်းပါမေ၊ မင်းကိုယ့်ကို အမှန်အတိုင်း ဖွင့်ပြောမယ်ဆိုရှိ ကိုယ် မင်းဘက်က ရပ်တည်ဖို့ အသင့်ပါပဲ"

သူမ မျက်လုံးတွေကိုသာ မှိတ်ထားလိုက်မိတော့သည်။

ဝေလျှံဘာလုပ်တာလဲ။ သူမဒုက္ခရောက်စေရန် တမင်တကာ ကိုယ်ပျောက်မင်းသား လုပ်သွားတာလား။ သူမ၏ အိမ်ထောင်ရေး မတည်မြဲအောင် နောင့်ယှက်တာများလား။

သူများကားတိုးပြီးလာတယ်ဆိုတော့... လမ်းမှာ ကားတိုက် မိလို့များလား၊ ဒါမှမဟုတ် ကားတစ်ခုခု ပျက်စီးသွားလို့ မလျှော်နိုင်

လို့ ထွက်ပြေးသွားတာလား... သူမဆီ ရောက်မလာခဲ့တာတော့ သေချာသည်။

"ကျွန်မ သူ့ကို ဖုန်းဆက်မခေါ်ပါဘူး ကိုမင်းရယ်။ ကျွန်မ အထင်ပြောရရင် ဝေလျှံက ကိစ္စတစ်ခုကို ရှောင်ရှားချင်ရင် ကျွန်မနဲ့ လမ်းတွေကို သွားတွေ့ရဦးမယ်လို့ အကြောင်းပြတတ်ပါတယ်။ ဟို.. ကောင်မလေးတစ်ယောက်ကို အဆက်ဖြတ်ချင်ရင်လည်း ဒီလိုပဲ အကြောင်းပြပြီး ရှောင်တိမ်းတတ်ပါတယ်"

"ဒီလိုဆိုရင် ဝေလျှံမိန်းမတစ်ယောက်နဲ့ တွဲနေနိုင်တယ်ဆိုတာ သိရက်နဲ့ သူပျောက်နေတာ သိရတော့ မင်းဘာလို့ ဒီလောက်တောင် စိတ်လှုပ်ရှားသွားရတာလဲ"

မေ ဘာပြောရမှန်းမသိတော့ပေ။ ခွေးအလှည်းနင်းခံရသလို ဖြစ်သွားသည်။ ကိုယ်ဝန်ရှိနေတာကို ကိုမင်းကို ဖွင့်ပြောလိုက်ရ ကောင်းမလား။ မကောင်းပါဘူးလေ။ ခုလို စိတ်တင်းကျပ်စရာ ကောင်းတဲ့ အခြေအနေမျိုးမှာ မပြောသင့်ပါဘူး။

"ကျွန်မ ခုတလော နေသိပ်မကောင်းဘူး၊ ခဏ ခဏ မူးနေတယ်"

"မင်းကြည့်ရတာ ဖြူဖြူတင်ဖြူရော်နဲ့ အားနည်းနေတယ်

www.burmeseclassic.com

www.burmeseclassic.com

ထင်တယ်။ အိပ်ရေးဝအောင် အိပ်လိုက်ပါလား မေ။ ဒါမှအားရှိသွားမှာ"

မေ ခေါင်းညိတ်ပြလိုက်သည်။

ကိုမင်းက သူမနဖူးလေးကို ငုံ့နမ်း၍ ခပ်တိုးတိုးပြော၏။

"မေ... ဒီညတွင်းချင်းပဲ မင်း ဒီအခြေအနေနဲ့ အိမ်ကထွက်မပြေးနိုင်ပါဘူးနော်"

ဘာလဲ... ခနဲ့တာလား၊ စိုးရိမ်တာလား။ ဘာသဘောနဲ့ ပြောတာလည်းတော့ မသိ။ သူမ မျက်လုံးမှိတ်ထားတာကို ပြန်မဖွင့်မိတော့။

အထင်မလွဲစမ်းပါနဲ့ ကိုမင်းရယ်။ ကျွန်မ စိတ်ရှုပ်လှပြီ။

(၂၂)

"မေမေ"

မိုးပြာလေးက ထမင်းစားနေရင်းမှ လှမ်းခေါ်သည်။

"ဟင်"

"ဖေဖေက ပြောတယ်။ ဦးဦးရဲရင့်အတွက် ခွေးလေးတစ်ကောင် ဝယ်ပေးထားတယ်တဲ့။ ထွက်ပြေးသွားတဲ့ ဘက်ကီလေးအစားလေ၊ အဲဒီခွေးအသစ်လေးကို သမီးတို့ သွားကြည့်ချင်တယ်"

"အေး... သွားကြည့်ကြတာပေါ့၊ နေ့လည်တရေးအိပ်ပြီးရင် လမ်းလျှောက်သွားကြရအောင်နော်"

မိုးပြာလေးက ဝမ်းသာအားရ ခေါင်းညိတ်ပြ၏။

ဘက်ကီက အိမ်ကထွက်ပြေးသွားလို့ ပျောက်သွားတယ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

လား။ ကိုမင်းရဲ့ အကြောင်းပြချက်ပေါ့လေ။

ခွေးသစ်လေးမှာ မျိုးကောင်းလေးဖြစ်သည်။ ဘာမျိုးလဲတော့ သူမလည်းမသိ။ ကြမ်းပေါ်မှာ ခင်းထားသော ဝွမ်းကဒ်ဟောင်း ထူထူကြီးသည် အရင်ခွေးလေး ဘက်ကီ အိပ်ခဲ့တဲ့ ဝွမ်းကပ်ပင်ဖြစ်၏။

"သူ့နာမည်ဘာတဲ့လဲ"

ခရမ်းက မေးသည်။

"ဘက်ကီပဲ..ရဲရင့်က အရင်ခွေးလေးကို မမေ့နိုင်ဘူး ဖြစ်နေတယ်။ အင်မတန် နှလုံးသား မွန်မြတ်တဲ့ သူလေးပါကွယ်"

ရဲရင့်ရဲ့ အမေက ပြောသည်။ ဒေါ်သန်းဆင့်၏ အမူအရာသည် ခါတိုင်းနှင့် မတူသလိုဖြစ်နေသည်။ ဟက်ဟက်ပက်ပက် သိပ်မရှိလှ၊ အိမ်ထဲဝင်ဖို့ပင် ပျူငှာစွာ ဖိတ်ခေါ်ဖို့ တုံ့ဆိုင်းနေ၏။ သူမ မျက်နှာတွင် တစ်ခုခုကို စိုးရိမ်ပူပန်သည့် အရိပ်အရောင် ယှက်သန်းနေသဖြင့် မေ အံ့ဩနေမိသည်။

မေ မျက်နှာကို မဝံ့မရဲကြည့်ပြီး တွန့်ဆုတ်တွန့်ခ[illegible] စကား

"ကျွန်မ တစ်ခုတောင်းပန်ပါရစေ"

မေက ဒေါ်သန်းဆင့် ပြောမည့်စကားကို မျက်ခုံးလေးပင့်၍ နားစွင့်ထားလိုက်သည်။

"ရှင် ကျွန်မသားလေးကို ဒုက္ခမပေးပါနဲ့၊ သူက သိပ်ရိုးသားတဲ့ သူငယ်လေးပါရှင်..သူက ရှင့်အကြောင်းပဲ ပြောနေတယ်..ရှင်က ဒီမြို့က အရေးပါဆုံး လူတစ်ယောက်ကို ယူထားတယ်ဆိုတော့ ရှင်ဆင်ခြင်ဖို့ သင့်ပါတယ်"

မေက ထစ်ခနဲ ထရပ်လိုက်ပြီး

"ရှင် ဘာကိုဆိုလိုတာလဲ"

"ကျွန်မဆိုလိုတာကို မသိဘူးလား၊ ရှင့်လို မိန်းမတစ်ယောက်ကြောင့် သူများတွေ ဒုက္ခရောက်နိုင်တယ်၊ ကျွန်မရဲ့ မောင်သီဟဆိုရင် နွားတင်းကုတ်ထဲက မတော်မဆဖြစ်မှုကြောင့် သူ့ဘဝပျက်သွားရတယ်။ ဒေါ်ခင်မျိုးမြတ်ကို ကြိုက်နေလို့ အလုပ်ကို ပေါ့ဆတယ်ဆိုပြီး ဦးဘုန်းတင်ကျော်က စွပ်စွဲခဲ့တယ်လေ...ခု ကျွန်မမှာ ဒီသားလေး တစ်ယောက်ပဲရှိပါတယ်။ ကျွန်မရဲ့ ကမ္ဘာဟာ သူပါပဲ။ ကျွန်မ အရင်လို မတော်တဆ ဖြစ်တာတွေ ပြဿနာတွေ မကြုံတွေ့ပါရစေနဲ့ တောင်းပန်ပါတယ်"

ဒေါ်သန်းဆင့်က ရင်ထဲမှာ မျိုသိပ်ထားသမျှကို အန်ချလိုက်တာလား။ မေ အသားဆတ်ဆတ် တုန်သည်အထိ ဒေါသဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး ပြောရဦးမယ်။ ဆရာမရှိတုန်း ရှင်က ရှင့်အရင်ယောကျှင်းကို ဒီခြံထဲ လှမ်းခေါ်ခဲ့တာ အင်မတန် ရှက်ဖို့ကောင်းပါတယ်။ ဓိုက်မဲတဲ့ လုပ်ရပ်ပဲ"

"ရှင် ဘာတွေ ပြောနေတာလဲ"

မေက အော်လိုက်သည်။

"ကျွန်မ အတင်းမပြောတတ်ဘူး...ပြောစရာရှိရင် တည့်တည့်ပဲပြောတယ်...ဒီမှာ ရှင့်အရင်ယောကျ်ားက ဒီကိုလာပြီး လမ်းပြခိုင်းခဲ့တာ..ကျွန်မကလဲ လမ်းညွှန်ပေးလိုက်ပါတယ်။ သူက ရှင်ခေါ်လို့ လာတာပါတဲ့ ပြောသွားသေးတယ်။ ရှင့်အရင်ယောကျ်ား က ရုပ်ရှင်ကားတွေထဲမှာ အရံပါပါနေတဲ့ ဝေလျှံဆိုတာ သူပြောပြ လို့ သိပြီးပါပြီ"

"ရှင် တကယ်ပြောနေတာလား၊ ရှင့်ကို ဝေလျှံ တကယ် လမ်းပြခိုင်းခဲ့တာလား"

မေက အသံကို တတ်နိုင်သမျှ ထိန်း၍ ပြောလိုက်သည်။

"ကျွန်မက ဘာလို့ ညာရမှာလဲ။ ကျွန်မအိမ်မှာ တီဗွီလဲ မရှိဘူး၊ ရုပ်ရှင်လဲ မကြည့်ဘူး..သရုပ်ဆောင်ဝေလျှံ ဆိုတာလဲမသိဘူး သူကိုယ်တိုင် ပြောပြလို့ ကျွန်မသိတာ..ရှင့်ယောကျ်းဆိုတာကို

ရောပေါ့"

ကြည့်စမ်း ဒါဆို ဝေလျှံ တကယ်ရောက်လာခဲ့တာပေါ့။ သူမဆီတော့ ရောက်မလာခဲ့။ ဒီနေရာကနေ မိုးမခခြံကိုသွားရင် သုံးမိနစ်သာ သွားရတော့မည် ဝေလျှံ ဘာကြောင့်ရောက်မလာခဲ့တာလဲ။

"ကျွန်မဆီ သူလုံးဝ ရောက်မလာဘူး၊ သူကို လူပျောက်မှုနဲ့ အမှုဖွင့်ထားတယ်..ဒီမှာ ဒေါ်သန်းဆင့် တခြားအချိန်တွေမှာဆို ရှင် ဒီလိုပြောတာကို ကျွန်မ စိတ်ဆိုးမိမှာအမှန်ပဲ...ဒါပေမယ့် ကျွန်မ အခု အရမ်းစိတ်ရှုပ်နေတယ် ပြီးတော့ ရှင့်ကိုလဲ အမေချင်းကိုယ်ချင်းစာပါတယ်...ကျွန်မက ဗုဒ္ဓဘာသာဝင် မြန်မာမိန်းကလေးပါ... ကာမပိုင်ယောကျှင်းရှိရက်နဲ့ တခြားယောကျ်ား မြူဆွယ်ချင်တဲ့စိတ် မရှိပါဘူး။ ငရဲကြီးမှာ ကြောက်ပါတယ်၊ ရဲရင့်ဆိုတာ ကျွန်မရဲ့ မောင်လေးတစ်ယောက်လိုပဲ သဘောထားတယ်။ ကျွန်မ အရင်ယောကျ်ားကိုလည်း ဒီခြံကိုလာဖို့ ကျွန်မ မခေါ်ခဲ့ဘူး၊ သူဘာလို့ ရောက်လာလဲဆိုတာတော့ ကျွန်မလည်း မပြောတတ်ဘူး"

နောက်နေ့မနက်တွင် ရဲမှူးကြီး ကျော်တင့်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

မိုးမခခြံထဲသို့ တစ်ခေါက်ထပ်ရောက်လာသည်။

"မနေ့ညက ကျွန်တော်ဆီကို ခေါ်သန်းဆင့်ဆိုတဲ့ အမျိုးသမီး တစ်ယောက် ဖုန်းဆက်ပါတယ်"

"ကျွန်မ သူ့ကို တမင်ဆက်ခိုင်းလိုက်တာပါ"

"ဟုတ်တယ် သူပြောပါတယ်။ ခင်ဗျားဆီ ကျွန်တော် ချက်ချင်း လာမပြောတာ ဖြိုးဝေလျှံ ဒီအိမ်ကိုမလာပဲ ဘယ်ကို ဆက်မောင်းသွားလားလဲဆိုတာ စုံစမ်းချင်သေးလို့ပါ"

ရဲမှူးကြီးက သူမကို စေ့စေ့ကြည့်သည်။

"မိုးမခခြံကြီးနဲ့ နှစ်မိုင်အကျော်လောက်က ကားလမ်းဘေး ချောက်ထဲမှာ ကားကစ်စီး ချောက်ထဲ ထိုးကျနေတာ တွေ့ရပါတယ်။ ချုပ်တွေကလဲထူတော့ ကားကို အပေါ်ကတော်ရုံတန်ရုံလှမ်း မမြင် နိုင်ဘူးပေါ့ ကားကတော့ တော်တော်လေး ပျက်စီးဆုံးရှုံးသွားပါ တယ်"

"ဝေလျှံရော"

မေးသာမေးလိုက်ရသော်လည်း ရဲမှူးကြီး ဘာပြောမည်ကို သိပြီးဖြစ်သည်။

"ကားထဲက ယောကျ်ားတစ်ယောက်ရဲ့ အလောင်းကို ရှာ

ပါတယ်။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေမယ့် ပျောက်ဆုံးနေတဲ့ ဖြိုးဝေလျှံရဲ့ ပုံပန်းသဏ္ဌာန်နဲ့ တော်တော်တူတာ သိရပါတယ်။ သူကိုယ်ပေါ်က အဝတ်အစားဟာလဲ သူ မပျောက်ဆုံးခင် နောက်ဆုံး ဆွဲလိုက်ရတဲ့ အဝတ်အစားတွေပါပဲ"

အို..ဝေလျှံရယ် ဖြစ်မှဖြစ်ရလေ။

မေ စကားပြောချင်သော်လည်း အသံမထွက်နိုင်ပါ။

"တတ်နိုင်မယ်ဆိုရင် ကားထဲက အလောင်းဟာ ဖြိုးဝေလျှံ ဟုတ်မဟုတ်ဆိုတာ ခင်ဗျား အမြန်ဆုံးလိုက်လာပြီး ထောက်ခံချက် ပေးပါလား"

ဟင့်အင်း ဝေလျှံဟာ သိပ်နုနယ်တဲ့သူ။ သူ့အသား တစ်စက် အပွန်းခံတဲ့လူ မဟုတ်ဘူး၊ ခုတော့ ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေပြီ ဆိုပါလား၊ ဘုရား ဘုရား

"ခင်ဗျား ရှေ့နေတစ်ယောက် ခေါ်ဖို့ လိုလာလိမ့်မယ် ခေါ် မေသင့်"

"ဘာကြောင့်လဲရှင့်"

"ဖြိုးဝေလျှံ သေဆုံးမှုနဲ့ ပတ်သတ်ပြီး တရားရုံးမှာ သေဆုံး မှု သေခင်း စစ်ဆေးချက်ယူရမှာ မို့ပါ။ ခင်ဗျားကို တရားရုံးမှာ

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းတွေ မေးကြလိမ့်မယ်၊ ခင်ဗျား ခုချိန်ကစပြီး ဘာမှဆက်မပြော ချင် ရပါတယ်''

''ရှင် မေးချင်တာရှိရင် ကျွန်မ အခုဖြေနိုင်ပါတယ်''

''ကောင်းပြီလေ ကျွန်တော် ထပ်မေးပါရစေ၊ အဲဒီ မတ်လ (၉) ရက်နေ့ညက ဒီအိမ်ကို ဖြိုးဝေလျှံ ရောက်လာခဲ့ပါသလား''

''ကျွန်မ ဖြေပြီးပါပကော သူမလာပါဘူးလို့''

''ခင်ဗျားမှာ စိမ်းပြာရောင် ဆောင်းတွင်းဝတ်ကုတ်အင်္ကျီ တထည်ရှိသလား''

''ရှိပါတယ်..အဲမရှိတော့ဘူး ကျွန်မ သူများကို ပေးပစ် လိုက်ပြီ ဘာလို့လဲဟင်''

''အင်း..ခင်ဗျား အများကြီး ရှင်းပြစရာတွေ ပေါ်လာပြီ ဒေါ်မေသဇင်၊ ကျွန်တော် စိတ်မကျောင်းပါဘူး၊ မိန်းမဝတ်ကုတ်အင်္ကျီ တစ်ထည်ကို အလောင်းဘေးက ထိုင်ခုံပေါ်မှာ ကောက်ရခဲ့တယ်။ စိမ်းပြာရောင် ကုတ်အင်္ကျီတစ်ထည်ပါ။ အဲဒီအင်္ကျီဟာ ခင်ဗျား သူများကို အလကားပေးလိုက်တဲ့ ကုတ်အင်္ကျီ ဟုတ်မဟုတ် လိုက်ကြည့်ပါဦး''

(၂၄)

အဲဒီအဖြစ်အပျက်တွေရဲ့ နောက်ပိုင်းမှာတော့ ကိုမင်းရဲ့ ဆက်ဆံရေးက အေးတိအေးစက် စိမ်းကားလာသလို ခံစားရသည်။

ကိုမင်း မေ့ကို တိုက်ရိုက်စကားမပြောပေ။ သမီးများကိုသာ ပြောခိုင်းသည်။

တစ်ညတွင် သူမအောက်ထပ်သို့ ဆင်းလာရာ မီးဖိုခန်းစာပွဲ တွင် ကော်ဖီသောက်နေသော ကိုမင်းအား တွေ့ရလေသည်။

''မေ...မင်းကို ပြောစရာရှိတယ်''

သူမ ဘဝင်ကျသွားတာလား၊ စိုးရိမ်ပူပန်သွားတာလား ခွဲမရတဲ့ ခံစားချက်ဖြင့် ထိုင်ခုံမှာ ထိုင်လိုက်၏။

သူမကိုယ်ပေါ်မှာ ညအိပ်ဂါဝန် အသစ်စက်စက်လေး

www.burmeseclassic.com

www.burmeseclassic.com

ဝတ်ထားသည်။ ကိုမင်းက သူမအား အကဲခတ်နေသည်။

"မင်း ဒီအင်္ကျီနဲ့ ကြည့်လို့ကောင်းပါတယ်"

သူပြောစရာရှိတယ်ဆိုတာ ဒါပဲလား။ သူမပြောတော့ ကိုယ်က ပြန်ပြောရတော့မှာပေါ့။

"ကိုမင်း၊ ဝေလျှံကိစ္စနဲ့ ပတ်သတ်ပြီး လူတွေ အတင်းပြော နေကြတာ ဘယ်လောက်အခံရခက်မလဲဆိုတာ ကျွန်မသိပါတယ် အဲဒီ အဖြစ်အပျက်တွေကို ကျွန်မလဲ ယုတ္တိရှိရှိ ရှင်းမပြနိုင်တော့ဘူး"

"မင်းရဲ့ ကုတ်အင်္ကျီ"

"အဲဒါကားထဲ ဘယ်လိုရောက်သွားလဲဆိုတာ ကျွန်မလဲ မသိဘူး"

"မင်းစကားကို ကိုယ်ယုံမယ်ထင်လား"

"ရှင်မယုံတဲ့အတွက် ကျွန်မဝမ်းနည်းရတယ်"

"မေ၊ မင်းကို ယုံချင်ပါတယ်၊ ဝေလျှံကို ဒီကိုလာခွင့်ပေး တာဟာ တို့မိသားစုနဲ့ ဝေးအောင်နေဖို့ မင်းသတိပေးတားမြစ်ချင် လို့ ဖြစ်မယ်ဆိုတာ ယုံနိုင်ပါတယ်။ ဒါတော့ ကိုယ်လက်ခံနိုင်ပါတယ် ဒါပေမယ့် မင်းညာပြောတာကိုတော့ ဘယ်လိုမှ သည်းမခံနိုင်ဘူးကွာ မင်းသူ့ကို ဒီလာဖို့ ခေါ်ခဲ့တယ်ဆိုတာ ဝန်ခံလိုက်စမ်းပါ။ ပြီးခဲ့တာ

အားလုံးကို ကိုယ်မေ့ပစ်လိုက်မယ်"

မေသည် ပြူးကြောင်သော မျက်ဝန်းများဖြင့်သာ ငေးကြည့် နေမိသည်။ သူမအဖို့တော့ ရှင်းပြစရာစကားလုံးတွေ ဆွံ့အပျောက်ဆုံး နေ၏။

"ပြေးကြည့်တာထက် တွေးကြည့်တာက ပိုမှန်တယ်၊ မင်းသူ့ကို အိမ်ထဲမဝင်စေချင်လို့ ချောက်ကမ္ဘားထိပ်ကို ခေါ်သွားမယ်။ သူ့ကို နောက်မဆက်သွယ်ဖို့ မင်းသတိပေးမယ်။ သူကမင်းကို စော်ကားဖို့ ကြံချင်ကြံမှာပေါ့။ မင်းက ရုန်းလားကန်လားလုပ်ရော မင်းကုတ်အင်္ကျီ ချွတ်ပြီး ကားထဲက ထွက်ပြေးမယ်။ သူကားကို နောက်အဆုတ်မှာ ယောင်ပြီး ရှေ့ကို တိုးလိုက်မိတယ်။ ဒါရှင်းရှင်း လေးပါကွာ ပြောစမ်းပါ ကိုယ်နားလည်ပါတယ် မင်းဟာ လူလိမ် လူညာတစ်ယောက်ဆိုတာ ဝန်ခံလိုက်စမ်းပါ ဒါဆို ဒီကိစ္စကြီးကို ဘယ်တော့မှ ထပ်မပြောတော့ဘူး"

မေက နာနာကျင်ကျင် တစ်ချက်မဲ့လိုက်ပြီး

"ကျွန်မ မညာဘူးဆိုတာ ကျွန်မကိုယ်စောင့်နတ် သိပါ တယ်။ အမှန်တရားဟာ ကျွန်မကို ကောင်းကျိုးပြုမှာပါ။ တော်ပြီ ကိုမင်း ကျွန်မတို့ ဒီကိစ္စကို ဆက်ပြောနေလည်း ဘာမှထူးမှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ကျွန်တော် သွားအိပ်တော့မယ်''

ကိုမင်းက သူမကို လှမ်းဖက်လိုက်ကာ

''မင်းနဲ့ကိုယ်ကြားက အချစ်တွေဟာ ဒီကိစ္စအတွက်နဲ့ ထိခိုက်စရာမလိုပါဘူး မေရယ်... မင်း ဘာဖြစ်ဖြစ် ဘာလုပ်လုပ် ကိုယ် မင်းကို ချစ်နေဦးမှာပါ''

''ကျေးဇူးပါပဲ ကိုမင်းရယ်''

သူမတို့ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး အပေါ်ထပ် တက်လာကြသည်။

''စိမ်းပြာရောင် ညဝတ်အင်္ကျီ ဝတ်စမ်းပါ မေရယ်''

''မဝတ်ချင်ဘူး''

''ဘာလို့လဲ''

''ကျွန်မနဲ့ မတော်တော့ဘူး၊ ကျွန်မ ကလေးရတော့မယ်''

သူမ ပထမဆုံး ကိုယ်ဝန်ရစဉ်က ဝေလျှံအား သတင်းကောင်းဖွင့်ပြောပြတော့ ဝေလျှံစိတ်ပျက်သွားခဲ့၏။

''ကိုယ်တို့ မတတ်နိုင်သေးဘူး... မေ၊ ကလေးဖျက်ချပစ်လိုက်စမ်းပါကွာ'' လို့ ပြန်ပြောခဲ့သည်။

ယခု ကိုမင်းကတော့ သတင်းကောင်းကြားကြားချင်း ဝမ်းသာ

လုံးဆို့သွားတယ်။

''တကယ်လား မေရယ်... ဒါကြောင့် မင်း ခဏခဏ နေမကောင်း ဖြစ်နေတာပေါ့၊ ကိုယ့်ကို ယောကျ်ားလေး မွေးပေးမှာ လားဟင်''

''ယောကျ်ားကလေးဖြစ်မယ် ထင်တာပဲ၊ သေချာပါတယ်လေ''

မေကရယ်၍ ပြောလိုက်သည်။ သူမ၏သောကများ ခေတ္တ လျော့နည်းသွား၏။

''ဆရာဝန်ကောင်းကောင်းတစ်ယောက်ကို သွားပြမှဖြစ် မယ်မေ။ ကိုယ့်သားလေး နာမည်မှာ ဘုန်းထည့်ရမယ်နော်၊ သဘော တူရဲ့လားဟင်... ဒါဟာ ကိုယ်တို့မျိုးရိုး အစဉ်အလာပဲ''

''သဘောတူပါတယ်တဲ့ ရှင်''

''မေ.. ကိုယ်တို့ ကံကောင်းလာပြီနော်.. စိတ်မကောင်း စရာ အားလုံးကို အတိတ်မှာ ထားခဲ့ကြပါစို့''

မိမိတို့နှစ်ယောက်အကြားရှိ သံသယစိတ်များ အားလုံးကို မေ့ပစ်လိုက်နိုင်ပြီဟု ယူဆလိုက်ရတော့မှာလား...

www.burmeseclassic.com

www.burmeseclassic.com

(၂၅)

သူမ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေသဖြင့် ခေါင်းချချရင်း အိပ်ပျော်သွားသည်။

အိပ်မက်ဆိုးတွေမက်ဦးမှာလား၊ မပြောတတ်သေး။ သူမအိပ်လျှင် ဖြောင့်ဖြောင့်တန်းတန်း အိပ်မရသည်က များ၏။ သူမ၏ မသိစိတ်က နိုးကြားနေသလိုလို။

သူမသည် ကုတင်ဘေးပတ်လည်၌ လျှောက်သွားနေသည်ဟု ထင်မိ၏။ သူမ အိပ်မက်,မက်နေပြန်ပြီ။

သူမသည် ကားထဲ၌ ဝေလျှံနှင့်ဆွဲလားလွဲလား ဖြစ်နေသည်။ နောက်တော့ သူမသစ်တောနက်ထဲ ရောက်သွားသည်။ လမ်းလျှောက်

၍ လိုက်ရှာနေသည်။ သူမအပါးကပ်နေသော သစ်ပင်များကို လက်နှစ်ဖက်နှင့် အားကုန်ဆန့်ထုတ်၍ တွန်းဖယ်လိုက်သည်။

လူအသားစိုင်များကို သွားထိမိ၏။ သူမ လက်များနှင့် လူနဖူး၊ လူမျက်ခွံမှေးပါးများကို ထိမိသည်။ ပြီးတော့ သူမပါးနုနုကို ပွတ်သပ်ထိမိလာသော ဆံပင်ရှည်ရှည်များ။

ပြီးတော့ သက်ပြင်းမျှဉ်းမျှဉ်း ချသံကြားရသည်။

သူမငယ်သံပါအောင် မအော်မိစေရန် နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ပြီး ဆတ်ခနဲ ထထိုင်လိုက်သည်။ ကုတင်ဘေး မီးခလုတ်ကို ကပျာကသီစမ်း၍ ဖွင့်လိုက်၏။ အခန်းပတ်ချာလည်ကို လှည့်ကြည့်သည်။

အခန်းထဲမှာ ဘယ်သူမှမရှိ။ သူမတစ်ယောက်တည်းသာ ကုတင်ပေါ်၌ ရှိနေသည်။

ကိုမင်းရော ဘယ်ရောက်သွားလဲ။

ခေါင်းအုံးပေါ် ပြန်လဲချလိုက်သည်။ တစ်ကိုယ်လုံး တုန်ရင်နေ၏။ မျက်နှာပေါ်မှ အကြောအမျှင်ကလေးများပင် တုန့်လှုပ်နေသလို ခံစားရသည်။

ငါ ရူးနေပြီ။ ငါဦးနှောက်ပျက်သွားပြီလား။

www.burmeseclassic.com

www.burmeseclassic.com

ထိုညက မိုးလင်းသည်အထိ မီးမပိတ်ဘဲနေလိုက်သည်။ အရုဏ်ဦး၏ ပထမဆုံးသော ရောင်ခြည်မျှင်တန်းများသည် ပိတ်ထားသော ခန်းဆီးများကြားမှ တိုးဝင်လာချိန်ကျမှသာ သူမ အိပ်ပျော်သွားလေသည်။

(၂၆)

တောင်ပလင်းထိန်သော နေရောင်ခြည်ကြောင့် မေလန့်နိုးသွားသည်။ ညက ဖြစ်ပျက်သမျှကို ရုတ်ခြည်းသတိရသည်။

မနေ့ညက အဖြစ်အပျက်များသည် အိပ်မက်ဆိုးမက်တာသေချာသည်။ အိပ်မက်ကို စဉ်းစားကြည့်မိတော့ သူမချေးပြန်ရသည်။

အိပ်မက်မက်ခြင်းနှင့် သိပ်မတူ၊ တကယ်ကိုင်လိုက်ရသလိုမျိုးပဲ... သူမထင်ယောင်ထင်မှား ဖြစ်ခြင်းလား။

ဝေလျှံနဲ့ကားထဲမှာ ရုန်းကန်တွန်းဖယ်နေတာကရော ဝေလျှံကို သူမဖုန်းဆက်ခဲ့လို့လား။ ဝေလျှံ အိမ်ကိုလာတွေ့ဖို့ ဖုန်းဆက်ခေါ်ခဲ့ပြီး မိမိဘာသာ မေ့သွားခဲ့တာများလား။

www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်တုန်းက ကားတိုက်မှုကြောင့်ရသော ဦးခေါင်း ဒဏ်ရာနှင့် ပတ်သက်၍ ဆရာဝန်က အသက်ကြီးရင် ခေါင်းကိုက် ရောဂါဖြစ်ပါက ဂရုစိုက်ဖို့ သတိပေးပြောကြားခဲ့ဖူးသည်။ သူမ ခေါင်းကိုက်နေတာ ကြာပြီ။

ရေမိုးချိုးပြီး အောက်ထပ်ကို ဆင်းလာခဲ့သည်။ ကိုမင်းတစ်ယောက် ဘယ်တုန်းက ထထွက်သွားလည်း သူမ မသိလိုက်။ ကလေးတွေ အိပ်ရာမှ မနိုးကြတော့ပါ။ ဒေါ်စိန်ကတော့ သူမအတွက် မနက်စာပြင်ပေးပြီး အပေါ်ထပ်အခန်းရှင်းရန် တက်သွားပြီ။

ထမင်းစားပွဲမှာထိုင်ပြီး ကော်ဖီသောက်နေတုန်း ပြတင်းပေါက်နား ဖြတ်သွားသော လူတစ်ယောက်၏ခေါင်း ရိပ်ခနဲ တွေ့လိုက်ရသည်။ ခဏကြာတော့ နောက်ဖေးတံခါးခေါက်သံ ကြားရ၏။

ဖွင့်ကြည့်လိုက်တော့ ဒေါ်နွယ်နီရယ်။

သူမ မျက်လုံးများ ကြည်လင်နေသည်။ မျက်နှာကလည်း ဂုဏ်ရှေ့ရနေတယ်။

"အတော်ပဲ... ဒေါ်နွယ်နီ၊ ကျွန်မ ရှင့်ကိုတွေ့ချင်နေတာ။ လာ အထဲဝင်"

မေက ဒေါ်နွယ်နီကို ထမင်းစားပွဲမှာ ထိုင်စေ၍ ကော်ဖီ

တစ်ခွက်ငှဲ့ပေးလိုက်သည်။

"ကျွန်မ ပေးလိုက်တဲ့ကုတ်အင်္ကျီလေး ကျွန်မကို ပြန်ပေးပါလား"

"ကုတ်အင်္ကျီလား ပြန်ပေးပြီးပြီလေ"

"မပေးရသေးဘူး ထင်တယ်"

"ဟုတ်တယ် ပေးပြီးပြီ။ ကိုမှုန် အတင်းပြန်ပေးခိုင်းတယ်။ သူကိုယ်တိုင် အိမ်ပေါ်လာပြန်ထားပေးတာ၊ ရှင်ဝတ်ထားတာတောင် ကျွန်မ တွေ့လိုက်သေးတယ်"

"ကျွန်မ ဗီရိုထဲမှာ မရှိဘူး"

"လွန်ခဲ့တဲ့ တနလာနေ့ညကပဲ ရှင်ဝတ်ထားတာလေ။ အဲဒီနေ့က ကျွန်မအိပ်မပျော်သေးတာနဲ့ ရှင့်အိမ်ကို လှမ်းကြည့်တော့ မီးတွေလင်းနေတာ တွေ့တယ်။ ခင်သေတာ နှစ်ပတ်လည်နေ့ ရောက်ခါနီးရင် ကျွန်မစိတ်က ဂနာမငြိမ်ဘူး။ ရှင် ကားအဖြူကြီးထဲ ဝင်သွားတယ်။ ပြီးတော့ ဟိုတောင်ကုန်းထိပ်ကို မောင်းထွက်သွားတာ တွေ့လိုက်ရတယ်။ ဘုရားစူး မိုးကြိုးပစ်ရစေရဲ့။ ကျွန်မ ဒီဟာကို ဘယ်တော့မှ ဖွင့်မပြောပါဘူး။ ရှင့်ကို ကျွန်မ ဒုက္ခမပေးချင်လို့"

ဒေါ်နွယ်နီပြောပုံအရ သူမဝေလျှံ အတူလိုက်သွားတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

သူမ တကယ် လိုက်သွားမိတာလား။ မယုံနိုင်ပါဘူး... ယုံလို့မဖြစ်ဘူး။

"ဒေါ်နွယ်နီ ရှင် မှားနေပြီ ထင်တယ်။ စဉ်းစားပါဦး။ အဲဒီနေ့က ကျွန်မအိပ်ရာဲ အိပ်ပျော်နေတာပဲ ဝေလျှံကို ဒီကိုလာဖို့ ကျွန်မ ခေါ်မထားဘူး"

ဒေါ်နွယ်နီက သက်ပြင်းချလိုက်ပြီ။

"ကဲ... ကော်ဖီသောက်ပါရစေ ရှင့်ကို ကျွန်မ ချစ်တယ်။ ရှင်ဒီမှာ ရှိနေတာကြောင့် တစ်ခါတစ်လေ ကျွန်မ ဘယ်လိုတွေးမိလဲဆိုရင် ဝတ်မှုန်လေး ဘယ်တော့မှ ပြန်မလာတော့ရင်လည်း ကျွန်မ မကြာခင် သူ့ကို မေ့ပစ်လို့ရနိုင်လိမ့်မယ်လို့ ထင်မိတယ်"

"ကျွန်မ နားမလည်နိုင်တော့ဘူး ကိုမင်းရယ်"

"ဘာလို့လဲ... မေရဲ့"

"ဝေလျှံနဲ့ လိုက်သွားတယ်ဆိုတာ ကျွန်မ လုံးလုံးမမှတ်မိဘူး။ ဒါပေမယ့် ဒေါ်နွယ်နီကလည်း မညာတတ်ပါဘူး"

"မပူပါနဲ့... ဒေါ်နွယ်နီဟာ စိတ်ချယုံကြည်လောက်တဲ့

မျက်မြင် သက်သေတစ်ယောက်မှ မဟုတ်ဘဲ"

"ဘာလဲ... ကျွန်မ အဲဒီကားပေါ် တက်လိုက်သွားတာကို မြင်လိုက်သူတစ်ယောက်ယောက်က ရဲကိုလာပြီးပြောရင် အမှု ချက်ချင်း ပြန်ဖွင့်ပြီး ကျွန်မကို ရာဇဝတ်ပြစ်မှုတစ်ခုခုနဲ့ လာဖမ်းမှာ လားဟင်"

"ဒီကိစ္စ ပြောစရာ မလိုတော့ပါဘူး။ တခြားမျက်မြင် သက်သေဆိုတာလဲ တစ်ယောက်မှ မရှိတော့ဘဲ"

"ကျွန်မ အပြင်ထွက်သွားတာကို မေ့သွားတာ ဖြစ်နိုင်မလားဟင်"

ကိုမင်းက သူမကို ယုယစွာ ပွေ့ဖက်ထား၏။ သူမ၏ဆံပင်ကို ပွတ်သပ်ပေးနေသည်။

"ဒီဥစ္စာဟာ တုန်လှုပ်စရာကောင်းတဲ့ အတွေ့အကြုံပဲ။ မင်းကုတ်အင်္ကျီက ကားထဲကျွတ်ကျန်ခဲ့တယ်။ အလောင်းကိုတွေ့တော့ သူ့လက်ထဲမှာ သော့ကိုကိုင်ထားတယ်။ ကိုယ်ပြောဖူးသလိုပဲ ဝေလျှံဟာ မင်းကိုစော်ကားဖို့ကြံရင်း မင်းဆီကသော့ကို လုယူခဲ့လိမ့်မယ်ထင်တယ်။ မင်းက သူ့ကို ခုခံမယ်။ ကားက တဖြည်းဖြည်း လိမ့်ဆင်းသွားမယ်။ ကားကြီး ချောက်ထဲမကျခင် မင်းက ကားပေါ်က ခုန်ချလိုက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး... ကျွန်မ အဲဒီလိုဖြစ်မယ်ဆိုတာ မယုံနိုင်ဘူး"

ဝေလျှံရဲ့ကားထဲ သူမကုတ်အင်္ကျီ ဘယ်ပုံဘယ်နည်းနဲ့ ရောက်သွားသလဲဆိုတဲ့ ပြဿနာကို မေ အဖြေရှာလို့မရနိုင်အောင် ဖြစ်မိသည်။

ဝေလျှံဒီအိမ်ကြီးကို အရောက်လာပြီး အိမ်ရှေ့တံခါးထို ဖွင့်ဝင်ခဲ့သလား။ ထိုတံခါးမှာ သော့ခတ်ချင်ခတ်ထားမည်။ အိမ်ထဲ သူဝင်လာနိုင်ခဲ့သည်ပဲလား။ အဝတ်ဗီရိုကြီးကိုလည်း မြင်နိုင်သည်။ ဝေလျှံက သူမ၏ကုတ်အင်္ကျီကို ခိုးယူပြီး သူမနှင့်တွေ့ဆုံခဲ့ရသည်ဟု လျှောက်ပြောချင်လို့လား။

ကားမောင်းသွားရင်း လမ်းမှားတွေ့မိမည်။ ကုတ်အင်္ကျီထဲမှ ပိုက်ဆံကို လက်တစ်ဖက်နှိုက်ရှာတုန်း သော့ကို စမ်းမိမည်။ ထိုအခိုက် သူကားကြီး ချောက်ထဲထိုးကျသွားခြင်း ဖြစ်နိုင်သည်။

ဒီလိဆို သူမဖုန်းဆက်ခေါ်တယ်ဆိုတာရော စဉ်းစားလို့မရ ဆရာဝန်ဆီရောက်မှပဲ ကိုဝန်ဆောင်မိန်းမတွေမှာ အတိတ်မှေရောက် မျိုးဖြစ်တတ်သလားလို့ မေးကြည့်ရတော့မည်။

ကိုမင်းက သူမအား အူကြောင်ကြောင် ကြည့်နေသည်။

"မကြောက်ပါနဲ့ မေရယ်.. မင်းကို ကိုယ်စောင့်ရှောက်မှာ ပါ။ ဘယ်သူတွေ ဘာတွေပဲပြောပြော အဲဒီညက မင်းဘာပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ မင်းဟာ ကိုယ့်ရဲ့ဘဝပဲလို့ ကိုယ်သဘောပေါက်တယ်။ ကိုယ့် အတွက်တော့ မင်းကို လိုအပ်နေပါတယ် မေရယ်"

ခဏမျှ တိတ်သွားပြီးနောက် ကိုမင်းက

"ကိုယ်တို့ကလေး ဘယ်သူနဲ့တူမလဲ မသိဘူးနော်... သိချင် လိုက်တာကွာ"

"အင်း... ရှင်နဲ့ပဲတူမှပေါ့... ချွတ်စွပ်ကိုတူမှာ"

"အေး.. ကိုယ်လည်း အဲလိုပဲ မျှော်လင့်တယ်"

ဘုရားရေ... ကိုမင်းက ဒီကလေးရဲ့ ဖခင်အစစ် ဖြစ်တာကို သံသယဖြစ်ဦးမှာလား။

www.burmeseclassic.com

www.burmeseclassic.com

(၂၇)

ဒီတစ်ခေါက် ကိုမင်း ရန်ကုန်ကို ခရီးထွက်မှာ သူမစိတ်ထဲ ဘဝင်မကျလှ။ ကိုမင်းမရှိရင် သူမတစ်ယောက်တည်း စိတ်အားငယ်တတ်သည်လေ။

"ဟိုတယ်ရောက်ရောက်ချင်း မင်းဆီ ကိုယ်ဖုန်းဆက်လိုက်မယ်နော်"

"အင်း... ဆက်ဖြစ်အောင်ဆက်နော်"

"နေကောင်းအောင်လဲ နေဦး"

"အင်းပါ"

"သမီးတို့ရေ မေကြီးကိုလာနမ်းကြဦးလေ"

ကိုမင်းက အော်ခေါ်လိုက်သည်။ ကလေးနှစ်ယောက် ပြေးလာကြ၏။

"သမီးအတွက် လက်ဆောင်ဝယ်ခဲ့နော်... မေကြီး"

ခရမ်းက ပြောသည်။

"သမီးအတွက်လည်း ဝယ်ခဲ့"

မိုးပြာကပါ ဝင်ပြောသည်။

"အေး အေး ဝယ်ခဲ့မယ်။ မေကြီးကိုလည်း ဂရုစိုက်ကြဦး"

"စိတ်ချပါ မေကြီးရဲ့"

ကိုမင်း ကားနားထိ သူမတို့လိုက်ပို့လိုက်သည်။

ထိုနေ့ညတွင် မေသည် ဖုန်းမလာမချင်း အိပ်ရာထဲ၌ စောင့်နေသည်။ ဤအိမ်ကြီးသည် ကြီးမားကျယ်ဝန်းလွန်းလှ၏။ မည်သူမဆို အိမ်ရှေ့ပေါက်၊ နောက်ဖေးပေါက်၊ အနောက်ဘက်တံခါး၊ နောက်ဖေးဆုကား ကြိုက်ရာအပေါက်မှ ဝင်လာနိုင်သည်။ လူစိမ်းတစ်ဦး ဝင်လာလျှင် မိမိသိမည်မဟုတ်။

ရုံးခန်းထဲမှာ သော့များအားလုံး ချိတ်ထားသည်။ ညဘက်တွင် ရုံးခန်းကို သော့များခတ်ထားသော်လည်း နေ့ခင်းတွင် ရုံးခန်းမှာ လူမရှိသည်က များ၏။

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍များ တစ်စုံတစ်ယောက်သည် ရုံးခန်းထဲမှ အိမ်သော့ကိုခိုးယူ၍ သော့တုလုပ်ပြီး မူလသော့ကို လက်ရာမပျက်ပြန်ထားထားမည်ဆိုလျှင် မည်သို့လုပ်မည်နည်း။ မည်သူမျှလည်း သိနိုင်မည်မဟုတ်။

ဒီကိစ္စကို အခုမှ ဘာလို့စိုးရိမ်ပူပန်နေပါလိမ့်။ အိပ်မက်ထပ်တလဲလဲမက်သော အိပ်မက်။ ပါးပြင်တစ်ခု၊ နားရွက်တစ်ခု၊ ဆံနွယ်တမျှင်တို့ကို မိမိလက်ဖြင့် စမ်းသပ်မိသော အိပ်မက်။ ဤအိပ်မက်ကို ညတိုင်းမက်သည်။ ညတိုင်းထပ်တူထပ်မျှ ဖြစ်သည်။

စံပယ်ပန်းနံ့ကလည်း ပြင်းထန်စူးရှလှပါဘိ။ အနားမှာ လူတစ်ယောက် ရောက်ရှိနေသလိုလို၊ ပြီးတော့ လက်နှင့်တကယ်စမ်းမိသလို။ ထိမိသလို ခံစားရခြင်း၊ သက်ပြင်းချသံ သဲ့သဲ့ကလေးကိုပါ ကြားရသေး။

ထိုအခါ သူမသည် မီးခလုတ်ထဖွင့်ကြည့်လေ့ရှိသည်။ အခန်းထဲမှာ မိမိမှအပ မည်သူမျှမရှိ။

ဒီအကြောင်းကို တစ်စုံတစ်ယောက်အား ဖွင့်ပြောချင်သည်။ ဘယ်သူကို ပြောရပါ့မလဲ။ ကိုမင်းကို ပြောပြရင်တော့ သူမကို စိတ်ရောဂါ ဆရာဝန်နှင့် သွားပြခိုင်းမှာ သေချာသည်။

ည ကိုးနာရီ မထိုးသေးမီမှာပဲ ဖုန်းလာသည်။ သူမ ကမန်းကတန်း ကောက်ကိုင်လိုက်သည်။

"ဟဲလို"

ဖုန်းလိုင်းပြတ်သွားသည်။ မဟုတ်သေး။ အသံတစ်ခု ကြားရသည်။ အသက်ရှုသံမဟုတ်။

"ဟဲလို"

သူမ ကတုန်ကယင် ဖြစ်ချင်လာ၏။

"မေသဇင်"

တိုးတိုးလေး ခေါ်သံကို ကြားရသည်။

"ဘယ်သူလဲဟင်"

"မင်းတစ်ယောက်တည်းလား"

"ဘယ်သူပါလဲရှင်"

"မင်းချစ်သူအသစ် ရထားပြီးပြီလား မေသဇင်၊ လင်ငယ်နေတဲ့ကောင်မ"

"ရှင် ဘာပြောနေတာလဲ"

တစ်ဖက်မှအသံသည် မိန်းမတစ်ယောက် ငယ်သံပါအောင် အော်ဟစ်သလို၊ ရယ်မောသလို၊ ရှိုက်ငင်သလို စူးရှကျယ်လောင်လာ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အသံရှင်သည် မည်သူမှန်းမသိနိုင်။

"မိန်းမပျက်... မိန်းမလူသတ်သမား၊ ခင်မျိုးမြတ်ရဲ့ အိပ်ရာထဲက ခုထွက်သွား... ခု ထွက်သွားစမ်း"

မေ ဖုန်းကို ဆောင့်ချလိုက်သည်။

အို... ဘုရား ကယ်တော်မူပါ။ သူမမျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်ရသည်။

အမလေး ဘုရား ဘုရား ဖုန်းမြည်လာပြန်ပြီ။

မကိုင်ဘူး... မကိုင်ဘူး။

လေးခါ၊ ငါးခါ၊ ခြောက်ခါမြည်သည်။ ရပ်သွားသည်။ ပြန်မြည်သည်။ ကိုမင်းဆက်တာ ထင်တယ်။

ည ကိုးနာရီကျော်ပြီ။ သူမ ကောက်ကိုင်လိုက်သည်။

"မေ... ဘာဖြစ်တာလဲ... စောစောက လိုင်းမအားဘူး၊ ကိုင်မယ့်သူ မရှိဘူး။ မင်းနေလို့မှ ကောင်းရဲ့လား၊ ခုနှ ဘယ်သူ ဖုန်းဆက်နေလို့လဲ"

ကိုမင်းက စိုးရိမ်တကြီး မေးသည်။

"မသိဘူး၊ ဘယ်သူဆက်မှန်း မသိဘူး၊ မကြားဖူးတဲ့ အသံပဲ"

သူမအသံက လုံးဝဏ္ဍနှေ့မရတော့။

"မင်း တစ်ခုခု ဖြစ်နေသလား၊ ဖုန်းဆက်တဲ့လူက ဘာပြောလို့လဲ"

"ဘာပြောမှန်း သဲသဲကွဲကွဲ မကြားလိုက်ရဘူး"

အမှန်တိုင်း ပြောပြ၍ မဖြစ်သေးပါ။

"အင်းလေ.. အဲဒါ ခဏထားလိုက်တော့"

"ဘာလို့လဲ"

မေက တုန်လှုပ်စွာဖြင့် စူးစူးရွားရွား အော်မေးလိုက်သည်။

"ကျွန်မ ပြောမယ် နားထောင်"

သူမက သူစိမ်းတစ်သီး၏ ခြိမ်းခြောက်ပြောဆိုပုံကို ဖွင့်ပြောလိုက်၏။

"ကျွန်မကို ဒီလိုမျိုး ဘယ်သူစွပ်စွဲမလဲ။ ကျွန်မကို ဒီလောက်တောင် မုန်းတဲ့သူရှိမလား"

"မေရယ်... စိတ်အေးအေးထားစမ်းပါ"

"ကိုမင်း... အဲဒါ ဘယ်သူဖြစ်နိုင်မလဲ ဟင်"

"ကိုယ့်အထင်တော့ ဒေါ်နွယ်နီ ဖြစ်နိုင်တယ်"

"ဘာလို့လဲ ဒေါ်နွယ်နီက ကျွန်မကို သိပ်ခင်တာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com

(၂၈)

မေဇော်ကိုယ်ဝန် ရင့်လာပြီဖြစ်သောကြောင့် ကလေးမွေးမည့် ရက်ကိုသာ လက်ချိုး ရေတွက်နေမိလေတော့သည်။

နောက်သုံးလလောက်ဆိုရင် ကိုမင်းအတွက် သားလေးရ တော့မည်။ ခုတလော ကိုမင်းတစ်ယောက် ခြံထဲမှာပဲ အချိန်ကုန်တာ များသည်။ ညဆိုလည်း ပြန်မအိပ်။

"ဒီလို ခွဲအိပ်တာ ဝိုကောင်းပါတယ်... မေရယ်.. မင်းက အိပ်ရင်ဂနာမ မငြိမ်တာ။ ကိုယ်ကလည်း မင်းကိုဖက်မအိပ်ရရင် မနေနိုင်ဘူး။ မင်းတစ်ယောက်တည်းအိပ်တာ အကောင်းဆုံးပါ"

လို့ ကိုမင်း ပြောခဲ့သည်။ သူမ ဝမ်းသာရမည်ဖြစ်သော်လည်း ဝမ်းမသာနိုင်ပါ။

"မင်းကိုခင်ပေမယ့် ဒေါ်နွယ်နီက အမေ့ကို သိပ်ချစ်တာ။ သူက အမေ့ကို ပြန်လာစေချင်တယ်။ သူစိတ်ဖောက်လာရင် မင်းကို ကြားဝင်ရှုပ်သလို့ သူမြင်လာတယ်လေ။ မေ... မင်းကို သူနဲ့ပတ်သက်ပြီး သတိပေးဖူးတယ်နော်.. မေ မငိုပါနဲ့ကွာ၊ အားလုံး ကောင်းသွားမှာပါ။ မင်းကို ကိုယ်စောင့်ရှောက်မှာပါ... မင်းကို ကိုယ်အမြဲတမ်း စောင့်ရှောက်သွားပါ့မယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ဆိုးများ မက်နေဆဲပင်။ လူအသားရေများကို မိမိလက်နှင့် စမ်းမိသလိုလို၊ မိမိပါးပြင်ပေါ်သို့ ဆံပင်ရှည်များနှင့် ထိခံရသလိုလို ခံစားမှုကို သူမထပ်တလဲလဲ ခံစားနေရဆဲ။ ထိုအဖြစ်ကို သူမ ဖွင့်မပြောရဲသေး။ မိမိအား ရူးနေသည်ဟု ထင်သွားလိမ့်မည်၏

မနက်ကလည်း ခရမ်းက သူမကို မေးသေးသည်။

"မနွေညက သမီးအခန်းထဲ ဝင်လာတုန်းက မမေဘာလို့ သမီးကို စကားမပြောတာလဲ"

"မေမေ သမီးဆီကို မလာပါဘူး"

"လာတယ် မေမေ လာတယ်"

သူမ မနွေညက ယောင်ပြီးလမ်းလျှောက်နေခဲ့ မိသလား။ သူမဝမ်းတွင်းမှ သန္ဓေသားလေး၏ လှုပ်ရှားမှုများသည် ခရမ်းနှင့် မိုးပြာကို ကိုယ်ဝန်လွယ်ထားစဉ်လို မဟုတ်။ တစ်မျိုးတစ်ဖုံ ခြားနားသလိုလို။

ဘုရား... ဘုရား.. ကလေးလေး ချောချောမောမော မွေးပြီးပါရစေ။ သူမအိပ်ခန်းထဲ မီးဖွင့်၍ပဲအိပ်သည်။ ကုတင်သည် တံခါး၏

ညာဘက်၌ရှိသည်။ ထူထပ်တောင့်တင်းသော ခုတင်ခေါင်းရင်း ဘုံဥ ချပ်ကြီးသည် အခန်း၏ရှောက် နံရံနှင့် ကပ်လျက်ရှိသည်။ ကိုမင်းက ကုတင်ကို ပြတင်းပေါက်နားကို ရွှေ့ပေးပါ့မလားမသိ။ ထိုနေရာကို ရွှေ့လိုက်ရင် အပြင်မှ လရောင်ကောင်းကောင်းရမည်။ သူမ အိပ်မရတဲ့ အခါ အပြင်ကိုငေးကြည့်နိုင်သည်။ လက်ရှိ ကုတင်ထားရာ အခန်းထောင့်သည် မှောင်မည်းလွန်းလှသည် မဟုတ်လား။

ကိုမင်းကို ခွင့်မတောင်း ကိုယ့်ဘာသာကိုယ် ရွှေ့လိုက်ရင် ကောင်းမလား။

❦

ခုတလော မေ အိမ်ထဲမှ သိပ်မထွက်ဖြစ်ပေ။ ခရီးဝေးဝေး လမ်းလျှောက်တာနဲ့ သူမပင်ပန်းနေတတ်သည်။ သူမခြေထောက်များ မကြာခဏ ကြွက်တက်သဖြင့် လဲကျမှာကို စိုးရိမ်နေရသည်။

ဒေါ်နွယ်နီက နေလည်ခင်းတိုင်း လာလည်သည်။ မွေးကင်း ၈ ကလေး ဦးထုပ်လေးများ ခြေစွပ်လေးများကို သူတို့နှစ်ယောက် သိုးမွေးထိုင်ထိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ဘယ်တော့မှ ကောင်းကောင်းထိုးတတ်မှာ မဟုတ်ဘူး"

မေက သက်ပြင်းချရင်းပြောသည်။

"တဖြည်းဖြည်းနဲ့ ထိုးတတ်သွားမှာပါ"

ဟု ခေါ်နွယ်နီက အားပေး၏။ ထိုလူပ်ရှားမှုများကြောင့် မေသည် ရက်အတော်ကြာကြာ စိတ်ကြည်လင်နေသည်။

"ဒီပုခက်ကြီးကို ကိုမင်းရဲ့ အရင်အခန်းဟောင်းထဲမှာ ထည့်ထားလိုက်မယ်။ သမီးတွေကို အခန်းမပြောင်းပေးချင်ဘူး။ တခြားအခန်းတွေက သိပ်ဝေးလွန်းတယ်။ ကျွန်မ ကလေးလေး ညကျဉိုရင် ကျွန်မ မကြားမှာစိုးလို့"

"ခင်လည်း အဲလိုပဲ ပြောဖူးတယ်။ ဘုန်းမြတ်မင်းရဲ့အခန်းက ဟိုတုန်းက ဒီအိပ်ခန်းနဲ့ တစ်ဆက်တည်းလေ။ ခင်က ဒီပုခက်ကြီးနဲ့ ကလေးမှန်တင်ခုံကို ဒီနားမှာထားခဲ့ဖူးတယ်။ ကိုဘုန်းထင်ကျော်က သူ့အခန်းမှာ ကလေးကိုထားတာ မကြိုက်ဘူး။ အခန်းထဲကလေးလေးရှိနေရင် အသံမကြားအောင် ခြေဖျားထောက်ဝင်ရတာကိုး ကို သူမလုပ်ချင်ဘူးတဲ့။ အဲဒါနဲ့ သစ်သားထရံ တစ်ချပ်ကာထားလိုက်တယ်လေ"

"ထရံကာတယ် ဟုတ်လား"

"ရှင့်ကို ဘုန်းမြတ်မင်း မပြောဘူးလား။ ဒီကုတင်က အရင်က ဟိုဘက်နံရံမှာ ခုတင်ခေါင်းရင်းနဲ့ကပ်လျက်က ဘေးတိုက် ဖွင့်လို့ရတဲ့ ထရံအရှင်တစ်ချပ် ရှိတယ်"

"ကျွန်မကို ပြစမ်းပါ ခေါ်နွယ်နီ"

သူတို့နှစ်ယောက် ကိုမင်း၏ အခန်းဟောင်းလေးဆီ သွားလိုက်ကြ၏။

"ရှင်ဘက်က ခုတင်ခေါင်းရင်း ဖျဉ်ချပ်ရှိနေရင်တော့ ဖွင့်လို့ မရနိုင်ဘူး။ ဒီမှာကြည့်"

ခေါ်နွယ်နီက ပြောပြောဆိုဆိုနှင့် နံရံကပ်ထားသော ကုလားထိုင်ကြီးကို ဖယ်ပြီး နံရံကပ်စင်္ကြူငယ်ရှိ တံခါးလက်ကိုင်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီမှာတွေ့လား... ဖွင့်တာ လွယ်လွယ်လေးပဲ"

တံခါးချပ် ထရံကို အသာလေးဘေးတွန်း၍ ဖွင့်လိုက်၏။

"အခန်းနှစ်ခန်းကို အလွယ်တကူခြားလို့ရအောင် ခင်က တမင်တကာ လုပ်ထားပေးခဲ့တာ။ ဒီထရံကို ကိုမှန်က လုပ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူ့လက်ရာမကောင်းဘူးလားဟင်။ ရုတ်တရက်ကြည့်ရင် ဒီမှာ တံခါးရှိမှန်းတောင် ရှင်မသိဘူးမှတ်လား''

မေ အပေါက်ဝတွင် ရပ်နေသည်။ သူမကုတင်ခေါင်းရင်း နောက်တွင် ရပ်နေမိခြင်းဖြစ်သည်။ သူမက ခါးကုန်းကြည့်လိုက်သည်။

ဟုတ်ပြီ။ သဘောပေါက်ပြီ။

မိမိအိပ်နေတုန်း မျက်နှာတစ်ခုကို လက်နှင့်ဖမ်းမိခြင်း၊ လူတစ်ယောက် မိမိအနီးအနားသို့ ရောက်ရှိနေခြင်းတို့၏ အဓိပ္ပာယ်ကို သိရပြီ။ ပြီးတော့ ရှည်လျားသော ဆံပင်ဖျား။

ဒေါ်နွယ်နီ၏ဆံထုံးကို ဖြေချလိုက်လျှင် သူမဆံပင် အတော် ရှည်မည်။

''ဒေါ်နွယ်နီ... ရှင် ဒီအခန်းထဲ ညဝင်လာပြီး ဒီနံရံကို ပွင့်ဟုးလားဟင်။ ကျွန်မကို လာခြောင်းကြည့်ဟုးလား''

သူမက ခပ်တည်တည်မေးလိုက်၏။

''မလာပါဘူး... မသောင်ရယ်.. ဒါပေမယ့် အရင်လတွေ တုန်းကတော့ ဒီခြံဝင်းကြီးထဲ ညညကျရင် ခင်လမ်းလျှောက်သွားတာ

ကို ကျွန်မမျက်စိနဲ့ တွေ့ခဲ့ရတယ်။ တစ်ခါတုန်းကလည်း ကျွန်မ သူနောက်လိုက်ခြောင်းတော့ ဒီအိမ်ပေါ်ကို နောက်ဖေးလှေကားက တက်သွားတာ တွေ့လိုက်ရသေးတယ်။ ကျွန်မတောင် စဉ်းစားမိသေးတယ်။ ခင်ဗျာ အသက်ရှင်ရက် ပြန်လာနိုင်သေးရင် ဝတ်မှုန်လေးလည်း မကြာခင် ပြန်လာမှာပဲလို့''

www.burmeseclassic.com

www.burmeseclassic.com

(၂၉)

သူမတို့ အိပ်ခန်းနှင့် ကိုမင်းအိပ်ခန်းဟောင်းအကြား ခြားထားသည့် တံခါးဝက်ထရံအကြောင်းကို ကိုမင်းကို မေးကြည့်ခဲ့ပြီးပြီ။

"ဟာ... ဟုတ်သားပဲ... ကိုယ် အဲဒါကို လုံးလုံးမေ့မေတယ်။ ဒီတံခါးကို တစ်ယောက်ယောက် လာဖွင့်တယ်ဆိုတာ မင်းဘယ်လိုသိလဲဟင်။ အင်း ဒီအိမ်ပေါ်ကို ခေါ်နယ်နီတစ်ယောက် တို့မသိဘဲ အဝင်အထွက်လုပ်နေပြီ ထင်တယ်။ သူနဲ့ သိပ်မရောပါနဲ့ဆိုတာ ကိုယ် ပြောထားရက်သားနဲ့... မေကလည်းကွာ"

ဟု ကိုမင်းက ပြန်ပြောခဲ့သည်။

ခေါ်ခင်မျိုးမြတ်ကို ခေါ်နယ်နီ တွေ့မြင်လိုက်တယ်ဆိုတဲ့ အကြောင်းကိုတော့ သူမ ကိုမင်းအား မပြောရဲတော့ပါ။

"ကိုမင်း"

သူမက ခပ်တိုးတိုးလေး ခေါ်လိုက်သည်။ အထဲမှ ပြန်ထူးသံ မကြားရ။ ညတုန်းက ကိုမင်းအိပ်ခန်းမှာ ပြန်မအိပ်ပါ။ သူ အိပ်ခန်း ဟောင်းကြီးထဲမှာ ရှိနေမလား။

အိမ်ခန်းတံခါးကိုတော့ ပိတ်ထားသည်။ သူမ မငုံ့မရဲဖြင့် တံခါးခေါက်လိုက်၏။

လေးနာရီထိုး၊ မနက် ခုနစ်နာရီမထိုးမချင်း တစ်ယောက်မှ နိုးမည်မဟုတ်ပေ။

အထဲမှ တုန့်ပြန်သံ မကြားရ၍ သူအခန်းတံခါးကို သတိထား၍ ဖွင့်လိုက်သည်။ အိပ်ရာခင်းများ ပွနေရသည်။ ကိုမင်းသည် အိပ်ရာထဲ၌ အိပ်ပျော်နေ၏။ သူခန္ဓာကိုယ်က အမိဝမ်းတွင်းမှ သန္ဓေသားလေးလို ကွေးကွေးလေး ဖြစ်နေ၏။ ကုတင်ဘေးရှိ ကလေးပုခက်ငယ်းတွင် အဖြူရောင်ခြင်ထောင် ချထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်း၏ လက်တစ်ဘက်က ပုခက်၏ ဘောင်ပေါ် လွှားတင်ထား၍ ဘောင်ကိုဆုပ်ကိုင်ထားရင်း သူအိပ်ပျော်သွားပုံရသည်။

ဒေါ်နွယ်နီ၏ စကားတစ်ခွန်းကို သူမပြန်ကြားယောင်မိသည်။

'ခင်ဗျာ သိပ်စိတ်ရှည်တဲ့ မိန်းမပါ။ သူသားကို ဟောဒီပုခက်ထဲမှာထည့်ပြီး ပုခက်ကို မရပ်မနား လွှဲပြေးနေတာလေ''

''ကိုမင်း''

မေက ကိုမင်းပုခုံးကို လက်နှင့်အသာလေးတို့ပြီး နိုးလိုက်သည်။ ကိုမင်းမျက်လုံးများ ဖျတ်ခနဲ ပွင့်လာပြီး ဝေါက်ခနဲ ထထိုင်လိုက်သည်။

''မေ ဘာဖြစ်လို့လဲ''

''ကျွန်မ ဆေးရုံသွားမှ ဖြစ်တော့မယ်''

ကိုမင်းက ကုတင်ပေါ်မှထပြီး သူမပခုံးကို ဆုပ်ကိုင်လိုက်ရင်း

''ကိုယ် .... ဒီည.. ဒီကိုလာဖို့ မင်းအနားမှာ ဘောင်ဘေးဖို့ တစ်ယောက်ယောက် တိုက်တွန်းလိုက်သလိုပဲ။ ပုခက်ထဲမှာ

ကိုယ်တို့ရဲ့သားလေး ရောက်လာရင် ဘယ်လောက်ပျော်စရာ ကောင်းမလဲလို့ တွေးရင်း အိပ်ပျော်သွားတယ်''

မေအား ကိုမင်းလက်ဖျားနှင့်ပင် မထိဖြစ်သည်မှာ အတော်ကြာခဲ့ချေပြီ။ အခု ကိုမင်း၏ပွေ့ဖက်ခြင်းခံရသောအခါ ကိုမင်း၏ အယုအယ၊ အကြင်နာကို သူမ ဘယ်လောက်တောင်းတနေမိတာကို သတိပြုမိလေသည်။

သူမက ကိုမင်း၏မျက်နှာကို လက်နှင့်ကိုင်လိုက်သည်။

အမှောင်ထုအတွင်း၌ သူမ၏လက်ချောင်းများဖြင့် ကိုမင်း၏ မျက်နှာ၊ အရိုး၊ အဆစ်တို့နှင့် နူးညံ့သော မျက်ခွံများ၊ မျက်နှာ သွင်ပြင်ကောက်ကြောင်းများကို စမ်းသပ်မိသည်။ သူမကြက်သီးထသွား၏။

''ဘာဖြစ်တာလဲ.. မေ.... မင်းနေလို့ ကောင်းရဲ့လားဟင်''

သူမက သက်ပြင်းချလိုက်ပြီး

''ဘာကြောင့်မှန်းမသိဘူး၊ ကျွန်မ သိပ်လန့်သွားတာပဲ၊ ရှင်ကတော့ ဒီဥစ္စာ ကျွန်မအတွက် သားဦးလို့ ထင်နေမှာပေါ့နော်''

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

ကိုမင်းနှင့်သူမအတွက် သားလေးတစ်ယောက်ကို မွေးဖွားသန့်စင်နိုင်ခဲ့ချေပြီ။

သမီးနှစ်ယောက်မှာလည်း မောင်လေးတစ်ယောက်ရသဖြင့် ပျော်ရွှင်နေကြလေ၏။

ပြီးခဲ့သော လများက ဖြစ်ရပ်များသည် အိပ်မက်လား၊ စိတ်ကူးယဉ်လား သူကဘာမှ သဲသဲကွဲကွဲ မသိ။ ဘာမှ ရေရေရာရာ မမှတ်မိ။

အိပ်မက်ဆိုးများ မက်ခြင်း၊ ယောင်၍လမ်းထလျှောက်ခြင်း၊

အတိတ်ကို မေ့ပျောက်နေခြင်း၊ မိမိသည် အတိတ်မေ့ရောဂါ စွဲကပ်နေပြီလား။ ရန်ကုန်မှာတုန်းက ဘာပြဿနာမှ မရှိခဲ့။ တစ်နေ့လုံး ပင်ပန်းထားသဖြင့် ညအိပ်ရာဝင်ရင် တုံးခနဲအိပ်ပျော်သွားခဲ့သည် ချည်း။

ရန်ကုန်မှာတုန်းက သမီးတွေအတွက် အချိန်ပြည့်ပြည့်ဝဝ မပေးနိုင်ဟု ထင်ရ၏။ ယခုတော့လည်း သူမမှာ အချိန်လုံးဝမရှိသလို ထင်ရပြန်သည်။

သားလေးအတွက် သူမ စိုးရိမ်နေမိသည်။ ကလေးက ကျန်းမာရေး သိပ်ကောင်းလှတာမဟုတ်။ ကလေး၏ နှလုံးရှိပြန်ချောင်းတစ်ခုမှာ ကောင်းကောင်း အလုပ်မလုပ်နိုင်ကြောင်း သိရ၏။

"ကလေးကို မကြာခင် ခွဲစိတ်ကုသပေးရလိမ့်မယ်။ ခုတော့သိပ်မလွယ်သေးဘူး"

ဆရာဝန်ကြီး၏စကားကို သူမပြန်ကြားယောင်မိသည်။

ကိုမင်းက တစ်ခါတစ်လေ နားလည်ရခက်၏။

ကြည့်ဦးလေ သူပြောပုံက

"သားလေးက သူ့အစ်မတွေလိုပဲ ဆံပင်ကောက်ကောက်လေးတွေ"

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်း ဘာကိုရည်ရွယ်မှန်း သူမရိပ်မိသည်။ သူမဆံပင်ရော၊ ကိုမင်းဆံပင်ပါ ဖြောင့်စင်းပျော့ပျောင်းလှသည် မဟုတ်လား။

ကိုမင်း ဘာပဲပြောပြော၊ သူ၏ မသိစိတ်ကတော့ ဤသားလေးသည် သူ၏သွေး၊ သူ၏သားရင်းမဟုတ်ဟု ယုံကြည်ထားကြောင်း သူမသိပါသည်။

ဤအတွေး ဤယူဆချက်မျိုးရှိနေလျှင် သူမနှင့်ကိုမင်း ရှေ့ဆက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်ချေ။

ထိုနေ့ နေ့လည်ခင်းတွင် ဒေါ်နွယ်နီလာလည်သည်။ ကလေးလေးဖျားနေကြောင်း ပထမဦးဆုံး သိသူမှာ ဒေါ်နွယ်နီပင် ဖြစ်၏။

"မေသဇင်... ရှင်ကြည့်ရတာ ညှိုးညှိုးငယ်ငယ်နဲ့"

ဒေါ်နွယ်နီက ရုတ်တရက်ပြောလိုက်သည်။ မေက အားတင်း၍ ပြုံးလိုက်မိသည်။

"ဝတ်မှုန်ထွက်သွားပြီး နောက်ပိုင်းမှာ ဒီနှစ်ကတော့ ကျွန်မအတွက် ပျော်စရာ အကောင်းဆုံးပါပဲ။ သမီးကလေးတွေ ပျော်မြူးနေကြတာ မြင်ရတာရော၊ ရှင့်ကလေးကို ကျွန်မဝိုင်းပြုစုပေးရတာကြောင့်ရော"

"ကဲ... သားလေးကို တော်ကြာ အောက်ထပ်ခေါ်လာခဲ့မယ်နော်" သမီးတို့မောင်လေးကို ချီမယ်မဟုတ်လား... လက်တွေ့ သွားဆေးထားကြ"

ဒေါ်နွယ်နီက ကလေးနှစ်ယောက်၏ မြူးထူးအောက်ဟစ်သံကြားတော့ ဝင်ပြောသည်။

"မေသဇင်... ကျွန်မ ကလေးလေး သွားချီလာခဲ့ရမလား"

"သွားခေါ်ခဲ့လေ.. ကျွန်မ သူတို့စားဖို့ လုပ်ပေးလိုက်ဦးမယ်"

ဒေါ်နွယ်နီသည် မိနစ်အနည်းငယ်အတွင်း လှေကားမှ ကလေးချီ၍ ဆင်းလာ၏။ သူမ၏မျက်နှာမှာ စိုးရိမ်စိတ်များ ဖျတ်သန်းနေ၏။

"ကလေး ဖျားနေပြီထင်တယ်"

ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်ရသည်။

"ကလေးကို ဆေးရုံတင်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အို... ဒုက္ခပါပဲ"

မေ ကတုန်ကယင်နှင့် ရေရွတ်လိုက်၏။ ဆရာဝန်က

"ကဲ.. ဒါဖြင့် ကလေးကို မနက်အထိတော့ ထားလိုက်ပါဦး။ ခက်တာက မွေးကင်းစကလေးတွေမှာ အဖျားဒီဂရီက အတက်အကျမြန်တယ်။ နောက်ပြီး ဒီလောက်အေးတဲ့ ဥတုမှာ ကလေးကို အပြင်ခေါ်သွားဖို့ မသင့်ဘူး။ မနက်ကျမှပဲ သူ့အခြေအနေကို တစ်ခေါက်ထပ်ကြည့်ရအောင်"

ဒေါ်နွယ်နီက အိမ်မပြန်သေးဘဲ ကူညီလုပ်ကိုင်ပေးသည်။ ည ၇ နာရီခွဲတွင် ဦးမှုန်က ဒေါ်နွယ်နီကို လာကြိုမှာဖြစ်၏။

"ကိုမှုန်က ကျွန်မကို ညဘက်တစ်ယောက်တည်း ဘယ်မှ သွားခွင့်မပေးဘူး။ ကျွန်မတစ်ယောက်တည်း လျှောက်သွားပြီး ပါးစပ်ထဲ တွေ့ကရာလျှောက်ပြောတာကို သူက မကြိုက်ဘူးလေ"

"ရှင် ဘာတွေ လျှောက်ပြောလို့လဲ"

မေက တဲ့တိုးမေးလိုက်၏။ ကလေးလေး အိပ်ပျော်နေပြီ။ အသက်မှန်မှန် ရှူနေသည်။

"တစ်ခါတုန်းက ကျွန်မ စိတ်ကယောင်ချောက်ချားဖြစ်ပြီး ပါးစပ်ထဲ တွေ့ကရာလျှောက်ပြောမိတယ်။ ခင်ကို ဒီခြံတဝိုက်မှာ

မကြာခဏ တွေ့လိုက်တယ်လို့ပါ ထည့်ပြောတော့ ကိုမှုန် ဒေါသဖြစ်သွားတယ်"

ဒေါ်နွယ်နီက တိုးတိုးလေးပြောသည်။ မေ ကြက်သီးထသွား၏။ တံခါးခေါက်သံကြားရသည်။ ဦးမှုန်ရောက်လာပြီ။

"ကဲ... နွယ်နီ... လာလေ အိမ်ပြန်ကြစို့.. ငါ ဝိုက်ဆာနေပြီ"

ဒေါ်နွယ်နီက မေနားနားကပ်ပြီး

"ကျွန်မပြောတာကို ယုံစမ်းပါ၊ သူ ဒီခြံထဲမှာ ရှိတယ်။ ခင်ပြန်ရောက်လာပြီ။ ခင်က သူ့မြေးလေးကို တွေ့ချင်လို့ ပြန်လာနေပြီလေ"

နောက်တစ်နေ့ မနက်ရောက်တော့ ဆရာဝန် ထပ်ရောက်လာသည်။

"ကလေးရောဂါအတွက် စိတ်အေးရပါပြီ။ ခင်ဗျား အပြုစုတော်လို့ပါ... ကဲ.. ခု ခင်ဗျားအနားယူသင့်ပြီ။ ကလေးကို သူ့အခန်းထဲ ပြန်ထားလိုက်ပေါ့။ ညကျ နို့မဆာရင်တော့ သူ့ကိုမနိုးလိုက်ပါနဲ့"

သူမ အိပ်ရာမှနိုးသောအခါ အခန်းထဲ နေရောင်ပင် ထိုးနေပြီ။ အိပ်ရာဘေး စားပွဲမှနာရီကို ကြည့်လိုက်တော့ ရှစ်နာရီထိုးရန်

www.burmeseclassic.com

www.burmeseclassic.com

"ပုခက်ထဲမှာ သေဆုံးတဲ့ရောဂါပါပဲ၊ ခင်ဗျားရဲ့ကလေး ကျန်းမာရေး အတော်ချို့တဲ့တဲ့ ကလေးတစ်ယောက်ပဲ၊ ခွဲစိတ်ပြီး ကုပေးရင်တောင်မှ သိပ်မလွယ်ဘူး"

ဆရာဝန်က နှစ်သိမ့်သည်။

"ကိုယ်တို့သား ဖြစ်မှဖြစ်ရလေတယ်"

ကိုမင်းကို အံကြိတ်၍ ရေရွတ်၏။

"အို.. ဘုရား.... ဘုရား.."

ဒေါ်နွယ်နီက ဘုရားတသည်။

"မောင်လေး သေသွားပြီပေါ့နော်"

မိုးပြာက ခရမ်းအား မေးလိုက်သည်။

သားလေးကို ခြံထဲက ကိုယ်ပိုင်သချိုင်းမှာပဲ မြှုပ်နှံသင့်ကြို လိုက်ကြလေသည်။ ကလေး၏ အခေါင်းကို မြေတွင်းကဲ့သို့ ဖြည်းဖြည်းလျှော့ချပေးနေစဉ် မေက မျက်ရည်ခမ်းခြောက်သော မျက်လုံးများဖြင့် ငေးကြည့်နေခဲ့မိသည်။

အသုဘပွဲလေးက လူအနည်းအကျဉ်းမျှသာ

ဦးမွန်၊ ဒေါ်နွယ်နီ၊ ကိုမင်း၊ ခွဲမာန်၊ ဒုဝါကျော် ပြီးတော့ သူမ။

ငါးမိနစ်သာ လိုတော့ကြောင်း တွေ့ရသည်။ သားလေးသည် ညလုံးပေါက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့သည်။ ငိုသံတစ်ချက်လေး တောင် မကြားရ။

သူမ အိပ်ရာပေါ်မှ လူးလဲထပြီး တံခါးဝက်ကို တွန်းဖွင့် ၍ ပုခက်ဆီသို့ ပြေးသွားသည်။

ခုထိတောင် မထသေးဘူး အိပ်ပုတ်ကောင်လေး။

သားလေး၏ ရှည်လျားသော မျက်တောင်မွေးကလေးများ ကြောင့် နဖူးအိသော ပါးကလေးများပေါ် အရိပ်ကျနေသည်။ နှာခေါင်းပိစိကွေး၏အောက်ရှိ ပြာနမ်းသော သွေးကြောမျှင်လေးသည် မွေးဆွတ်သော အသားရေပေါ်ဝယ် သိသာထင်ရှားနေသည်။ ကလေး၏ လက်မောင်းနှစ်ဘက်သည် ၄င်း၏ဦးခေါင်းပေါ်မှ ယှက် တင်ထားသည်။ လက်ချောင်းများကိုမူ ဖြန့်ထား၏။ လက်ချောင်း လေးများ ဖြန့်ထားပုံမှာ ကြယ်ပွင့်လေးများနှင့် တူနေသည်။

သို့သော် ကလေးသည် လုံးဝအသက်ရှူခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ အိမ်မကြီးသို့ တန်းစီ၍ ပြန်လာခဲ့ကြသည်။

ခေါ်စိန်က နေ့လည်စာပြင်ဆင်ထားပြီးပြီ။

သူမ မျက်လုံးနီရဲပြီး ဖိုနေသည်။ ငိုထားပုံရ၏။ သူမ့ာလည်း နှလုံးသားရှိပါလားဟု မေ တွေးလိုက်မိသည်။

ကိုမင်းက သူတို့အားလုံးကို အိမ်ရှေ့ခန်းသို့ ခေါ်သွားသည်။ ခရမ်းနှင့် မိုးပြာသည် ဧည့်ခန်းထဲ၌ အရပ်ကလေးများ ကစား နေသည်။ သူတို့ ဘာမှ မသိရှာပါလား။

"မေမေ...မောင်လေးသေသွားတဲ့ညက အဲဒီမိန်းမကြီး ဟောဒီလို လုပ်ပေးခဲ့တယ်..ဒီမှာကြည့်မေမေ"

မိုးပြာလေးက ခေါ်ခင်မျိုးမြတ် ပုံတူပန်းချီကားကို လက်ညှိုး ထိုးပြရင်း ပြောသည်။ သူမ အရပ်ကလေး၏ မျက်နှာကို အသာလေး ဖိအုပ်ပြလေ၏။

မေ၏ သက်ပြင်းရှိက်သံ တစ်ချက်ကြားလိုက်ရသည်။ အခန်းထဲရှိ သူအားလုံး ပန်းချီကားကို လှမ်းကြည့်နေသင့် တဖန် သူတို့အားလုံး သူမအား ပြုံငိုတူ လှည့်ကြည့်လိုက်ကြသည်။

ဘယ်လို သဘောလဲ။

"ဟင့်အင်း"

"မင်း ဘာမှ ငြင်းမနေနဲ့၊ အတိတ်ကိုအတိတ်မှာပဲ ထားခဲ့ကြစို့၊ သားလေးကိစ္စကိုလဲ ကိုယ်ဘယ်တော့မှ ထပ်မပြောတော့ဘူး၊ မင်းအိပ်ရာထ လမ်းလျှောက်ရင် ကိုယ်မင်းဘေးမှာ ကူညီဖို့ အသင့် ရှိနေမယ်။ မင်းကို ကိုယ်စောင့်ရှောက်ပါ့မယ်၊ သားလေးဆုံးတဲ့ ကိစ္စကို စုံစမ်းစစ်ဆေးကြည့်မယ်ဆိုရင် ကိုယ်က ရှေ့နေတစ်ယောက် ငှားလိုက်မှာပေါ့"

ကိုမင်းက သူမအား ဆွဲထူလိုက်သည်။ ပြီးတော့ လေ့ကား ဆီ အသာလေးတွဲခေါ်လာသည်။

"အနာဂတ်ဖြန်ကျရင် ကိုယ်တို့အခန်းကို အရင်အတိုင်း ပြန်ပြောင်းကြရအောင်။ သားလေးကို လုံးဝမမွေးဖြစ်ခဲ့သလို ထင်ရ အောင်လို့ ဒါမှ စိတ်ညစ်စရာတွေကို မေ့သွားမှာ"

အိပ်ခန်းထဲရောက်သောအခါ ကိုမင်းက အဝတ်ဗီရိုကြီးထဲမှ စိမ်းပြာရောင်ညဝတ်အင်္ကျီကို ဆွဲထုတ်ယူလိုက်သည်။

"ဒီအင်္ကျီ မင်းကိုယ်ပေါ်မှာ မတွေ့ရတာ ကြာသွားပြီ. မေ...ကဲ ညဝတ်လိုက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်း ကျွန်မဦးနှောက်ခြောက်နေပြီ၊ လက်တွေ့ဆိုတာ ဘာလဲ၊ သဘာဝဆိုတာ ဘာလဲ၊ ကျွန်မမသိတော့ဘူး၊ ကျွန်မလက်တွေ့နဲ့ စိတ်ကူးယဉ်မှုကို မခွဲခြားတတ်တော့ဘူး ခုကျွန်မ ဒီကထွက်သွားမှဖြစ်မယ် သမီးလေးတွေကိုပါ ခေါ်သွားမယ်"

"မဖြစ်နိုင်ဘူး မေ၊ မင်းသိပ်စိတ်ရှုပ်နေလို့ပါ၊ ကလေးတွေအတွက်ရော မင်းအတွက်ပါ အကောင်းဆုံးဖြစ်အောင် စဉ်းစားရင် မင်းတစ်ယောက်တည်းနေလို့ကို ဖြစ်မှာမဟုတ်ဘူး၊ ပြီးတော့ ကိုယ် သူတို့ကို တရားဥပဒေအရ ပိုင်တယ် မင်းတစ်ယောက်တည်း မပိုင်ဆိုင်တော့ဘူး"

"ဟင့်အင်း ဝတ်လို့အရဘူး"

"ရပါတယ် မင်းပြန်ပိန်သွားပြီပဲ..မင်းသိပ်ချစ်စရာကောင်းတယ်"

သူမသည် ညအိပ်ဝတ်အင်္ကျီကို လှမ်းယူပြီး ရေချိုးခန်းထဲဝင်ခဲ့၏။ ညဝတ်အင်္ကျီကို လဲဝတ်ရာ သူမကိုယ်နှင့် အတော်ဖြစ်နေသည်။ လက်ဆေးခွက်ပေါ်မှ မှန်ထဲသို့ လှမ်းကြည့်လိုက်သည်၊ မိမိအား လူတွေ ခေါ်ခင်မျိုးမြတ်နှင့် ချွတ်ယွင်းတူကြောင်း ပြောနေသည့် အကြောင်းရင်းကို သဘောပေါက်သွားသည်။

မိမိမျက်လုံးများသည် ပန်းချီကားထဲက မိန်းမကဲ့သို့ပင် ဝမ်းနည်း၍ ချောက်ချားဖွယ်ကောင်းသော အရိပ်အငွေ့များ ရှိနေသောကြောင့်ပင်တည်း။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မဟာ သူတို့ရဲ့ မွေးမိခင်အရင်းအချာပဲ...သူတို့ကို စောင့်ရှောက်အုပ်ထိန်းသူပဲ"

"မေ..မင်း မှတ်ထားစမ်းပါ တရားဥပဒေအရ မင်းလိုပဲ ကိုယ်မှာလဲ သူတို့လေးတွေနဲ့ ပတ်သတ်လို့ ကြိုက်သလို ပြောဆို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ အေး မင်းကိုယ့်ကို စွန့်ခွာသွားခဲ့ရင်တောင် သူတို့နှစ်ယောက်ကို အုပ်ထိန်းခွင့်ရအောင် ကိုယ်လုပ်ယူမှာပဲ.. ဟော ဒီမြို့နယ်မှာ မင်းရဲ့ဂုဏ်သိက္ခာအရ မင်းကို ဘယ်တရားရုံးက ဒီကလေးနှစ်ယောက်ဆက်ပြီး ထိန်းသိမ်းခွင့်ပေးမှာလဲ ပြောစမ်းပါဦး"

"ကျွန်မမွေးထားတဲ့ ကလေးတွေပဲ...သမီးနှစ်ယောက်ကို ကျွန်မပိုင်တယ်၊ ကျွန်မမွေးထားတာ ရှင်က အချောင်လိုချင်တယ် ပိုင်စိုးပိုင်နင်း လုပ်တယ် ဘာသဘောလဲ"

"ဘာလို့လဲဆိုတော့ မင်းကို ကိုယ်လက်မလွှတ်ချင်လို့။ မင်း ဘာပဲလုပ်ခဲ့လုပ်ခဲ့ မင်းဘယ်လောက်ပဲ ရောဂါထူထူ မင်းကို ကိုယ် တပ်မက်တယ်၊ တောင့်တတယ်၊ လိုချင်တယ်၊ ကိုယ့်အမေဟာ ကိုယ့်ကို စွန့်ခွာဖို့ ကြံစည်ခဲ့တယ်။ ဒါပေမယ့် မင်းအကြောင်း ကိုယ်သိ ပါတယ်၊ မင်းက မင်းရဲ့ ကလေးတွေကို ဘယ်နည်းနဲ့မှ ပစ်မပြေးရက် ပါဘူး။ ဒါကြောင့် ကိုယ်တို့ မိသားစု ဥမကွဲသိုက်မပျက် ဆက်နေ

လို့ရမှာပေါ့...ကဲ ခုချိန်ကစပြီး ကိုယ်တို့ဘဝကို အသစ်တစ်ဖန် ပြန်ထူထောင်ကြရအောင်"

"ကိုယ်တို့ နှစ်ပတ်လည်နေ့ကို ချောင်းသာမှာသွားလုပ်ရင် မကောင်းဘူးလား မင်းလဲစိတ်ပြေလက်ပျောက် ဖြစ်တာပေါ့"

"ကောင်းသား"

သူမသည် နှစ်ပတ်လည်မင်္ဂလာအထိမ်းအမှတ်ပွဲ ကျင်းပရေး နှင့် ပတ်သတ်၍ စိတ်မပါကြောင်း သဘာဝကျကျ သရုပ်ဆောင် မပြနိုင်ရှာပါ...

ငါမကြာခင် ဝင့်ကျွတ်တော့မှာပါလား။

ထိုမျှော်လင့်ချက်ကြောင့် သူမမျက်လုံးများပင် ဝင်းပလာကြ၏။

သူမအကြံထုတ်ပြီးပြီ..ချောင်းသာကိုရောက်ရင် သမီး နှစ်ယောက်နှင့်အတူ ကိုမင်းကို စွန့်ခွာပြေးရမည်။ ထိုမှ ရန်ကုန်ကို ပြန်မည်။ ကိုမင်းသည် ဒီမြို့မှာသာ မိမိသမီးများကို ထိန်းသိမ်းပိုင်ခွင့် ရနိုင်မည်။ ရန်ကုန်မှာ ထိုအခွင့်ရေးမျိုး သူရနိုင်မည်မဟုတ်။

သူမမှာ ပိုက်ဆံလိုလျှင် အဘွားပေးခဲ့တဲ့ ရွှေဆွဲကြိုးကို ရောင်းစားပစ်ရုံပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မျိုးမြတ်၏ အိမ်၊ ဒေါ်ခင်မျိုးမြတ်ရဲ့ ပုံတူပန်းချီကား၊ ဒေါ်ခင်မျိုးမြတ်ရဲ့ အိပ်ယာ၊ ညဝတ်ဂါဝန် သူမ၏သား ကိုမင်း စသည်တို့နှင့် ဝေးကွာသွားမည်။ မေသဇင်သည် မေသဇင် ပြန်ဖြစ်လာမည်။

"ရဲရင့်ကို လေဆိပ်လိုက်ပို့ပေးဖို့ ပြောထားပြီးပြီ"

ကိုမင်းက ပြောသည်။

"ရဲရင့်ကို ကားမောင်းခိုင်းမလို့လား"

"အေးလေ"

ကိုမင်းက လေးတဲ့အထုပ်အပိုးများ ထည့်ပြီးပြီဖြစ်၏။

"ကိုယ် ရဲရင့်ကို သွားခေါ်ဦးမယ် ကဲလာကြ သမီးတို့ ဖေကြီးနဲ့လိုက်ခဲ့ သမီးမေကြီး အဝတ်အစားလဲပါစေဦး"

"ကျွန်မပြီးပါပြီ..ခဏနေဦး ကျွန်မလဲ တစ်ခါတည်းလိုက်မယ်"

ကိုမင်းက သူမစကားကို ကြားဟန်မတူ

"မြန်မြန်လုပ်မေကြီး"

ခရမ်းက အော်ပြောပြီး မိုးပြာနှင့်အတူ ကိုမင်းနောက်သို့ လှေကားမှတစ်ဆင့် လိုက်သွားသည်။

ငါးမိနစ်လောက် အချိန်ရတုန်းလေး လိုအပ်သမျှအားလုံး ပါမပါ စစ်ဆေးရသေးသည်။ သူမဆွဲကြိုးရောင်းရငွေကို အဝတ်အစားအိတ်ထဲရှိ ကုတ်အင်္ကျီအတွင်းအိတ်ထဲ ထည့်ထားပြီးဖြစ်သည်။

အောက်ထပ်သို့ သူမဆင်းလာခဲ့သည်။ ကိုမင်းတို့ကို မတွေ့ရတော့။ ခဏနေတော့ ပြန်ရောက်လာလိမ့်မည်။

ဒေါ်နွယ်နီကို နှုတ်ဆက်ခဲ့ချင်ပါသည်။ ဒေါ်နွယ်နီသည် နောက်တစ်ပတ်မှ ဆေးရုံက ဆင်းလာမည်ဖြစ်၏။ ဒေါ်နွယ်နီကို ဆေးရုံတက်ရန် ဦးမှုန်အား ဆရာဝန်များက အတင်းအမွေ တိုက်တွန်းခဲ့ကြသည်။

ကိုမင်းလည်း ပေါ်မလာသေးပါလား။ လမ်းမကို လှမ်းမျှော်ကြည့်သော်လည်း ကိုမင်း၏ မော်တော်ကားကို အစအနပင် မမြင်ရ။

နာရီဝက်တော်ရှိသွားပြီ။ သူမခြံထဲ လျှောက်ခဲ့သည်။ မြင်းစောင်းထဲမှ ရဲရင့်ကို မြင်လိုက်ရ၏။ သူမထိတ်ခနဲ ရင်တုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရဲရင့် လေဆိပ်ကိုကားနဲ့ လိုက်ပို့မယ်ဆို ဘာလုပ်နေတာလဲ"

"ဗျာ"

"နင့်ကို ကိုမင်း လာခေါ်တယ်မဟုတ်ဘူးလား"

"မခေါ်ပါဘူး"

သူမရိပ်မိလိုက်ပြီး ကိုမင်းတစ်ယောက် သူမအား ထားရစ်ခဲ့ပြီ။ ကလေးတွေကိုခေါ်ပြီး ထွက်သွားပြီ သူမပိုက်ဆံများလည်း ကားထဲပါသွားပြီ သူမ အကြံအစည်များကို ကိုမင်း ရိပ်မိသွားပြီလား။

ညနေလေးနာရီတွင် ခေါ်စိန်သည် မေအား အိမ်ထဲ၌လာစောင့်တွေ့သည်။

"ကျွန်မ သွားတော့မယ် မမလေး"

မေက ဧည့်ခန်းထဲတွင် ထိုင်နေရင်း ခေါ်ခင်မျိုးမြတ်၏ ပန်းချီကားကို ကြည့်နေသည်။ သူမ ခေါ်စိန်ကို လှည့်မကြည့်ပါ။

'အင်း အင်း"

ခေါ်စိန်က ချက်ချင်းပြန်ထွက်မသွားဘဲ တံခါးဝတွင် ရပ်နေ၏။

"ကျွန်မ မမလေးကို ထားရစ်ခဲ့ရမှာ စိတ်မကောင်းပါဘူး"

"ရှင်... ဘာပြောတာလဲ ခေါ်စိန်"

မေ ထိုင်ရာမှ ထလိုက်၏။

"ဆရာကြီးက သူနဲ့သူသမီးတွေ ခရီးထွက်မလို့တဲ့ အဲဒါ ကျွန်မကို အလုပ်မဆင်းဖို့ ပြောသွားတယ်။ ဒီအိမ်ကို ဘယ်တော့ပြန်လာရမယ်ဆိုတာလဲ သူကိုယ်တိုင် အကြောင်းကြားမယ်တဲ့ ရှင်"

"အဲဒါ ဘယ်တုန်းက ပြောတာလဲ"

"ဒီမနက်ပဲ သူကားပေါ်တက်ခါနီးတုန်းက မမလေး တစ်ယောက်တည်း နေခဲ့ရမှာပေါ့နော်"

ခေါ်စိန်၏မျက်နှာတွင် စပ်စုလိုသော နားမလည်သော ခံစားချက်များ ရောထွေးနေသည်။ သားလေးသေဆုံးပြီးနောက်ပိုင်း မိမိဆောင်ထားသော ခံစားချက်များကို ခေါ်စိန်ထံတွင် တွေ့ရှိလာခဲ့ရပါသည်။

"ဟုတ်တယ် ဆိုပါတော့"

မေက ခပ်တိုးတိုး ပြန်ဖြေလိုက်တယ်။

ခေါ်စိန်ထွက်သွားပြီး နာရီပေါင်းများစွာ ကြာသည့်တိုင် မသည် ဧည့်ခန်းထဲတွင် ဆက်လက်ထိုင်နေသည်။ သူမ ဘာကို စောင့်နေသလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းသံ၊ ကိုမင်းဆီမှ ဖုန်းဆက်သံ

ကိုမင်းဖုန်းဆက်ရင် ဘယ်လိုပြောရပါ့မလဲ။ ကိုမင်းကို စွန့်ခွာကို ကြံစည်ခဲ့မိကြောင်း ဝန်ခံလိုက်ရမလား။ ကိုမင်းသိပြီးပြီဟု သူမ တစ်ထစ်ချယုံကြည်သည်။ ကိုမင်းနှင့် ဆက်နေပါမည်ဟု ကတိ ပေးရမလား။ သူက သူမကတိကို ယုံကြည်မည်မဟုတ်။

သမီးတွေကို သူဘယ်များ ခေါ်သွားပါလိမ့်။

နေ့လည်က ချောင်းသာမှတည်းမည့် ဟိုတယ်ကို ဖုန်းဆက် မေးကြည့်တော့ ကိုမင်းတစ်ယောက် လွန်ခဲ့တဲ့နှစ်ပတ်ကတည်းက တည်းမည့်အခန်းကို ပယ်ဖျက်ပြီးပြီဟု ဟိုတယ်ဧည့်ကြိုဌာနမှ စာရေး က ပြောလိုက်သည်မဟုတ်လား''

ည ကိုးနာရီတွင် ဖုန်းလာသည်။ သူမလက်တွေ တုန်မှု သဖြင့် ဖုန်းကိုပင် ကောင်းကောင်းမယူနိုင်။

''ဟဲလို''

''မေကြီး သမီးတို့နဲ့ဘာလို့ လိုက်မလာရတာလဲဟင်။ မေကြီးဲ့ ကတိပေးပြီးတော့''

ခရမ်း၏အသံလေးကို ကြားရ၏။

''ခရမ်း သမီးဘယ်က ဆက်တာလဲ''

တယ်လီဖုန်း ရွှေ့သံကြားရသည်။

''သမီး... မေကြီးနဲ့ စကားပြောချင်လို့''

မိုးပြာက ဝင်လုပြောသည်။

''မေကြီးပြောတော့ သမီးတို့လေယာဉ်ပျံ စီးရမယ်ဆိုပြီး ခုစီးလည်း မစီးရဘူး''

''မိုးပြာ သမီးလေး ဘယ်မှာလဲ''

''ဟဲလို... မေ''

ကိုမင်း၏အသံ၊ ခရမ်းနှင့်မိုးပြာတို့ ဖုန်းဆက်ပြောချင်မရ သဖြင့် ပွစိပွစိ လုပ်နေကြပြီ။

''ကိုမင်း ရှင်ဘယ်မှာလဲ... ရှင်ဘာလို့ ဒီလိုလုပ်ရတာလဲ''

''ကိုယ် ဘာလုပ်လို့လဲ... ဘာလဲ ကိုယ့်သမီးလေးတွေကို မင်းယူလို့ မရအောင်လုပ်လိုက်လို့လား၊ ကလေးတွေ အန္တရာယ်ကင်း အောင် လုပ်ပေးလို့လား''

''ဘာ အန္တရာယ်လဲ... ရှင်ဘာပြောတာလဲ''

''မေ... ကိုယ်ပြောပြီးပြီနော်.. မင်းကို ကိုယ်ပြုစုပါ့မယ်လို့၊ မင်းအတွက် ကိုယ်တာဝန်ယူပါ့မယ်လို့ တကယ်ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် မင်းကိုယ့်ကိုထားရစ်ပြီး ကလေးတွေယူသွားလို့တော့ မရဘူးမှတ်''

''ကျွန်မ အဲလို မလုပ်ပါဘူး... ကိုမင်း၊ သူတို့ကို အိမ်ပြန် ခေါ်လာခဲ့ပါ''

''ဘယ်ရမလဲ မေရဲ့... ကဲ... စာရေးစားပွဲဆီသွားစမ်း စက္ကူနဲ့ ဘောပင်ယူခဲ့... ကိုယ်စောင့်နေမယ်''

ကလေးများ၏ ငိုယိုသံကို ကြားရသည်။ ပြီးတော့ ကားလမ်းမပေါ်မှ အသံပလံများလည်း ကြားရသည်။

''ကိုမင်း ရှင်ဘယ်မှာလဲ''

''စာရွက်နဲ့ဘောပင် သွားယူလို့ပြောနေတယ်လေ။ ကိုယ် ဒီက ပြောတာကို မင်းလိုက်ရေးချ မြန်မြန်လုပ်''

''ကဲ အသင့်ပဲ... ကိုမင်း''

''ကဲ... အခု မင်းရေးရမှာက ကိုယ့်ဆီပို့ရမယ့် စာတစ် စောင်ပဲ''

''ပြော''

''ကိုမင်း''

ဖုန်းကို ပခုံးနှင့်နားရွက်ကြားညှပ်ကာ ထိုစကားလုံးများကို သူမရေးချလိုက်သည်။ ကိုမင်းက ဖြည်းဖြည်းပြောသွားသည်။

''ကျွန်မ သိပ်နေမကောင်းမှန်း သိပါတယ်။ ကျွန်မအိပ်ရာက လမ်းထလျှောက်နေမိတုန်းပဲ။ ကျွန်မ မမှတ်မိနိုင်တဲ့ကိစ္စတွေကို လျှောက်လုပ်နေတယ်လို့ ထင်တယ်။ ဝေလျှံရဲ့ ကားပေါ်တက်မလိုက် သွားဘူးဆိုတာ ကျွန်မညာပြောတာပါ။ ကျွန်မ သူ့ကို အိမ်လာဖို့ လှမ်းခေါ်ခဲ့တယ်။ ကျွန်မတို့မိသားစုကို မနှောင့်ယှက်ဖို့ သူ့ကိုနားချ ချင်လို့ပါ။ သူ့ကို ကျွန်မ ပြင်းပြင်းထန်ထန် မလုပ်နိုင်ပါဘူး''

မေက သူရွတ်သမျှကို စက်ရုပ်လို လိုက်ရေးချနေသည်။ ကိုမင်းစိတ်ဆိုးမှ သူမကြောက်သည်။ စာ၏အဓိပ္ပာယ်ကို သူမ တဖြည်းဖြည်းနားလည်လာသည်။

''ကိုမင်း... ဒီစာကို ကျွန်မရေးလို့ ဘယ်ဖြစ်မလဲ။ တစ်ခုမှ မဟုတ်တာ''

''ကဲ... ကိုယ်ပြီးအောင် ဆက်ပြောပါ ရစေဦး နားထောင်''

ကိုမင်းက ခပ်သွက်သွက်လေး ဆက်ပြောသည်။

''ဝေလျှံက ကျွန်မကို သူ့ကားနဲ့လိုက်ခဲ့ဖို့ ခြိမ်းခြောက်ခေါ် တယ်။ ကျွန်မ သူ့ကို စကားမပြောစေချင်ဘူး။ ကျွန်မသားလေးကို

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပတ်လောက်ကျရင် ကိုယ်ဖုန်းဆက်လိုက်ပါ့မယ်...မင်းစဉ်းစားထား''

''ဟင့်အင်း''

''မေ... မင်းလုပ်ခဲ့သမျှ ကိုယ်သိတယ်၊ ကိုယ်တို့ တစ်ယောက်ကိုတစ်ယောက် ချစ်ရက်သားနဲ့ ကိုယ်မင်းကို လက်မလွှတ်ချင်ဘူး။ ပြီးတော့ ကလေးတွေကို မင်းလက်ထဲမှာလဲ မအပ်ချင်ဘူး''

ကိုမင်းလေသံက အနည်းငယ်ပျော့လာသည်။ ကိုမင်း ဖုန်းချသွားပြီ။ သူမဖုန်းကို စိုက်ကြည့်နေမိသည်။ လက်ထဲမှ ကြေမွနေသော စာရေးစက္ကူကို ငေးကြည့်နေသည်။

ဘုရား... ကယ်တော်မူပါ။

ရှင်လက်ခံမယ်လို့ ထင်ခဲ့ပေမယ့် ဒီကလေးဟာ ရှင်ရဲ့ကလေးမဟုတ်ဘူးဆိုတာ ရှင်သိတယ်။ ဒီကလေးဆက်ပြီး မရှင်နိုင်ရင် ကျွန်မတို့ရဲ့အိမ်ထောင်ဟာ ဝိုးဆောင်ပြေမယ်လို့ ကျွန်မထင်ခဲ့တယ်။ ဒီကလေးကို ကျွန်မ အချိန်ပြည့် အာရုံစိုက်နေရတယ်။ ကလေးရှိတဲ့အခန်းထဲ ကျွန်မဝင်သွားတာကို မိုးပြာလေး မြင်လိုက်တယ်။ ကလေးရဲ့မျက်နှာကို ကျွန်မလက်နဲ့ ဖိလိုက်တာလဲ သူတွေ့တယ်။ နောက် ကျွန်မကို ကလေးတွေနဲ့ ပစ်မထားခဲ့ပါဘူးလို့ ကတိပေးစမ်းပါ...ကိုမင်းရယ်.. ကျွန်မလုပ်ခဲ့သမျှ ကျွန်မမှာ တာဝန်မရှိဘူး။

သူမလက်ထဲမှ အောပင် လွတ်ကျသွားတယ်။

''အို... ဘုရား.. ဘုရား''

''မင်း ဒီဝန်ခံချက်စာတမ်းကို လက်မှတ်ထိုးပေးတဲ့အခါကျမှသာ ကိုယ်ပြန်လာခဲ့မယ်... မေ၊ ဒီစာကို မီးခဲသေတ္တာထဲ ထည့်ထားလိုက်မယ်။ ဘယ်သူမှ မသိနိုင်ပါဘူး''

''ကိုမင်း ဆောင်းဖန်ပါတယ်၊ ရှင်တကယ် လုပ်မလို့ _ _''

''ဒီမှာမေ.. ကိုယ်မင်းဆီ တော်တော်နဲ့ပြန်မလာဘဲ နေမှာနော်၊ တစ်နှစ်လောက် ကြာရင်ကြာသွားမယ်။ ကဲနောက် တစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်း ဘယ်တော့ပြန်လာမလဲ။ ဘယ်လောက်ကြာကြာ ခွဲခွာ နေမှာလဲ။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ နာရီမြည်သံကြားရသည်။ သံုးနာရီနောက်ပိုင်း သူမအိပ်မျော်သွားခဲ့သည်။

အသံတစ်ခုကြောင့် သူမလန့်နိုးသွားသည်။ အိမ်ကြီးထဲ၌ ဟိုဦးချပ်များ တကျိကျိမြည်သံကြားရသည်။ ခြေရှပ်တိုက်သံ၊ မဟုတ်သေး ခြေသံတွေ။ အပေါ်ထပ်မှာ တစ်စုံတစ်ယောက် လမ်းလျှောက် သွားလျက်ရှိသည်။ ဘယ်သူပါလိမ့်။ တက်ကြည့်ဦးမှပါပဲ။

လှေကားကို ဖြည်းညင်းစွာနင်း၍ တက်သွားသည်။ စင်္ကြံ လမ်းမှာ ရှင်းလင်းနေသည်။ ဘယ်သူမှမတွေ့၊ သူမ အိပ်ခန်းထဲဝင်ပြီး မီးခလုတ်ဖွင့်လိုက်သည်။ ဒီမှာလည်း ဘယ်သူမှမရှိ။

ကိုမင်း၏ အခန်းဟောင်းတံခါးမှာ အနည်းငယ်ဟနေတယ်။

အရင်တစ်ခါ သေသေချာချာပိတ်ထားခဲ့သည် မဟုတ်ပါလား။ သူမ ထိုအခန်းထဲဝင်ပြီး မီးလုံးကို ဖွင့်လိုက်သည်။ ဘယ်သူမှ မတွေ့၊ နေဦး တစ်စုံတစ်ယောက် တစ်စုံတစ်ရာ ရှိနေသည်။

ဘာပါလိမ့်... စပယ်နံ့၊ စပယ်ပန်းနံ့သည် ပို၍ပြင်းထန်လာသလိုလို။ သူမ အသေအချာမသိ ပြတင်းပေါက်နားသွားလိုက်၏။ တံခါးဖွင့်ပြီး အပြင်မှ လေကောင်းလေသန့်ကို သွင်းမည်။ တံခါး

(၃၃)

သူမအိပ်ခန်းကြီးထဲ၌ မအိပ်နိုင်တော့ပါ။

အပေါ်ထပ် ဘယ်အခန်းထဲမှာမှ သူမဝင်အိပ်မရ။ မှောင်မည်းသော စင်္ကြံလမ်းရှည်ကြီး၊ ပိတ်ထားသောတံခါးများ၊ သမီးနှစ်ယောက်၏အခန်း၊ သားလေးအိပ်စက်ခဲ့သော အခန်းလေး၊ စာအုပ်တို့ကို မကြည့်ချင် မမြင်ချင်တော့ပါ။

ထို့ကြောင့် အောက်ထပ်ချည့်ခန်းထဲမှာပဲ သူမထိုင်...ဒီသည်။ ကိုမင်း ရွတ်ပြသောစာကို သူမဘယ်နည်းနဲ့မှ ရေးနိုင်မည်မဟုတ်ပါ။ ကိုမင်း မိမိအပေါ် နောက်တစ်ကြိမ် စိတ်တိုမိလျှင် ရဲမှူးကြီးအား ထိုစာကို ပေးလိုက်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဘောင်ကို ကိုင်ထားစဉ် အောက်ငုံကြည့်လိုက်သည်။ လူတစ်ယောက် ရပ်နေသည်။ ယောကျ်ားတစ်ယောက်

ထိုသူကို အိမ်ပေါ်သို့ မော်ကြည့်ရသည်။ သူမျက်နှာပေါ် လရောင်ကျနေ၏။ လက်စသတ်တော့ ဦးမှုန်ပါလား။

သူ ဘာလာလုပ်နေပါလိမ့်။ သူမက ဦးမှုန်အား လက်လှေ့ ယမ်းပြလိုက်သည်။ ဦးမှုန်က အိမ်ကိုကျောခိုင်းပြီး ထွက်ပြေးသွား သည်။

ဘာဖြစ်တာပါလိမ့်။

ပြတင်းတံခါးကို ပြန်ပိတ်ပြီး သူမအိပ်ခန်းဆီသို့ ပြန်လာ ခဲ့သည်။ ညဝတ်အင်္ကျီမလဲရသေးပေ။ ဘာဖြစ်လဲ ကိုမင်းမှ မရှိတာပဲ။ ဟိုဂါဝန်ကြီးကို သူမ,မဝတ်ချင်ပါ။

အဝတ်ဗီရိုတံခါးမှ တစ်စွန်းတစ်စထွက်နေသော အဝတ်စ တစ်ခု။ သူမဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ ဗီရိုတံခါးစွန်းမှ ထွက် နေသောအစမှာ သူမ၏ညဝတ်ဂါဝန်အသစ်၏ အစဖြစ်သည်။ အင်္ကျီကို ပြန်ပြုပြင်ရန် ထုတ်ယူလိုက်သည်။

ဘုရားရေ။

သူမဂါဝန်အသစ်လေးကို တစ်စုံတစ်ယောက်က အစိတ်စိတ် အမှာမှာ ဖြစ်အောင် ခါးနှင့်ခွဲသွားတာပါလား။

♻ ♻ ♻

www.burmeseclassic.com

www.burmeseclassic.com

[၃၄]

မနက်ကျတော့ သူမခြံထဲရှိ ရုံးခန်းသို့သွားလိုက်၏။ ဦးမှုန်သည် ကိုမင်းထိုင်သော စားပွဲတွင် ထိုင်နေသည်။

"ကိုမင်း ဘယ်လောက်ကြာကြာ သွားမှာတဲ့လဲ"

"သူ သေသေချာချာ ပြောမသွားဘူး"

"ဦးမှုန်ကို ညတုန်းက အိမ်နားမှာ တွေ့လိုက်တယ် ဘာလုပ်နေတာလဲ"

"ကျွန်တော့်ကို တွေ့လို့လား"

"တွေ့တာပေါ့"

"ဒါဆို မမလေး သူ့ကိုလည်း တွေ့လိုက်မှာပေါ့"

"ဘယ်သူလဲ"

"မမလေး.. နွယ်နီတစ်ယောက် မရူးဘူးထင်တာပဲ၊ ဒေါ်ခင်မျိုးမြတ်ကို သူ ခဏခဏတွေ့တယ်လို့ ပြောတယ်မဟုတ်လား၊ မနေ့ညက ကျွန်တော်အိပ်လို့မရဘူး။ အိပ်ရာကထပြီး ကျွန်တော့် အိမ်ပြတင်းပေါက်က လှမ်းကြည့်လိုက်တော့ သချိုင်းထဲမှာ တစ်ခုခုလုပ်နေတာ တွေ့လိုက်ရတယ်။ အဲဒါနဲ့ ကျွန်တော်ထွက်သွားတယ်"

ဦးမှုန်၏မျက်နှာမှာ အလွန်ဖြူရော်သွား၏။

"ကျွန်တော် ဒေါ်ခင်မျိုးမြတ်ကို တွေ့လိုက်တယ်။ နွယ်နီပြောတဲ့အတိုင်းပဲ သူ... သူ.. သချိုင်းထဲကနေ အိမ်ကြီးဆီကို လမ်းလျှောက်လာတယ်။ ကျွန်တော် သူ့နောက်ကလိုက်ကြည့်တယ်။ သူ့ဆံပင်နဲ့သူ အမြဲခြုံနေတဲ့ သဘက်ကို ကောင်းကောင်းမှတ်မိပါတယ်။ စိမ်းပြာရောင် သဘက်ကြီးလေ၊ သူနောက်ဖေးပေါက်ကဝင်သွားတယ်။ ကျွန်တော် နောက်ဖေးတံခါး ဖွင့်ကြည့်တော့ သော့ခတ်ထားတယ်။ ကျွန်တော့်မှာ သော့တွဲပါမလာဘူး။ ဒါနဲ့ ကျွန်တော်အိမ်ဘေးပတ်လျှောက်ပြီး ခဏစောင့်နေလိုက်တယ်။ တစ်အောင့်ကြာတော့ အိပ်ခန်းမကြီးက မီးပွင့်တာတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဦးမှန်... ကိုမင်း ညာက် ဒီအခန်းမှာ လာအိပ်တတ်သလားဟင်"

"ဟင့်အင်း တစ်ခါမှ လာမအိပ်ပါဘူး။ အိပ်စရာလည်း ကုတင်မရှိ၊ ခေါင်းအုံးမရှိနဲ့"

"ဒါဆို... ညာက် ကျွန်မနဲ့လာမအိပ်ဘူး... သူ ဘယ်မှာ သွားအိပ်တတ်သလဲ သိလားဟင်"

"ခြံထဲမှာတော့ အရင်က ဆရာတို့မိသားစုနေခဲ့တဲ့ တဲအိမ်လေးရှိတယ်"

"အဲ ဒီတဲအိမ်လေးကို ကျွန်မ သွားကြည့်မယ်"

"သူက အဲဒီတဲအိမ်နား ဖြတ်သွားတာတောင် ကြိုက်တာ မဟုတ်ဘူး။ သူသိရင် လွယ်မှာမဟုတ်ဘူး"

"အရေးကြီးလို့ပါ.. ဦးမှန်ရယ်... ကျွန်မကို ကူညီပါ။ နောက်ပြဿနာ ကျွန်မရှင်းပေးမယ်... တဲအိမ် ဘယ်မှာလဲ လိုက်ပြပေးပါ"

ဦးမှန်က စဉ်းစားတွေဝေနေသေးသည်။ နောက်မှ

"ကျွန်တော် လိုက်တော့ပြမယ်.. ဒါပေမယ့် အထဲဝင်ပြီးတော့ သူမရဲ့ အခန်းဟောင်းထဲက မီးပါလင်းလာတယ်။ နောက်တော့ ဒေါ်ခင်မျိုးမြတ်က ပြတင်းပေါက်ကနေ ကျွန်တော့်ကို လက်ယမ်းပြတယ်"

"ပြတင်းပေါက်က လက်ပြတာ ကျွန်မပါ"

"ဘုရားရေ... နွယ်နီကတော့ ဒေါ်ခင်မျိုးမြတ်ကို တွေ့တယ်လို့ချည်း ပြောနေတာ၊ မိုးပြာလေးကလည်း ပန်းချီကားထဲက မိန်းမအကြောင်း ပြောသေးတယ်။ ကျွန်တော်က ဒေါ်ခင်မျိုးမြတ် နောက်ကိုလိုက်နေတာ၊ ခုတော့ ဆရာပြောတဲ့အတိုင်း ကျွန်တော်တို့ တွေ့နေတာ ခင်ဗျားကိုး"

"အဲဒါ ကျွန်မ မဟုတ်ပါဘူး။ အပေါ်ထပ်က လူတစ်ယောက်လမ်းလျှောက်တဲ့ ခြေသံကြားလို့ ကျွန်မအပေါ်ထပ် တက်သွားကြည့်တယ်"

မေ စကားကို ရပ်လိုက်သည်။ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားမိသွားသည်။

သူမထိတွေ့ခဲ့ဖူးသော ဆံပင်များ၊ မျက်နှာရေးကြောင်းများ ဒါဟာ တစ်စုံတစ်ယောက်ပဲ။ အိပ်မက်မဟုတ်နိုင်ပါ။ ကိုမင်းရဲ့ မျက်နှာ..

www.burmeseclassic.com

www.burmeseclassic.com

မကြည့်နဲ့နော်''

''အင်း...''

သူမပြီးစလွယ် ခေါင်းညိတ်ပြလိုက်သည်။

အဲဒီမှာ သမီးနှစ်ယောက် ရှိနေမလား။

[၃၅]

တဲအိမ်လေးကို သစ်တောစပ်မှ မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်ရသည်။ အိမ်ကလေးမှာ အသုံးပြုခြင်းမရှိသည့် အနေအထားပေါ်လွင်နေသည်။ သူမက ပြတင်းမှန်ချပ်တစ်ချပ်ကို ကျောက်ခဲနှင့် ထုပြီး ခွဲလိုက်၏။

''ဟာ... မမလေး ဘာလုပ်တာလဲ''

''ကျွန်မ ဒီထဲ ဝင်မလို့''

''မဝင်ပါနဲ့ ဆရာသိရင် ဆူလိမ့်မယ်''

ဦးမှုန်စကားကို သူမ ဂရုမစိုက်တော့ အိမ်ထဲကို ပြတင်းပေါက်မှ ကျော်ဝင်လိုက်သည်။ အိမ်တွင်းမှာ နေရောင်လည်းမထိ

www.burmeseclassic.com

www.burmeseclassic.com

အနွေးဓာတ်လည်း မပေးတာကြောင့် အရိုးအဲ့လောက်အောင် အေးစက်နေသည်။

မှောင်ထဲ၌ မျက်စိကျင့်သားရအောင် ခဏစောင့် အခြားပြတင်းပေါက်များမှ ခန်းဆီးများကို ဆွဲဖွင့်လိုက်သည်။

တဲအိမ်လေးအတွင်းပိုင်း လှည့်ပတ်ကြည့်လိုက်သည်။

ပေနှစ်ဆယ်ပတ်လည်ကျယ်သည်။ မီးဖိုတစ်ခု၊ ကော်ဇောတစ်ချပ်နှင့် နှစ်ယောက်ကိုင် ကျွန်းခုံကြီး တစ်ခု တွေ့ရသည်။

အခန်းပတ်ပတ်လည် ပန်းချီကားများဖြင့် ပြည့်နေသည်။ ထိုပန်းချီကားထဲတွင် ရှုခင်းမြင်ကွင်းများ စုပေါင်းစပ်ပေါင်း ရောယှက်ထားသည်။ ရက်စက်ကြမ်းတမ်းသော ရှုခင်းများနှင့် ရက်စက်ကြမ်းတမ်းသော အရောင်အသွေးများ ပန်းချီကားလယ်တွင် အဓိကကျသော အရုပ်သည် သူမ၏ရုပ်ပုံစံပင် ဖြစ်သည်။

သူမသည် ဝမ်းနည်းကြေကွဲစွာ မဲ့ရွဲ့ငိုယိုရင်း ရုပ်သေးရုပ်လို ခန္ဓာကိုယ်လေးများကို ငုံ့ကြည့်နေသည်။

ခရမ်းနှင့်မိုးပြာသည် ကြမ်းပြင်ပေါ်တွင် ပုံလျက်သားလဲကျနေသည်။ ၎င်းတို့ကိုယ်ပေါ်မှ အပြာရောင်ဆွယ်တာ အင်္ကျီလေးများမှာ ရှုပ်ထွေးပွရနေသည်။ သူတို့နှစ်ယောက်စလုံး မျက်လုံးပြူးထွက်နေကြ

သည်။ လျှာများမှာလည်း တန်းလန်းထွက်ကျနေကြ၏။ သူတို့လည်ပင်းလေးများကို ခါးပတ်များဖြင့် တုပ်နှောင်ရစ်ပတ်ထား၏။

မေ၏ရုပ်ပုံနောက်ကျောဘက် ခပ်လှမ်းလှမ်းတွင် နံရံတစ်ချပ်ရှိသည်။ ထိုနံရံတွင် အပြာရင့်ရောင် ခန်းဆီးတပ်ထားသော ပြတင်းပေါက်တစ်ပေါက်ပါသည်။ ထိုပြတင်းပေါက်မှ ချောင်းကြည့်နေသူမှာ ကိုမင်းဖြစ်သည်။ ကိုမင်း၏မျက်နှာမှာ ရက်စက်ကြမ်းကြုတ်ပြီး အောင်နိုင်သူတစ်ဦး၏ ဟန်ပန်အတိုင်း။

ပန်းချီကားတစ်ချပ်လုံးကို နေရာအနှံ ဖြန့်ကြက်၍ ပိုင်စိုး ပိုင်နင်း လုပ်ထားသောအရာကား အစိမ်းနှင့်အနက်ရောင်တို့ဖြင့် ရေး ထားသော ရှည်မျောမျော ပြောင်ချောချော ပျော့အိအိ မိန်းမတပိုင်း မြွေတစ်ပိုင်း သတ္တဝါတစ်ကောင်ဖြစ်သည်။ ထိုမိန်းမမျက်နှာက ဒေါ်ခင်မျိုးမြတ်၏ မျက်နှာကြီး။

မြွေအရေခွံနှင့်တူသော သူမ၏ခန္ဓာကိုယ်ပေါ်တွင် စိမ်းပြာရောင်သဘက်ကြီး လွှမ်းခြုံထားသည်။

ဒေါ်ခင်မျိုးမြတ် သတ္တဝါကောင်ကြီးသည် ကောင်းကင်ပြင်ရှိ အပေါက်လေးတစ်ခုမှ ကြိုးနှင့်တွဲလောင်းချထားသော ကလေးပုခက်နားတွင် ခပ်ကုန်းကုန်း ငုံ့ကြည့်နေသည်။ ဒေါ်ခင်မျိုးမြတ်၏

www.burmeseclassic.com

www.burmeseclassic.com

သူမ အော်လိုက်သည်။ ဦးမှန်သည် အိမ်ထဲသို့ ကမျာကယာ ပြေးချလာ၏။

"ဒီမှာကြည့်ပါဦး... ဒါ ကိုမင်း ဆွဲထားတာတွေ"

"ဟင်"

ဦးမှန်က ထိုအရာများကိုကြည့်ပြီး ကြောက်သေသေနေသည်။

ထိုပန်းချီကားကို မကြည့်တော့ဘဲ သံပုံးထဲမှ တဝက်တမျှက် ထွက်နေသော ပန်းချီကားကို လှမ်းကြည့်နေသည်။

စုတ်ချက်ကြမ်းကြမ်းရေးထားသော်လည်း ဝတ်မှုန်၏ မျက်နှာ မှန်း မေသိလိုက်ပါသည်။

ဝတ်မှုန်သည် တဲအိမ်လေး၏ ပြတင်းပေါက်မှ အတွင်းသို့ ချောင်းကြည့်နေသည်။ ဆံပင်အနောက်နှင့် ဝတ်ရုံခြုံထားသော လူတစ်ယောက်က သူမ၏နောက်၌ ရပ်နေသည်။ သူမ၏ လက်ပင်းကို လက်နှင့်ညှစ်ထားသည်။

ဝတ်ရုံခြုံထားသော လူသည် ကိုမင်းမျက်နှာနှင့် ခပ်ဆင်ဆင် တူသည်။

"သူ ကျွန်တော့်သမီးလေးကို သတ်လိုက်တာလား"

လက်ချောင်းများက ကြောက်စရာ ကောင်းလှသည်။ အကျည်းတန်လှသည်။ လက်များက အရွယ်အစားကြီးလွန်းသည်။ ၄င်းလက်ကြီးဖြင့် ပုခက်ထဲမှ ကလေးငယ်၏မျက်နှာကို ဖိအုပ်ထားသည်။ ကလေးသည် လက်ဖဝါးနှစ်ဖက်ကို ဖြန့်လျက် ဦးခေါင်းပေါ်သို့ မြှောက်တင်ထားသည်။

ခေါ်ခင်မှီးမြတ်သည် စိမ်းပြာရောင်သဘက်ကြီးကို ခြုံထားပြီး ကားရှေ့မှန်ချပ်ပေါ်တွင် ပုံရိပ်ထင်နေ၏။ သူမမျက်နှာ ဘေးတွင် အခြားမျက်နှာတစ်ခုရှိသည်။ မျက်လုံးမျက်ဆန် ပြူးနေသော ထိတ်လန့်နေသော အကျည်းတန်စက်ဆုပ်ဖွယ်ကောင်းလှသော ဓလေ့၏ မျက်နှာကြီးကို တွေ့ရသည်။

သူနားထင်တွင် ဒဏ်ရာရထားသည်။

ဟင့် အင်း... ဟင့်အင်း။

မကောင်းဆိုးဝါး ဝင်စား၍ ရေးဆွဲထားတဲ့ ပန်းချီကားကြီး။

ဒီပန်းချီကားတွေက ကိုမင်းရေးခဲ့တာလား။ သူပန်းချီကားများသည် စိတ်မမှန်သူ ရူးသွပ်နေသူတစ်ဦး ပြောင်မြောက်စွာ ရေးဆွဲထားသော ပုံသဏ္ဌာန်အတိုင်းရှိသည်။

"ဦးမှုန်... ဦးမှုန်"

www.burmeseclassic.com

www.burmeseclassic.com

ဦးမှုန်က တံခါးနားမှ ကင်းဝတ်စများ ထည့်ထားသော ပုံးကိုလက်ညှိုးထိုးပြသည်။

မေက ပန်းချီကားတစ်ချပ်ကို ဆွဲထုတ်ယူကြည့်လိုက်သည်။ အိပ်မက်စိတ္တဇရေးနည်းဆန်ဆန် ရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ အစိမ်းရောင် လွှမ်းမိုးနေသည်။ ကိုမင်းကလေးဘဝကပုံနှင့် ဒေါ်ခင်မျိုးမြတ်၏ပုံကို ရေးစပ်ထားခြင်းဖြစ်သည်။

အဖြစ်အပျက်များ၊ ရှုခင်းများ တစ်ခုပေါ်တစ်ခု ထပ်နေသည် ရောယှက်နေသည်။ ကြက်တောင်ရိုက်တံကိုင်ထားသော ကိုမင်းကလေး၏ပုံလည်း ပါသည်။ နွားပေါက်စလေးအနား ကုန်းကြည့်နေသော ဒေါ်ခင်မျိုးမြတ်၏ပုံလည်း ပါသည်။ ကိုမင်းက သူမအားတွန်းချနေ၏။ နွားသောက်သည့် ရေဇလားထဲသို့ ဒေါ်ခင်မျိုးမြတ်ခြေကားရား လက်ကားရာ လဲကျနေပြီး ကိုမင်းအား မျက်လုံးပြူးကျယ်မော့်ကြည့်နေ၏။

ကြက်တောင်ရိုက်တံ၏ အဖျားနှင့် ရေဇလားအပေါ် တည့်တည့်မျက်နှာကြက်မှ မီးလုံးကို ရိုက်ခွဲနေသည့်ပုံဖြစ်ပြီး ကိုမင်း၏ မျက်နှာသည် မိစ္ဆာကောင်၏ မျက်နှာနှင့်တူနေသည်။ ရေဇလား

ကြီးထဲမှ သူ့အမေဒုက္ခရောက်နေပုံကိုကြည့်ရင်း ဟားတိုက်ရယ်မောနေသည်။

"ဒေါ်ခင်မျိုးမြတ်ကိုလည်း သူသတ်ခဲ့တာပဲ... သူ ဆယ်နှစ်သားကတည်းက သူ့အမေကို ပြန်သတ်ခဲ့တာပါလား"

ဦးမှုန်က ရေရွတ်သည်။

"ရှင်... ဘာ.. ဘာပြောတယ်"

အသံကြား၍ နောက်လှည့်ကြည့်မိတော့ ဒေါ်နွယ်နီ တံခါးဝတွင် ရပ်နေ၏။ သူမမျက်လုံးများက ပြူးကျယ်နေသည်။ တည်ငြိမ်မှုမရှိတော့ ဣန္ဒြေမရတော့ပါ။

"ရှင်တို့ ဒီမှာတစ်ခုခု ဖြစ်နေကြပြီဆိုတာ ကျွန်မသိတယ်"

ဦးမှုန်၏လက်ထဲမှ ဝတ်မှုန်ပန်းချီကားကို ဆွဲယူကြည့်လိုက်သည်။

"ကျွန်မသမီးလေးကို သူသတ်လိုက်တာပေါ့"

ငိုသံပါကြီးနှင့် ပြောလိုက်လေ၏။

လှေကားတစ်ခုကို တွေ့သဖြင့် ဦးမှုန်က အပေါ်ထပ်ထပ်ခိုးလေးပေါ် တက်သွားသည်။ ခဏကြာတော့ အော်သံကြီး ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ လာကြည့်ကြစမ်းပါဦး"

သူမတို့ ပြေးတက်သွားသည်။ မြင်ကွင်းကိုမြင်လိုက်သည်နှင့် မေ ငယ်သံပါအောင် အော်လိုက်မိသည်။ သန့်ပြန့်ပြောင်ရှင်းသော အိပ်ရာတစ်ခုပေါ်၌ လူတစ်ယောက်အိပ်နေသည်ကို တွေ့လိုက်ရ၏။ စန့်စန့်ကြီး လဲလှောင်းလျက်။

မိန်းမကြီးတစ်ဦး၊ အရေခွံများရှုံ့တွနေပြီ။ ညှိုခြောက်နေ၏။ မျက်နှာတစ်ခုလုံးမှာ မျက်လုံးဟောက်ပက်၊ နှာခေါင်းဟောက်ပက်၊ သွားကြီးအကျဲသားနှင့် ရှုံ့တွတွကြီးဖြစ်သည်။ အဝတ်အစားများကမူ သန့်သန့်ပြန့်ပြန့်။

"ခင်... ခင်ပဲ"

ဒေါ်နွယ်နီက ရေရွတ်သည်။

ဘုရားရေ ဒါ ဒေါ်ခင်မျိုးမြတ်တဲ့လား။

"ကြည့်စမ်း... မောင်ဘုန်းက သူ့အမေအလောင်းကိုဖော်ပြီး ဒီသယ်လာတာပဲ"

"ဒီလောက် နှစ်တွေကြာတာတောင် ဒါကြီးက အရိုးမဆွေးဘူးလား"

"မောင်ဘုန်းက ဒါကြီးကို အကောင်မပြန် ပြန်ချုပ်ထား

တယ်နဲ့တူတယ်။ သူက တိရစ္ဆာန်အသေတွေကိုလည်း အကောင်မပြန် ပြန်ချုပ်တတ်တဲ့ အကျင့်ရှိတယ်"

"ဘုရား... ဘုရား.. ဒါဆို သူရှုးနေတာပေါ့၊ ကျွန်မ သမီးလေးတွေကို သူသတ်ပစ်တော့မှာပေါ့"

မေက တုန်လှုပ်တကြီးပြောပြီး လှေကားမှ ပြေးဆင်းလာခဲ့သည်။

အိမ်ထဲသို့ ရောက်ရောက်ချင်းပဲ သူမ ရဲမှူးကြီးကို ဖုန်းဆက်အကြောင်းကြားလိုက်၏။

"သူလုပ်ခဲ့သမျှအားလုံးဟာ စိတ်မနှံ့သူတစ်ဦး စိတ်ကူးယဉ်ပြီးလုပ်တာလို့ ယုံကြည်ရပါတယ်။ သေချာအောင်လုပ်ဖို့ တစ်နည်းပဲ ရှိတယ်။ တစ်မိနစ်တောင်ဆိုင်းလို့ မဖြစ်တော့ပါဘူးရှင်"

သို့နှင့် သချိုင်းကို စစ်ဆေးရတော့သည်။

ဒေါ်ခင်မျိုးမြတ်၏အုတ်ဂူကို တူးဖော်ကြသည်။ ဒေါ်နွယ်နီက ငြိမ်သက်စွာဖြင့် ရပ်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ငုံ့ကြည့်နေစဉ်မှာပင် အပြာရောင်သိုးမွေးပိတ်စများကို မြေကြီးခဲများနှင့် ရောထွေးလျက်တွေ့ကြရသည်။

သချိုင်းကို တူးနေသူတစ်ဦးက ပြောသည်။

"ဝတ်မှုန် ဒီမှာရှိတယ်။ သူ့အမေကို ဒီနားက ခေါ်ထုတ်သွားကြပါ"

ဦးမှုန်က ဒေါ်နွယ်နီအား ဖေးမ၍ တွဲခေါ်သွားသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အဖြေမှန်ကိုတော့ သိခွင့်ရပါပြီ"

ဟု ဦးမှုန်က ပြောလိုက်လေ၏။

"ကျွန်တော့်အဖေက ဒေါ်ခင်မျိုးမြတ်နဲ့ သိပ်ခင်ပါတယ်။ ဒါကို ဦးဘုန်းထင်ကျော်က တမျိုးတမည် စွပ်စွဲတာပေါ့လေ။ ပန်းချီကားထဲက မိန်းမက ခင်ဗျားသားလေးကို လက်နဲ့အုပ်တဲ့အကြောင်း မိုးပြာလေးကပြောတော့ ကျွန်တော့်လည်း အဖေ့ကို ပြန်ပြောမိတယ်။ အဖေတော်တော်လေး စိတ်မကောင်းဖြစ်နေရှာတယ်။

ကိုဖွဲမာန်က မေကို ပြောပြသည်။

"ဘုန်းမြတ်မင်း ငယ်ငယ်က စိတ်ဖောက်ပြန်တတ်တယ်ဆိုတာ သူသိခဲ့တယ်တဲ့။ ဒေါ်ခင်မျိုးမြတ်က သူ့ကို ဘုန်းမြတ်မင်း စွဲစွဲလန်းလန်းဖြစ်နေတာကို အဖေ့ကို ဖွင့်ပြောဖူးတယ်။ သူ့အမေရဲ့ ညဝတ်အင်္ကျီကို သူ့ခေါင်းအုံးအောက်မှာ ထားအိပ်တတ်တယ်။ သူအိပ်နေရင်လည်း~ဘုန်းမြတ်မင်းက လာချောင်းကြည့်တတ်တယ်တဲ့။ ဒေါ်ခင်မျိုးမြတ်က သူ့ကို ဆရာဝန်နဲ့ပြမယ်လုပ်တော့ ဦးဘုန်းထင်ကျော်က သူတို့မျိုးရိုးမှာ စိတ်ရောဂါရှင်တစ်ဦးမှ မရှိဘူးဆိုပြီးတားတယ်လေ။ ဒေါ်ခင်မျိုးမြတ်ကိုလည်း ကလေးကို ဖျက်ဆီးနေတာလို့ စွပ်စွဲတယ်။ ကလေးနဲ့ချည်း အချိန်ဖြုန်းနေလို့ ကလေးက မအေကို အချစ်ကြီး အစွဲလမ်းကြီး လာတာလို့ ပြောတယ်"

"အဲဒါနဲ့ ဒေါ်ခင်မျိုးမြတ်က ဘုန်းမြတ်မင်းကို ဘော်ဒါကျောင်းတစ်ကျောင်းမှာ ထားဖို့စီစဉ်တယ်။ ပတ်ဝန်းကျင်အသစ်ထဲရောက်သွားရင် ဘုန်းမြတ်မင်း စိတ်ပြောင်းသွားမှာပဲလို့ သူထင်တယ်လေ။ ဒါပေမယ့် သူလည်းသေရော ဦးဘုန်းထင်ကျော်က ဘုန်းမြတ်မင်းကို ဆရာဝန်နဲ့လည်း မကုပေးဘူး။ ဘော်ဒါလည်း မထားဘူး။ ဘုန်းမြတ်မင်းရဲ့ စိတ်ရောဂါဟာ လုံးဝမပျောက်ဘူး။ အဖေက ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကို ခုမှဖွင့်ပြောတာ..သူမှာ သက်သေ သာဓကလည်း မရှိတော့ အရမ်းလဲ မပြောရဲဘူးပေါ့လေ''

ရဲမှူးကြီး ဦးကျော်တင့်ကလဲ သူ့အထင်ကို ဝင်ပြောသည်။

''ဘုန်းမြတ်မင်းက သူအမေသူ့ကို စွဲသွားမှာစိုးလို့ သူ့အမေကို သတ်ပစ်ခဲ့ပေမယ့် သူဘဝမှာ သူ့အမေဟာ အရေးကြီးတဲ့ လူတစ်ယောက်ပဲဆိုတာ သိလိုက်ရတော့ သူ့အမေကို သူပြန်လိုချင်တယ်။ သူ့အမေကို ပြန်ပြီး ပိုင်ဆိုင်တယ် ကိုင်တွယ်ချင်တယ် ဒါမှပဲ သူအမေကို သတ်မိတဲ့ အပြစ်ဝေဒနာက သက်သာမယ်လို့ သူယူဆဟန်တူပါတယ်''

''အဲဒါနဲ့ပဲ သူက သူ့အမေအလောင်းကြီးကို ပြန်တူးပြီး တဲအိမ်မှာပဲ ထည့်ထားတယ်။ သူ့အမေကို အိပ်ရာထဲ ကောင်းကောင်း သိပ်တယ်၊ အဝတ်အစားလဲပေးမယ် သူ့အမေဘဝကို အသစ်ပြန်ပြီး ထူထောင်ပေးတယ်ဆိုပါတော့''

မေက မေးလိုက်သည်။ ရဲမှူးကြီးက ခေါင်းညိတ်ရင်း

''အဲလို သဘောပါပဲ''

''သူ ကျွန်မကို ဘာလို့ ဒီလောက်မုန်းနေပါလိမ့်။ ကလေးတွေကို ဘာကြောင့် နှိပ်စက်ချင်ပါလိမ့်''

''ဘုန်းမြတ်မင်းက ဆင်ခြင်တုံ့တရား လုံးလုံးကင်းမဲ့တဲ့ လူတစ်ယောက်ပါ ခင်ဗျားကို သူ့အမေနဲ့ ရုပ်တူလွန်းလို့ သူလက်ထပ်ယူခဲ့တာပါပဲ..နောက်ပြီး ခင်ဗျားက သူ့အမေနေရာကို အစားထိုးယူလို့ ခင်ဗျားကို သူမုန်းနေတယ်။ ပြီးတော့လဲ ခင်ဗျားသူ့ကို ချစ်တယ်ဆိုတာ သူမယုံဘူး ယုံလို့မရဘူး။ သူ့ကို လောကမှာ ဘယ်သူမှ ချစ်လို့ရမှာ မဟုတ်ဘူးလို့ သူထင်နေတယ်။ ခင်ဗျားကို သူစွန့်လွှတ်ရမှာကိုလဲ သိပ်စိုးရိမ်နေတယ်''

ကိုဇွဲမာန် ရှင်းပြတော့ မေ မျက်လုံးပြူးသွားသည်။

''ဒါဆို ကျွန်မသမီးလေးတွေကို သူသတ်လိုက်ပြီလား''

''ဒါကတော့ အတပ်ပြောလို့ မရသေးဘူးလေ...စဉ်းစားကြည့်ပါ..ဘုန်းမြတ်မင်းက ခင်ဗျား ခံဝန်လက်မှတ်ထိုးပေးပြီးတဲ့အခါ ခင်ဗျားကို သြဇာအာဏာအပြည့်နဲ့ သူ့လက်အောက်မှာ ချုပ်ကိုင်ထားဖို့ စိတ်ကူးထားပြီးသား သမီလေးတွေ မရှိရင် ခင်ဗျားကို သူဘယ်လို အကျပ်မကိုင်နိုင်ဘူး၊ ဒီတော့ခင်ဗျားနဲ့ ပြန်ပေါင်းဖို့၊ ပြန်တွေ့ဖို့ဟာ ဒီကလေးတွေ သူလက်ထဲမှာ ဘေးမသီရန်မခရှိဖို့ လိုမယ်လေ''

ရဲမှူးကြီးစကားကြားတော့ သူမအတန်ငယ် စိတ်သက်သာရာရသွား၏။ ထိုအခိုက်မှာပဲ တယ်လီဖုန်းလာသဖြင့် အား 'ဇတုန်သွား

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သူမဖုန်းကို ကဗျာကယာ ကောက်ကိုင်လိုက်၏။

"ဟယ်လို"

ကိုင်းများလား ကိုမင်းဖြစ်ပါစေ။

"ဟယ်လို.. မေကြီး"

ခရမ်း၏အသံဖြစ်၏။

"သမီး ခရမ်း"

ခရမ်း မသေသေးပါလား။

အမေက တစ်ဖက်မှ အသံကို အားလုံးကြားနိုင်စေရန် စပီကာခလုတ်ကို ဖွင့်လိုက်၏။

"ခရမ်း သမီးတို့ ဖေဖေနဲ့ နေရတာ ပျော်ကြရဲ့လား"

ခရမ်း နင်ဘယ်မှာလဲဟု အော်မမေးမိစေရန် သူမစိတ်ထိန်းလိုက်ရသည်။

"မေမေ မကောင်းဘူး၊ မနေ့ညက သမီးတို့အခန်းထဲ ဝင်လာပြီး စကားလည်း မပြောဘူး၊ မိုးပြာကိုလဲ စောင်ကြီးနဲ့ အတင်းဖိထားတယ်"

အို မလုပ်ပါနဲ့...ဘုရားကယ်တော်မူပါ။ သားလေးပြီးတော့ မိုးပြာလေးအလှည့်။

"မိုးပြာလေး တအားငိုတာပဲ"

"မိုးပြာလေးငိုတယ် ဟုတ်လားသမီး၊ မေမေ သူနဲ့ စကားပြောချင်တယ် သမီးတို့ကို မေမေသတိရတယ်"

ခရမ်းက ငိုပါလေတော့၏။

"သမီးလဲ မေကြီးကို သတိရတယ် သမီးတို့ဆီ မြန်မြန်လိုက်လာခဲ့"

"မေမေ...ဘာလို့..သမီးမျက်နှာပေါ် စောင်ကြီးနဲ့ဖိရတာလဲ မေမေ မကောင်းဘူး"

မိုးပြာလေးက ရှိုက်ကြီးတစ်ငင်နှင့် ပြောနေသည်။

"မေမေကို ခွင့်လွှတ်ပါကွယ်"

မေ အသံကို ထိန်း၍ပြောလိုက်၏။ မိုးပြာလက်ထဲမှ ဖုန်းကို တစ်စုံတစ်ယောက်က လက်ပြောင်းယူလိုက်သည်။ မိုးပြာက ကျယ်လောင်စွာငိုနေ၏။

"မေ...ကလေးတွေ အိပ်မက်မက်နေကြတာပါ၊ သူတို့လဲ ပိုယ့်လိုပဲ မင်းကို သတိရနေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်း... ရှင်ဘယ်မှာလဲ...ကျွန်မ ကတိပေးပါတယ် ကိုမင်းရယ်၊ ဟိုဝန်ခံချက်ကို ကျွန်မလက်မှတ်ထိုးပေးပါ့မယ်.. ဘယ်ဟာမဆို လက်မှတ်ထိုးပေးပါမယ့် ကျွန်မသမီးလေးတွေကို ပြန်ခေါ်လာပါ..ဘာမှ မလုပ်ပါနဲ့"

ရဲမှူးကြီးက သတိပေးသည့်အနေဖြင့် သူမပခုံးကို အသာလေး ညှစ်လိုက်သည်။

"ကျွန်မ..ကျွန်မမိသားစု၊ ကျွန်မသမီးလေးတွေနဲ့ အတူနေချင်တယ်၊ ကျွန်မတို့ မိသားစု တစ်ဖော်တစ်ပါး နေသွားရင် ဘယ်လောက်ကောင်းမလဲ ကိုမင်းရယ်"

"မင်း..ကိုယ့်ကိုပစ်ပြေးမလို့ မဟုတ်လား မေ မင်းကိုယ့်ကို ချစ်ချင်ယောင်ဆောင်ခဲ့တာပဲ"

"အိမ်ပြန်လာပါ ကိုမင်းရယ်၊ အေးအေးဆေးဆေး ပြောကြတာပေါ့"

"မေ..ကိုယ်မင်းဆီပြန်လာဖို့ စဉ်းစားလိုက်ဦးမယ်၊ မင်း အိမ်ထဲမှာပဲနေ အပြင်မထွက်နဲ့၊ တစ်နေ့နေ့ ကိုယ်ပြုန်းခဲ့တဲ့ တံခါးဖွင့် ဝင်လိုက်တာနဲ့ မင်းကို မြင်ချင်တယ်၊ ကိုယ်တို့မိသားစု ပြန်ဆုံတာပေါ့ ကဲ ဘယ်လိုလဲ"

"ဟုတ်ကဲ့...ကိုမင်း...ကျွန်မ ကတိပေးပါတယ်၊ ရှင့်ဆန္ဒ အတိုင်းဖြစ်စေရမယ်"

"မေကြီး သမီး မေကြီးနဲ့ စကားပြောချင်တယ်"

"ကလေးတွေက သူတို့အိပ်နေတုန်း အခန်းထဲ ခင်ဗျားဝင် လာတယ်လို့ ဘာကြောင့် ထင်ကြတာလဲ"

ရဲမှူးကြီးက မေးစေ်။

"ဘာလို့လဲဆိုတော့ ကျွန်မအဝတ်အစားသေတ္တာ သူ လက်ထဲပါသွားတာကိုး..ကျွန်မအဝတ်ကိုဝတ်ပြီး ကျွန်မအယောင် ဆောင်တာနေမှာပေါ့..ဆံပင်အတု တစ်ခုလဲသူမှာ ပါဦးမယ်။ ကလေး တွေ သိပ်အိပ်နေတဲ့အခါ သူတို့မြင်ချင်ရာ လျှောက်မြင်တတ်ကြတာပဲ ကဲ သူဘာဆက်လုပ်မယ် ထင်သလဲဟင်"

"ပြောလို့မရဘူး...သူ့ကို ခင်ဗျား မစွန့်ခွာဘူးလို့ သူ မျှော်လင့်ချက် ရှိသေးသမျှတော့ ကလေးတွေ အသက်ချမ်းသာရာ ရကြမှာပဲ"

"ဘုန်းမြတ်မင်းကို မကြာခင် တွေ့ရတော့မယ်နော်" ဒေါ်နွယ်နီက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်"

"ဘုန်းမြတ်မင်းကို သူ့မွေးနေ့ရောက်တိုင်း ခင်က ဒီအိမ်ကို ပြန်လာပါ့မယ်လို့ သူ့ကိုယ်ကို ကတိပေးခဲ့ဖူးတယ်၊ မနှစ်က သူ့ကို သတိမထားမိဘူးလား သူတစ်ခုခုကို လိုက်ရှာသလိုဖြစ်နေတယ်လေ"

"ဒီနှစ်လဲ သူ့မွေးနေ့ကျရင် ဒီအိမ်ကို အရောက်လာမယ်လို့ ရှင်ထင်လား"

"လာမှာပါ..တစ်နှစ်မှ သူမပျက်ကွက်ခဲ့ဘူး"

"ဒေါ်နွယ်နီ ကျွန်မကို ကူညီပါ၊ ဒီကိစ္စ ဘယ်သူမှ သွားမပြောပါနဲ့နော်၊ ဦးမှုန်ကိုတောင် မပြောပါနဲ့"

ဒေါ်နွယ်နီက ခေါင်းညိတ်ပြပြီး

"ကဲ..ကျွန်မတို့ သူ့ကို အတူထိုင်စောင့်ကြတာပေါ့ ဟုတ်လား"

ဤကိစ္စကို ကိုဇွဲမာန်ကိုပင် သူမဖွင့်မပြောရဲပါ။

ဘယ်သူ့ကိုမှလဲ သူမ မယုံတော့ပါ။

မတ်လ ၈ ရက်နေ့တွင် သူရောက်လာလိမ့်မည်။ သူမ တပ်အပ်သိသည်။ သူလာမည်ဖြစ်ကြောင်း ကိုဇွဲမာန်နှင့် ရဲမှူးကြီးတို့

သိမယ်ဆိုလျှင် မိုးမခခြံထဲ၌ ရဲများကို ကင်းပုန်းလာချထားကြမှာ သေချာသည်။

အဲလိုဆိုရင် ကိုမင်း သိသွားလိမ့်မည်။ ကိုမင်းက သိပ်အကင်းပါးတဲ့လူ။ သမီးနှစ်ယောက် အသက်ရှင်နေသေးသည်ဆိုလျှင် မိမိကိုယ်တိုင် သူတို့ကို လက်ထဲပြန်ရောက်အောင် ရယူရန် ဤအခွင့်အရေးသာ ရှိတော့သည်။

ဒီနေ့ ကိုမင်းမွေးနေ့။

ဒေါ်ခင်မျိုးမြတ် သေဆုံးခြင်း ၂၁ နှစ်ပြည့် နှစ်ပတ်လည်နေ့။ မိုးမခ စံအိမ်ကြီး မှောင်ကျနေလျှင် ကိုမင်းဝင်လာဖို့ ပိုအဆင်ပြေမည်ဟု မျှော်လင့်သည်။

ပထမဆုံး ဒီအိမ်ရောက်လာတဲ့ ညတလိုပင် သူမရေချိုး သည်။ စံပယ်ပန်းပွင့်လေးများကို ရေချိုးခွက်ထဲ ထည့်သုံးသည်။ အခန်းတစ်ခန်းလုံး စံပယ်ပန်းနံ့များ မွေးကြိုင်သင်းပုံ့နေသည်။ သူမ ဆံပင်ကို စံပယ်ပန်းနံ့ စွဲသွားရန် စံပယ်နံ့ပါတဲ့ ခေါင်းလျှော်ရည်ဖြင့် လျှော်ထားလိုက်သည်။

ပြီးတော့ ဒေါ်ခင်မျိုးမြတ်ရဲ့ စိမ်းပြာရောင် ညဝတ်ဂါဝန်ကြီးကို ဝတ်ပြီး အိပ်ခန်းပတ်လည် ကြည့်လိုက်၏။ အိပ်ခန်းထဲ၌

www.burmeseclassic.com

www.burmeseclassic.com

မည်သည့် အရာမှ နေရာမပြောင်းပဲ ရှိနေဖို့လိုသည်။ အားလုံ နဝိုမူလအတိုင်း ရှိရမည်။

စနစ်ကျပြီး စေ့စပ်တိကျလှတဲ့ ကိုမင်းရဲ့ စိတ်ဆန္ဒကို ဘယ်လို အရာမှ နှောင့်ယှက်၍ မဖြစ်နိုင်ပါ။

လိုက်ကာများကို အညီတည့်တည့်ဆွဲချ ထားလိုက်၏။

နောက်ဆုံး၌ သူမအိပ်ရာပေါ် လှဲနေလိုက်သည်။

နာရီစက်သံကို နားထောင်ရင်း အချိန်ကုန်အောင် စောင့်စား နေမိသည်။

တစ်နာရီပြီး တစ်နာရီ ကုန်ဆုံးသွားတယ်။

လာပါတော့ ကိုမင်းရယ်

အိမ်ပြန်လာခဲ့ပါတော့။

အကယ်၍ အိမ်ထဲကို သူရောက်လာလျှင် ဤစကြိုလမ်း အတိုင်း လျှောက်လာလျှင် သူကြိုက်သော သူစွဲလမ်းသော စံပယ်နံ့က သူ့ကို ဆွဲဆောင်ခေါ်လာပေလိမ့်မည်။

ယနေ့သည် သူမအဖို့ စိတ်လှုပ်ရှားဆုံး တုန်လှုပ်ချောက်ချား ဖွယ် အကောင်းဆုံးနေ့ကြီး ဖြစ်လိမ့်မည်။ ကုတင်မှထပြီး မှန်တင်ခုံ ရှေ့တွင် ထိုင်လိုက်မိသည်။ မှန်ထဲမှ မိမိရုပ်သွင်ကို ကြည့်လိုက်မိ

သည်။

ဘုရား··ဘုရား

ပါးချောင်နားချောင်ကျပြီး ဆံပင်များက ပခုံးကို ကျော်လွန်၍ ရှည်လျားစွာကျနေကြသည်။ မျက်လုံးများက ကြောက်စရာ ကောင်း လှသည်။ တစ္ဆေမနှင့် တူနေပြီး ဆံပင်ကို ကလစ်နှင့် ညှပ်တင်ထား သည်။

ဗြုန်းခနဲ မှန်ထဲ၌ ကိုမင်း မျက်နှာကြီး ပေါ်လာ၏။

သူမထိတ်ခနဲ တုန်သွားပြီး ကိုမင်း မျက်နှာကြီး ပေါ်လာ၏။ သူမထိတ်ခနဲ တုန်သွားပြီး နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက် သည်။ နောက် မျက်နှာထားကို အချိုသာဆုံး ပြောင်းလိုက်ပြီး

"ကိုမင်း····ရှင်ပြန်လာပြီနော် ကျွန်မ ရှင့်ကို မျှော်နေတာ"

ကိုမင်းက သူမကို ဘာမှမပြော စေ့စေ့ကြည့်နေ၏။

"ကျွန်မရှင့်ကို ဘယ်လောက်လွမ်းနေလဲ ဆိုတာ ရှင်သိရဲ့ လား"

ကိုမင်း မျက်နှာတင်းမာမှုများ အနည်းငယ်လျော့သွားသည်။ သူမဆီလျှောက်လာပြီး သူမပခုံးများကို ခပ်ဖွဖွ ကိုင်လိုက်၏။

"ကိုယ်လဲ မင်းကို လွမ်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်း...ကျွန်မ ဟိုဝန်ခံချက်မှာ လက်မှတ်ထိုးပြီးပြီ သိလား ကျွန်မကလေးတွေ ဘယ်မှာလဲဟင်"

သူမျက်နှာ ရုတ်ချည်းတင်းမာသွား၏။ နောက်ကို နှစ်လှမ်း လောက်ခန့် ဆုတ်လိုက်ပြီး..သူမနောက်မှ အမှောင်ထုကို ဖျတ်ခနဲ လှမ်းကြည့်ကာ

"အမေ .... မလုပ်နိုင်ဘူးနော်"

မေ နောက်ကို လှည့်မကြည့်ရဲ။ ကိုမင်းဟာ သူမနောက်မှ တစ်စုံတစ်ယောက်နှင့် လှမ်းပြောနေသည့်အလား

"အမေ့ကို စိတ်ကုန်အောင် လုပ်တာ မဟုတ်ပါဘူး၊ အမေ ခိုင်းသမျှ အမေစိတ်တိုင်းကျ ကျွန်တော် လုပ်ပေးခဲ့ပြီးပြီပဲ..ဒီ တစ်ခါတော့"

မေ ကြက်သီးတွေ တဖြန်းဖြန်းထလာသည်။ မျက်တောင် လေးတစ်ချက် နားရွက်လေး တဖျက်လှုပ်ရမှာကိုပင် သူမကြောက်နေ မိသည်။ နေရာတွင် တောင့်တောင့်ကြီးရပ်၍ ကိုမင်းကို ပြူးပြူးကြီး စိုက်ကြည့်နေမိသည်။

"ဟင့်အင်းဗျာ...ဟင့်အင်း ကျွန်တော်မလုပ်နိုင်ဘူး။ အမေ ကို ကလန်ကဆန်လုပ်နေတာ မဟုတ်ဘူး ကျွန်တော် တောင်းပန်ပါ တယ်"

ကိုမင်းက ပြောပြီးတာနှင့် ချာကနဲ ကျောခိုင်းကာ လှည့်ထွက် သွားသည်။

"ကိုမင်း"

မေက ခေါ်လိုက်သည်။ ကိုမင်း ခြေလှမ်းတုံ့သွားသည်။ တစ်ကိုယ်လုံး အကြောဆွဲသလို ဆက်ခနဲတုန်သွားပြီး သူခေါင်း တဖြည်းဖြည်းလှည့်လာသည်။

အို...ဘုရား ဘုရား

ကိုမင်း မျက်နှာသည် ကြောက်စရာကောင်းလောက်အောင် ခက်ထန်မာကျောနေ၏။ မျက်လုံးများ ဝင်းဝင်းတောက်နေသည်။

သူမဆီ တလှမ်းချင်း လှမ်းလာနေ၏။ သူ့ပုံစံက တစ်စုံ တစ်ရာ အန္တရာယ်ပေးတော့မယ်နှယ်.

"ငါတို့ကြားမှာ ဘယ်သူမှဝင်လို့ မရဘူး နင်ဟာ မိစ္ဆာမ။ နင်မရှိမှ အေးမယ်"

မေက ကြောက်လန့်တကြား နောက်ကို တဖြည်းဖြည်း ဆုတ်၍ ခန်းဆီးကြိုးနှင့် ကပ်မိသွားသည်။ သူမ ပြေးပေါက်မရှိ တော့..

တိုမင်း ပါးစပ်မှ ထူးဆန်းတဲ့ အသံတွေထွက်နေ၏။ ကူးလူး

www.burmeseclassic.com

www.burmeseclassic.com

ရှရှ ကျယ်ကျယ်လောင်လောင်ကြီး။

"တစ္ဆေမ..သရဲမ..ဟားဟား နင့်ကို ငါသတ်မယ်"

ရုတ်တရက် သူမဆီခုန်ဝင်ကာ သူမလည်ပင်းကို အားကုန်ဖိညှစ်လိုက်လေ၏။ ကိုမင်း သန်မာလှသော လက်ချောင်းများကြားမှ သူမရုန်းမရနိုင်အောင် ကိုမင်းက ဟားတိုက်ပြီး ရယ်နေ၏။

"မ....လုပ်...အ....အ"

သူမ လည်ပင်းမှ တင်းဆို့ကျပ်တည်းသော ဝေဒနာကို သေလုမျောပါး ခံစားနေရသည်။ အသက်ကောင်းကောင်း မရှုနိုင်တော့။ မကြာမီ သူမသေရတော့မည်....သမီးနှစ်ယောက်ရော..သေပြီလား။

ရုတ်တရက် ကိုမင်း ဆတ်ခနဲဖြစ်သွား၏။ နောက် သူ့နှုတ်ခမ်းမှ သွေးများစီးကျလာ၏။ သူမကို ဖျစ်ညှစ်ထားသော လက်များ တဖြည်းဖြည်း သွေးများစီးကျလာ၏။ သူမကို ဖျစ်ညှစ်ထားသောလက်များ တဖြည်းဖြည်း ပြေလျော့သွားသည်။ ကိုမင်း ခန္ဓာကိုယ်ကြီး မြေပေါ် ဘုံးခနဲလဲကျသွားသည်။

သူနောက်တွင်ရပ်နေသော ဒေါ်နွယ်နီကို ဘွားကနဲ မြင်လိုက်ရလေ၏။

ကိုမင်း၏ ကျောပေါ်တွင် ဓါးတစ်လက် ဆိုက်ဝင်နေ၏။

"အမလေး"

"ဒီဟာ..ဝတ်မှုန်ကိုယ်စား အကြွေးဆပ်တာ"

ဒေါ်နွယ်နီက အက်ကွဲသံကြီးနှင့် ရေရွတ်လိုက်သည်။

မေ ဒူးထောက်ထိုင်ချလိုက်၏။

"ကိုမင်း...ကလေးတွေ အသက်မှ ရှိသေးရဲ့လားဟင်"

သူ့မျက်လုံးများ မှုန်ရီနေသည်။ ခေါင်းညိတ်ပြသည်။

"အင်း"

"သူတို့ ဘယ်မှာလဲဟင် ကိုမင်း"

"ကားထဲမှာ"

ကိုမင်းက သူမလက်ကို ဖမ်းဆွဲလိုက်ပြီး

"ကိုယ့်ကို ခွင့်လွှတ်ပါ မေရယ်..ကိုယ်လုပ်တာ မဟုတ်ပါဘူး...မေရယ်၊ ကိုယ်မေ့ကို တကယ်နာကျင်အောင်လုပ်ဖို့ မရည်ရွယ်ပါဘူး"

သူ့မျက်လုံးများ သူမနောက်ကျောဘက်မှ အမောင်ထုဆီရောက်သွားသည်။

"အမေ..အမေ့နောက် ကျွန်တော်လိုက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com

သူမျက်လုံး မှိတ်လိုက်သည်။

သူ့တစ်ကိုယ်လုံး နောက်ဆုံးတစ်ကြိမ်တုန်ခါသွားပြီး မေ၏ လက်မောင်းကို ပြန်လွှတ်လိုက်လေသည်။

အရာအားလုံး ပြီးဆုံးသွားခဲ့ပါပြီ။

သို့သော် အဆုံးသတ်သွာသည်တော့ မဟုတ်။

BURMESE CLASSIC .com

သူမစိတ်ထဲ မရှင်းမလင်းဖြစ်ခဲ့ရာ အကြောင်းအရာတစ်ချို့ ကျန်ရှိနေဆဲ ဖြစ်သည်။

ဒေါ်ခင်မျိုးမြတ်ရဲ့ အလောင်းကို ပြန်လည်မြေမြှုပ်သဂြိုလ်ဖို့ လုပ်ကြတော့ မေ သတိထားမိလိုက်သည်။ ဒေါ်ခင်မျိုးမြတ် ဝတ်ထားသော အဝတ်အစားများနှင့် သဘက်ကြီးပင်။

ပန်းချီကားထဲအတိုင်း အဝတ်အစားမျိုးနှင့် စိမ်းပြာရောင် သဘက်ကြီးကို ခြုံထားသည်။

ဒေါ်ခင်မျိုးမြတ် အယောင်ဆောင်သော ကိုမင်း ကိုခဲ့တဲ့ သဘက်က အပြာရောင်သဘက်။

ညည ကလေးတွေ တွေ့လိုက်ရတယ်ဆိုသော ပန်းချီကားထဲက မိန်းမ၊ ဒေါ်နွယ်နီ တွေ့လိုက်တဲ့ ခင်

ဦးမှုန်တွေ့လိုက်ရတဲ့ ဒေါ်ခင်မျိုးမြတ်ဝတ်စုံမှာ ကိုမင်း ဝတ်နေကျ ဝတ်စုံနှင့် ဘာကြောင့် ခြားနားနေရပါသလဲ။

ပြဿနာတွေတော့ အားလုံးငြိမ်သွားခဲ့ပါပြီ။

ဒါပေမယ့် အဆုံးသတ်ခဲ့သည်တော့ မဟုတ်။

ညည..စကြိလမ်းမှာ လမ်းလျှောက်သံတွေ ကြားနေရဆဲ၊ စံပယ်ပန်းနံ့တို့ မွှေးမြနေဆဲ...တခါတရံမှာတော့ စိမ်းပြာရောင် သဘက်ကြီး ခြုံထားသည့် လူရိပ်သဏ္ဍာန်တွေ ရိပ်ခနဲ ဖျတ်ခနဲ မြင်တွေ့နေဆဲ။

တစ်စုံတစ်ရာက မေရဲ့စိတ်ကို အမြဲတစေ လာနိုးဆွနေ၏။

ပန်းချီကားထဲ၌ သူမအား ပြတင်းမှန်ချပ်နား မျက်နှာကပ်၍ ချောင်းကြည့်နေသော ကိုမင်း။

ထိုမြင်ကွင်းကို သူမ မေ့ပျောက်၍ မရနိုင်အောင် ရှိနေဆဲ ပါပေ။

အသကျော်စွာ

www.burmeseclassic.com